www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား
- ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# သိုက်ဖွား

# တရွှေလောင်းလှေကြီး

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဒေါ်မြတ်ချို့နွယ်အောင်<br>အိုးယွန်းယုဥ်စာပေ<br>အမှတ် ၅၈၊ မဇ္ဈိကဝတီလမ်း၊<br>စမ်းချောင်း၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျင်ရင်(ရွှေခြသေ့်)<br>၂၂၅၊ ၃၂ လမ်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ |
| ထုတ်ဝေခြင်း | - | စက်တင်ဘာလ၊ ၂၀၁၂ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၃၀၀ ကျပ် |

၈၉၅·၈၃

သိုက်ဖွား

တစ္ဆေလောင်းလှေကြီး / ရိရိဌေး
- ရန်ကုန် ၊ရိရိဌေးစာပေ၊ ၂၀၁၂။
(၂၀၈) စာ၊ ၁၂ × ၁၈ စင်တီ။
(၁) တစ္ဆေလောင်းလှေကြီး

# တစ္ဆေလောင်းလှေကြီး

## ပါဝင်သည့်အခန်းများ


အခန်း ၁။ တစ္ဆေလောင်းလှေကြီး

အခန်း ၂။ ညောင်မှတ်ဆိတ်ပင်အောက် တစ္ဆေခြောက်

အခန်း ၃။ ပေတဆေးဆရာ ပုံပြင်.

အခန်း ၄။ မောင်းတီးကျွန်းက မယ်နုဝါ

အခန်း ၅။ ကံဆိုးသူနှစ်ယောက် အချုပ်ထဲရောက်

အခန်း ၆။ ဖင်ပြွန်းကျွန်းက မြေပြိုတွင်းကြီးများ

အခန်း ၇။ ချစ်သူအတွက် အသက်ပင် သေသေ

အခန်း ၈။ မိုးပေါ်ကကျလာသည့် ကျောက်တုန်းကြီး

အခန်း ၉။ စိတ္တဇမေတ္တာရှင်

အခန်း ၁၀။ အဝေးဆုံးခရီးသို့


အိုးယွန်းယုဥ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)
## "တစ္ဆေလောင်းလှေကြီး"

သစ်ပင်ကြီးငယ်များနှင့် ညို့ညို့မှိုင်းမှိုင်း အုပ်ဆိုင်းနေသော ပင်လယ်ဒိတ်ရွာကြီး ထိုရွာကြီးသည် ပင်လယ်ဝနှင့် အနီးဆုံးအရပ်၌ တည်ရှိပြီး ပင်လယ်ဝသို့ထွက်ရန် မြစ်ကြီးတစ်စင်း၏ကမ်းနဘေးတွင် ရှိသည်။ ထိုမြစ်ကြီး၏အမည်မှာ တိုးမြစ်ကြီးဖြစ်သည်။ ထိုမြစ်ကြီးအတိုင်း ဆက်သွားလျှင် ပင်လယ်ဝသို့ရောက်ပေမည်။ ပင်လယ်ဝမှလွန်သော် ကြီးမားကျယ်ပြန့်သော ကပ္ပလီပင်လယ်ပြင်ကြီးဆီသို့ ရောက်ပေမည်။ ထိုရွာကြီးသည် ပင်လယ်ကြီးနှင့် အနီးဆုံးနေရာတွင်ရှိသဖြင့် ရွာသူရွာသားအများစုမှာ ရေလုပ်သားများဖြစ်ကြသည်။ အချို့မှာမူကား ရွာအနောက်ပိုင်းရှိ လယ်ယာများကို ထွန်ယက်စိုက်ပျိုးခဲ့ကြသည်။

ထိုရွာကြီး၏အနီး တစ်ပိုက်တွင် ရွာစဉ်တန်းများလည်းရှိသည်။ ထိုရွာကြီးတွင် သီးပင်၊ စားပင်၊ ပန်းပင်များ စုံလင်စွာ ရှိသကဲ့သို့ ဤရွာစဉ်တန်းနှင့် အနီးတစ်ပိုက်ရှိ ကျွန်းကြီး၊ ကျွန်းငယ်များ၌





လည်းကောင်း၊ ပင်လယ်ပြင်၌လည်းကောင်း၊ လွမ်းမောဖွယ် တမ်းတဖွယ်၊ အံ့ဩဖွယ်ကောင်းသည့် ဇာတ်လမ်းများစွာဖြစ်ပျက်ခဲ့သည်။ တစ်ရံတစ်ခါ၌ အံ့ဩဖွယ်အတိပြီးသော ဖြစ်ရပ်ဆန်းများလည်း ပေါ်ပေါက်လာခဲ့ပါသည်။ တစ်ချို့ဖြစ်ရပ်မှာ ရှေးနှစ်ပေါင်းများစွာက ဖြစ်ခဲ့ဖူးသည်ဟုဆိုသဖြင့် ဒဏ္ဍာရီလိုလို ပုံပြင်လိုလို ဇာတ်လမ်းပေါင်းများစွာလည်း ရှိခဲ့ဖူးပါသည်။

ထိုထူးဆန်း အံ့ဩဖွယ်ဖြစ်ရပ်ဆန်းများအနက် ယခုဖော်ပြမည့် "တစ္ဆေလောင်းလှေကြီး" အကြောင်းနှင့်ပတ်သတ်၍ ရှေးလူကြီးများ ပြောဆိုခဲ့သည့် စကားရပ်မှာ ...

"တရားဟောတာ နားထောင်ပါ၊ နိဗ္ဗာန်ရောက်နိုးနိုး"
"ဆေးစာဖတ်ရာ နားထောင်ပါ၊ ရောဂါပျောက်နိုးနိုး"
"သိုက်စာဖတ်ရာ နားထောင်ပါ၊ ဥစ္စာရနိုးနိုး"

ဟူ၍ နိုး(၃)ပါးကို ပြောလေ့ရှိပါသည်။

ထိုနိုး(၃)ပါးတွင် တစ်ပါးထပ်တိုးရမည့် အကြောင်းတစ်ခု ရှိပါသည်။ ဤသည်မှာ ရွာစဉ်တန်းတစ်လျှောက်လုံးရှိ ရွာများနှင့် ပင်လယ်ဒိတ်ရွာ အပါအဝင်၌ နေထိုင်ကြသည့် ရွာသူရွာသားများအတွက် ရှေးလူကြီးများ ထားရစ်ခဲ့သည့် နိုးတစ်ပါးဖြစ်သည်။

ဤနိုးတစ်ပါးမှာ ...

"သာသနာနှစ်ဝက်ကျော် လောင်းလှေကြီး တစ်စင်းပေါ်လတ္တံ့"
"ထိုလောင်းလှေမှာ ရွှေငွေအပြည့်ပါ ဦးသူသွားရောက်ယူကြပါ"
"ကလေးငိုလည်း လှည့်မကြည့်နဲ့"
"ထမင်းအိုးဆူလည်း လှည့်မကြည့်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အပြေးယှူမှ ကိုယ်တိုင်ရ"

ဤသို့ပစ္စည်းနှင့်ဆိုင်သော နိုးတစ်ပါးဖြစ်သည်။

ထို့ကြောင်လည်း ထိုဒဏ္ဍာရီကလေးကို ကြားရသူတိုင်းသည် သိုက်စာဖတ်ရာ နားထောင်ပါ၊ ဥစ္စာရနိုးနိုးဟု ဆိုသကဲ့သို့ ရှေးလူကြီး စကားနာကြားပါ၊ ဥစ္စာရနိုးနိုး ဖြစ်ခဲ့သည်။ ဤဒဏ္ဍာရီကလေးကို ချစ်ဦးငယ်ငယ်ကပင် မိခင်ကြီးကပြောသဖြင့် ကြားဖူးခဲ့သည်။

ဤအံ့ရပ် ဤဒေသမှာ ရှေးအခါက မွန်တိ၊ မွန်ည၊ မွန်စစသော မွန်(၃)ရပ်တို့၏ နေထိုင်ရာဒေသဖြစ်ပြီး မွန်ဘုရင်များ ထီးနန်းစိုက်ရာအရပ်ဖြစ်သည်။ သစ်တောကြီးများ ထူထပ်စွာပေါက်ရောက်သဖြင့် သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်တို့ ပေါများသောကြောင့် ဟင်းစားအတွက် မပူပင်ရပေ။ ထို့အပြင် မြေဆီလွှာများ ကောင်းမွန်သဖြင့် လယ်ယာကိုင်းကျွန်းများတွင် စပါး အစရှိသော စားပင်၊ သီးပင်များ ကောင်းမွန်စွာ စိုက်ပျိုးနိုင်သည်။ ပင်လယ်နှင့်နီးကပ်ခြင်း မြစ်ချောင်း၊ အင်းအိုင်ပေါများသည့်အတွက် ငါး၊ ပုဇွန်၊ ဂဏန်းစသော ရေသတ္တဝါများကို အလွယ်တကူ ဖမ်းဆီးနိုင်သဖြင့် စားသောက်ဖွယ်ရာ အစားအစာအတွက် မပူပင်ရပေ။

ထို့ကြောင်း ထိုနေရာတွင် မွန်ဘုရင်ကြီးသည် "**ဒေးဟံသာတိုင်းပြည်**"ဟု သမုဒ်ကာ ထီးနန်းစိုက်၍ စိုးစံနေခဲ့သည်။ ဒေးဟူသော အဓိပ္ပါယ်မှာ များပြားခြင်းဖြစ်ပြီး ဟံသာဆိုသည်မှာ ဟင်္သာငှက်ဟု အဓိပ္ပါယ်ရသည်။ ဤတိုင်းပြည်မှာ ဟင်္သာငှက်များစွာရှိသော တိုင်းပြည်ဟု အမည်ရသည်။ ထိုမင်းကြီးတွင်တစ်ဦးတည်းသော သမီးတော်ရှိပြီး သူမ၏





အမည်မှာ "**မြစိမ်းရောင်ဒေဝီ**" ဖြစ်သည်။

ထိုမင်းသမီးလေး အရွယ်ရောက်လာသောအခါ ကောင်းခြင်းငါးပါးနှင့်ပြည့်စုံပြီး လွန်စွာချောမောလှပသဖြင့် မြစိမ်းရောင်ဒေဝီကလေး၏ အလှမှာ အတိုင်းတိုင်း အပြည်ပြည်အထိ ထင်ရှားကျော်ကြားခဲ့သည်။

အလွန်တရာ ချောမောလှပသော မင်းသမီးလေးကို ဖခမည်းတော်မင်းကြီးက ချစ်လှသဖြင့် တပင်တိုင်မြနန်းဆောင်၌ ထားခဲ့သည်။ မင်းသမီးလေးမှာ အဆောင်တော်၌ ရံရွေတော်များစွာဖြင့် စံစားကာ လိုလေးသေးမရှိအောင် နေခဲ့ရသော်လည်း အချိန်ကြာမြင့်လာသောအခါ ပျင်းရိလာခဲ့သည်။

"သခင်မလေးဟာ အခုလို တပင်တိုင်မြနန်းမှာ ရံရွေတော်တို့နဲ့ နေရပေမယ့် မပျော်ရွှင်ဘူး"

"ဒါဆိုရင် ဘယ်လိုလုပ်မှ ပျော်ရွှင်မှာလဲ သခင်မလေး"

"ဒီမြစ်ရိုးတစ်လျှောက် ဖောင်တော်စီးပြီး ရှုခင်းတွေကို ရှုစားရရင် ကောင်းမှာပဲ"

"မှန်ပါသခင်မလေး ဖောင်တော်စီးရမယ်ဆိုရင် ရွှေစာလည်း လိုက်ချင်ပါတယ်"

"ဒါဆိုရင် ဖခမည်းတော်ဆီကို အခစားဝင်ပြီး ပြောပြမှပဲ"

"မှန်ပါ သခင်မလေး"

ရွှေစာက ဝမ်းသာအားရ လျှောက်တင်လိုက်သည်။ ရွှေစာဆိုသူမှာ မြစိမ်းရောင်မင်းသမီးလေး၏ ရံရွေတော်တစ်ဦးဖြစ်ပြီး သူမနှင့်



www.burmeseclassic.com

www.burmeseclassic.com



အရင်းနီးဆုံးသောသူ တစ်ဦးဖြစ်သည်။ ရွှေစာကလည်း မင်းသမီးလေးနည်းတူ အဆောင်တော်ပေါ်တွင်နေရသဖြင့် ပျင်းရိနေသည်။ မြစိမ်းရောင် မင်းသမီးလေးသည် ဖခမည်းတော်ထံ၌ အခစားဝင်ရောက်ကာ . . .

"ခမည်းတော်ဘုရား သမီးတော်ဟာ မြစ်ရိုးတစ်လျှောက် ရွှေဖောင်တော်စီးပြီး ရှုခင်းတွေကို ရှုစားချင်ပါတယ်ဘုရား"

"သမီးတော်လေးဟာ အဆောင်ပေါ်မှာ စံစားရတာ ပျင်းရိနေပြီနဲ့တူတယ်"

"မှန်ပါဘုရား"

"အခုလို မိုးကာလလွတ်ကင်းပြီး နေသာတဲ့ရာသီဖြစ်လို့ နေ့ကောင်းနေ့မြတ်ရွေးပြီး ရွှေဖောင်တော်စီးစေဗျား"

မြစိမ်းရောင် မင်းသမီးလေးမှာ ငယ်ရွယ်သူပီပီ ဝမ်းသာအားရဖြစ်သွားခဲ့သည်။ ထို့နောက်နေသာသော နံနက်ခင်းတွင် . . .

မင်းသမီးလေးမှာ ရွှေစာအစရှိသော ရံရွှေတော်များနှင့် စစ်သည်ရဲမက်များ ခြံရံလျှက် မြစ်ရိုးတစ်လျှောက် ရွှေဖောင်တော်စီးကာ ခရီးထွက်ခဲ့သည်။

နေရောင်ခြည် နုနုကလေးသည် မြစ်ရေပြင်ပေါ်သို့ ကျရောက်ရာ မြစ်ရေပြင်ရှိ လှိုင်းကြပ်ခွပ်ကလေးများသည် ရွှေရောင် ငွေရောင်တို့ဖြင့် တဖျပ်ဖျပ်တောက်ပနေသည်။

မြစိမ်းရောင်မင်းသမီးလေးမှာ ဤသို့သော လှပသည့် ရှုခင်းရှုကွက်များကို တွေ့မြင်ရသည့်အတွက် နှလုံးစိတ်ဝမ်း၌ ကြည်မွေ့သော ပီတိအဟုန်တို့ဖြစ်ပေါ်နေပါသည်။





"ရွှေစာရယ် ဟိုမှာကြည့်စမ်းပါဦး ရေပြင်ကျယ်ကြီးရယ် ငှက်ကလေးတွေ ပျံဝဲနေတာတွေရယ် ပေဒါပန်းကလေးတွေပွင့်နေတဲ့ ဒိုက်တွေမျောနေတာကို ကြည့်ရတာ သခင်မဖြင့် အရမ်းကြည်နူးတာပဲ"

"မှန်ပါတယ် သခင်မလေးရယ် လေပြေအေးကလေးတွေကလည်း တိုက်ခတ်နေတော့ ရင်ထဲမှာ အေးမြပြီး လန်းဆန်းသွားတာပဲ"

သခင်မလေးနှင့် ရွှေစာတို့မှာ တစ်ဦးနှင့်တစ်ဦး ကြည်နူးစွာ စကားပြောရင်း ဖောင်တော်ဖြင့် လိုက်ပါလာခဲ့ကြသည်။ မြစ်၏ ကမ်းစပ်တစ်ဖက်တစ်ချက်ရှိ ရွာသူရွာသားများကလည်း ဖောင်တော်ဖြင့် လှည့်လည်လာသည်ကို တွေ့ရှိရသဖြင့် အတူးအဆန်းသဖွယ် ထွက်ကြည့်ခဲ့ကြသည်။ ထို့နောက် သခင်မလေး၏ ဖောင်တော်မှုန်းသိသဖြင့် လက်အုပ်မိုးရှိခိုးခစားခဲ့ကြသည်။

ရာသီဥတုကလည်း သာယာသည်။ မြင်ပြင်ရှိ ရေပြင်ကလည်း တည်ငြိမ်သည့်အတွက် သခင်မလေး၏ ခရီးစဉ်မှာ တစ်လျှောက်လုံး သာယာဖြောင့်ဖြူးနေသည်။ သို့ဖြင့် ခရီးဆက်ခဲ့ရာ ပင်လယ်ဝအနီးသို့ ရောက်ရှိလာခဲ့သည်။

ဤတွင် ဖောင်ကိုဦးစီးကွပ်ကဲသော ဖောင်တော်ဝန်မှ မြစိမ်းရောင် သခင်မလေးအား . . .

"သခင်မလေး . . . ရှေ့ဆက်သွားရင် ပင်လယ်ဝကို ရောက်ပါလိမ့်မယ်ဘုရား။ သည့်အတွက်ကြောင့် ဤနေရာမှပင် ပြန်လှည့်သင့်ပါသည်။"

"ဘိုးဘိုး သခင်မလေးဟာ ပင်လယ်ဝကို တစ်ခါမှ မရောက်



www.burmeseclassic.com

www.burmeseclassic.com



ဖူးဘူး ပင်လယ်ဝကို ရောက်ရုံလောက်တော့ သွားချင်တယ်။ ပင်လယ်ဝ ကနေပြီး ကျယ်ပြန့်တဲ့ ပင်လယ်ကြီးကို ကြည့်ချင်တယ်"

"ပင်လယ်ဝဆိုတာ ဒီမြစ်ပြင်လိုရေဟာ မတည်ငြိမ်ပါဘူး။ ချက်ချင်းဆိုသလို လှိုင်းကြီးနိုင်ပါတယ် ဘုရား"

"ဘိုးဘိုးကလည်း ခမည်းတော်ဆီက ခွင့်ပြုဖို့ဆိုတာ မလွယ်တူး။ ဒီတစ်ခါရပြီးရင် ဘယ်တော့မှ ထပ်ရမယ်ဆိုတာ မပြောနိုင်ဘူး"

"သခင်မလေး နားလည်ပေးပါ အန္တရာယ်ရှိနိုင်လို့ တားရတာပါ ဘုရား"

"ဒါဆိုရင် ပင်လယ်ဝကို လှမ်းမြင်ရတဲ့နေရာအထိပဲသွားမယ်။ ဒါကိုတော့ ဘိုးဘိုးလိုက်လျောရမယ်"

"ကောင်းပါပြီ ဘိုးဘိုး"

ဖောင်တော်ဝန်နှင့် သခင်မလေးတို့မှာ အပေးအယူတည့်သွားပြီး ပင်လယ်ဝအနားသို့ ဖောင်တော်ကို လှော်ခတ်သွားခဲ့သည်။

ထိုအခိုက်တွင် ...

ပင်လယ်ဝမှ မြစ်ကြောင်းအတိုင်း စုန်ဆင်းလာသော လှေကြီး တစ်စင်းကို တွေ့လိုက်ရသည်။ ထိုလှေကြီးသည် ပင်လယ်ဝမှ တဖြည်းဖြည်း စုန်ဆင်းလာရာ ပင်လယ်ဝနှင့် မလှမ်းမကမ်းနေရာတွင် ဖောင်တော်ကြီးကို လှမ်းတွေ့လိုက်ရသဖြင့် ...

"အလို ... ရွှေရောင်အဆင်တန်ဆာတွေနဲ့ ဖောင်တော်ကြီး ပါလား မင်းခန်းမင်းနား အပြည့်အစုံပါဝင်ပြီး စစ်သည်ဗိုလ်ပါတွေနဲ့ ထွက်လာတာဆိုတော့ မင်းကြီးရဲ့ ဖောင်တော်များလား"





လှေကြီးပေါ်တွင် လိုက်ပါလာသော မင်းသားလေး သီဟစကြာမှာ ဤသို့တွေးထင်ရင်း လှမ်းကြည့်နေခဲ့သည်။ မင်းသားလေး သီဟစကြာသည် ကျခတ်ဝရံတိုင်းပြည်၏ မင်းသားလေးဖြစ်သည်။ သူသည် ကုန်သည် လှေများဖြင့် မာလာယုကျွန်းသို့ လိုက်ပါသွားခဲ့သူဖြစ်သည်။

ထိုစဉ်က ကျခတ်ဝရံတိုင်းပြည်နှင့် မာလာယုကျွန်းတို့မှာ ကုန်ရောင်းကုန်ဝယ် ပစ္စည်းဖလှယ်ခြင်းစသော ကုန်သွယ်မှုလုပ်ငန်းများ ရှိခဲ့ကြသည်။ ကျခတ်ဝရံ မင်းသားလေးသည် ရုပ်ဖျက်၍ ကုန်သည်များ နှင့်အတူ မာလာယုကျွန်းသို့ လိုက်ပါသွားကာ ထိုကျွန်း၏ အခြေအနေ များကို လေ့လာခဲ့ခြင်းဖြစ်သည်။

မင်းသားလေးသည် ဤမြစ်ကြောင်းမှတဆင့် ကျခတ်ဝရံ တိုင်းပြည်သို့ ပြန်လာခဲ့ရာ ယခုကဲ့သို့ ဖောင်တော်ကိုတွေ့မြင်ခဲ့ခြင်း ဖြစ်သည်။ ဘုရင့်ဖောင်တော်ကိုတွေ့သဖြင့် ကုန်သည်လှေကြီးမှာ မြစ်ကမ်း နဘေးတွင် ရပ်တံ့ကာ အရိုအသေပေးခဲ့သည်။

မင်းသားလေး သီဟစကြာတို့၏ လှေကြီးမှာ ရပ်တံ့နေစဉ် သခင်မလေး၏ ဖောင်တော်က ရှေ့ဆက်သွားသဖြင့် ဖောင်တော်ပေါ်၌ ပါရှိသော မြစိမ်းရောင်မင်းသမီးလေးကို လှမ်းမြင်တွေ့လိုက်ရသည်။

"ဟာ ... မင်းသမီးလေးတစ်ပါးပါလား"

"မင်းသမီးလေးက အလွန်ချော အလွန်လှလိုက်တာ ရွှေရုပ် ကလေး တစ်ရုပ်လိုပဲ"

မင်းသားလေးမှာ လွန်စွာချောမောလှပသည့် မင်းသမီးလေးကို ငေးမောကြည့်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

ထိုနေရာမှာ ပင်လယ်ဝသို့ လှမ်းမြင်နေရသော နေရာဖြစ်သဖြင့်

"သခင်မလေး ... ဒီနေရာဟာ ပင်လယ်ဝကို မြင်နေရပါပြီ။ ဒါကြောင့် ပြန်လှည့်သင့်ပါပြီဘုရား"

"ကောင်းပါပြီ ဘိုးဘိုး ပြန်လှည့်ပါတော့၊ ဒါပေမယ့် ဖောင်တော်ကို ပြန်မလှည့်ခင် ဒီရေပြင်ကို လက်တော်နဲ့ ပုတ်ခတ်ကစားချင်ပါတယ်"

ထိုသို့ဖြင့် ပြောပြောဆိုဆို ထိုင်ရာမှထကာ ဖောင်တော်ဦးဆီသို့ သွားပြီး ရေကိုလက်ဖြင့် ပုတ်ခတ်ကစားစဉ် ...

"ဝုန်း"

"အမလေး"

မြစ်ဆုံတွင်နေသော မိကျောင်းကြီးသည် သခင်မလေး၏ လက်ကို အစာမှတ်ပြီး ခုန်ဟပ်လိုက်ရာ သခင်မလေး၏ လက်ကိုမမိချေ။ "ဝုန်း" ဟူသော ကျယ်လောင်သော အသံကြီးနှင့်အတူ မိကျောင်းကြီး၏ ဦးခေါင်းမှာ ရေပေါ်တွင် ရုတ်တရက်ပေါ်လာရာ ...

မင်းသမီးလေးမှာ လွန်စွာကြောက်လန့်ပြီး "အမလေး"ဟူသော အသံနှင့်အတူ ရေထဲသို့ ထိုးစိုက်၍ ကျသွားခဲ့သည်။

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသည်။

မိကျောင်းကြီး၏ ဦးခေါင်းကလည်း ပေါ်အလာ ...

မင်းသမီးလေးကလည်း ရေထဲသို့ ဦးစိုက်ထိုးအကျ ...

ရံရွှေတော်ရွှေမိမှာ မျက်စေ့များပြာသွားပြီး ရုတ်တရက် ကြက်သေသေသွားခဲ့သည်။





"လုပ်ကြပါဦး ... သခင်မလေး ရေထဲကျသွားပြီ"

နောက်မှ သတိရကာ ဤသို့အော်လိုက်သည်။

ထိုအဖြစ်အပျက်ကို အစအဆုံးမြင်နေရသော မင်းသားလေးမှာ မင်းသမီးလေးအတွက်များစွာ စိတ်ပူသွားပြီး ချက်ချင်းပင် ...

"ဝုန်း"

ရေထဲသို့ ခုန်ချသွားပြီး မင်းသမီးလေးကို လိုက်ရှာခဲ့သည်။ မင်းသမီးလေး ရေထဲကျသွားသည့်အတွက် မိကျောင်းကလည်း မင်းသမီးလေးဆီသို့အလာ ...

သူကလည်း မင်းသမီးလေးကို လျှင်မြန်စွာ ပွေ့ချီလိုက်ပြီး ရွှေဖောင်တော်ပေါ်သို့ တင်ပေးလိုက်သည်။ ရှေးဘဝအဆက်ဆက်က ချခဲ့ဖူးသည့် ချစ်ပန်းကြောင့် သူ၏တစ်ကိုယ်လုံးမှာ ဓါတ်လိုက်သကဲ့သို့ ကျင်တက်သွားခဲ့သည်။

"ဟင် ... ငါဘယ်လိုဖြစ်သွားတာပါလိမ့်"

မင်းသားလေးမှာ ထူးခြားသော အတွေ့အထိကြောင့် လွန်စွာ အံ့သြသွားခဲ့သည်။ သို့သော် မိကျောင်းအန္တရာယ်က ရှိသေးသဖြင့် နှိမ်နင်းရန် ရေထဲသို့ ဆင်းလိုက်သည်။ သူ့ထံတွင် အသင့်ယူဆောင်လာသော ဓားမြှောင်ဖြင့် မိကျောင်းကြီးကို တိုက်ခိုက်ရာ ရေဘုရင် မိကျောင်းကြီးနှင့် သူတစ်ပြန် ကိုယ်တစ်ပြန် ပြင်းထန်စွာ တိုက်ခိုက်နေကြသည်။

သူမသည် အဝတ်လဲပြီးနောက် သူမ၏ ကယ်တင်ရှင်မှာ ရေအောက်၌ မိကျောင်းနှင့် တိုက်ခိုက်နေသည့်အတွက် ရတက်မအေးနိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ကြီးစွာဖြင့် ရေပြင်ကိုလှမ်းကြည့်နေခဲ့သည်။ မကြာမီ အချိန်တွင် ရေပြင်ပေါ်သို့ သွေးကွက်ကြီးများ ပေါ်ပေါက်လာခဲ့သည်။

"ဘုရား ... ဘုရား ... ငါ့ကိုကယ်လိုက်တဲ့ သူရဲကောင်းရဲ့ သွေးကွက်တွေလား၊ သူ့ကို မိကျောင်းကိုက်လို့ သေသွားပြီလား"

ဤသို့ တွေးတောပြီး စိတ်မချမ်းသာစွာ ရေပြင်ကို စူးစိုက်ကြည့်နေခဲ့သည်။

ထိုစဉ် ...

မိကျောင်းကြီးနှင့် ထိုလူမှာ အတူတူရေပေါ်သို့ ပေါ်လာခဲ့သည်။ သို့သော် မိကျောင်းကြီးမှာမူကား ရင်ပတ်တွင် ဓားနှင့်ခွဲထားခြင်း ခံရသဖြင့် ရင်ဘတ်ဝမ်းပိုက်တို့ပွင့်နေပြီး သွေးများဖြိုင်ဖြိုင် ကျနေခဲ့သည်။

"ဟင် ... တော်ပါသေးရဲ့ ငါ့ရဲ့ ကျေးဇူးရှင်က မိကျောင်းကြီးကို နိုင်သွားပြီ"

မင်းသမီးလေးမှာ သူ့ကိုတွေ့မှ စိတ်အေးသွားတော့သည်။ ဤတွင် ရဲမက်အချို့မှာ ရေထဲသို့ခုန်ဆင်းပြီး မိကျောင်းကြီးကို ကမ်းစပ်သို့ သယ်ဆောင်သွားခဲ့သည်။ ထို့နောက် မင်းသားလေးအား ဖောင်တော်ပေါ်သို့တက်ရန် မင်းသမီးလေးက အမိန့်ပေးလိုက်ရာ မင်းသားလေးသည် ဖောင်တော်ပေါ်သို့ တက်လာခဲ့သည်။

"မောင်မင်း အမည်နာမကို ပြောပါ"

"ကိုစကြာပါ"

"ဘယ်အမျိုးဘယ်အနွယ်လဲ"

"ကုန်သည်မျိုးရိုးဖြစ်ပါတယ်"





မင်းသားလေးသည် ရုပ်ဖျက်ကာ သွားလာနေသည့်အတွက် သူ၏ဘဝအမှန်ကို မသိစေချင်သောကြောင့် ကုန်သည်ဟူ၍ ဥပါယ်တမည်ဖြင့်သာ ပြောခဲ့ခြင်းဖြစ်သည်။

သို့သော် မင်းသမီးလေးမှာ ကုန်သည်ဟုပင် မှတ်ထင်၏ကာ ...

"အသင်ဟာ သခင်မလေးရဲ့ အသက်ကို ကယ်တင်ခဲ့တဲ့အတွက် သခင်မလေးရဲ့ အသက်သခင် ကျေးဇူးရှင် ဖြစ်ပေတယ်"

"မခံယူဝင့်ကြောင်းပါ သခင်မလေး"

"ကျေးဇူးရှင်ဖြစ်တဲ့အတွက် ဆုတော်လာဘ်တော်အဖြစ် သခင်မလေးရဲ့ နဝရတ်လက်စွပ်ကို ချီးမြှင့်တော်မူလိုက်တယ်"

ဤသို့ပြောဆိုပြီး နန်းတော်တံဆိပ်ခတ်နှိပ်ထားသော နဝရတ်လက်စွပ်ကို ဆုလာဘ်အဖြစ် ချီးမြှင့်လိုက်သည်။

ထိုအခါ ... မင်းသားလေးက ကောင်းစွာခံယူပြီး ...

"ကျေးဇူးအထူးပင်ဘင်ပါသည် သခင်မ"

ဤသို့ပြန်ပြောလိုက်သည်။

"အသက်သခင်ကျေးဇူးရှင် ကိုစကြာ အသင့်အား ဆုတော်လာဘ်တော်များ ပေးသနားလိုသည့်အတွက် ဤနန်းတော်တံဆိပ်ခတ်နှိပ်ထားသော နဝရတ်လက်စွပ်ကိုပြ၍ နန်းရင်ပြင်သို့ လာခဲ့လော့"

"မှန်ပါ သခင်မလေး"

ထိုသို့ပြောဆိုပြီးနောက် မင်းသားလေးသည် သူ၏ လှေကြီးဆီသို့ ပြန်လာခဲ့သည်။

မကြာမီ ...



www.burmeseclassic.com

www.burmeseclassic.com



သခင်မလေး၏ ဖောင်တော်သည် ဤနေရာမှ ပြန်လှည့်ကာ မြစ်ကြောင်းအတွင်း စုန်ဆင်းသွားခဲ့သည်။ မင်းသားလေး သီဟစကြာသည် ဖောင်တော်ကြီးပေါ်၌ပါသွားသော မင်းသမီးလေးကို မမှိတ်မသုန်သော မျက်စိဖြင့် လှမ်းကြည့်နေသည်။ ထိုစဉ် သူ၏ရင်ထဲတွင် နှလုံးခုန်သံ မြန်လာပြီး တဒုတ်ဒုတ် ခုန်နေသည်။ အမျိုးအမည်မသိသော ဝေဒနာ တစ်မျိုးကို ခံစားလိုက်ရသည်။

"သခင်မလေးရယ် ... ဒီလိုရင်ခုန်မှုမျိုး တစ်ကြိမ်တစ်ခါမှ မခံစားခဲ့ရပါ။ ကျွန်ုပ်မင်းသားလေး သီဟစကြာသည် သခင်မလေးကို မြင်မြင်ချင်းပင် ချစ်မိလေပြီ"

ဤသို့ ရေရွတ်မြည်တမ်းကာ ဖောင်တော်ကို မျက်စေ့တစ်ဆုံး ကြည့်နေခဲ့သည်။ ဖောင်တော်ကို မမြင်ရသောအခါမှ နဝရတ်လက်စွပ်ကို ကြည့်ကာ ...

"သခင်မလေးဆီကို တစ်နေ့နေ့မှာ အရောက်လာခဲ့ပါမည်"

ဤသို့ပြောပြီးနောက် လှေကြီးကို ဤနေရာမှ စတင်ထွက်ခွာ လာခဲ့သည်။

မင်းသားလေးသည် ကျခတ်ဝရံတိုင်းပြည်သို့ ပြန်ရောက် သော်လည်း မြစိမ်းရောင်မင်းသမီး၏ မျက်နှာလေးကို စွဲလမ်းကာ နေ့စဉ် သတိရလွမ်းဆွတ် နေခဲ့သည်။ သူသည် နဝရတ်လက်စွပ်ကိုပြပြီး မင်းသမီးလေးနှင့် တွေ့ဆုံရန် အကြိမ်ကြိမ် စဉ်းစားမိသည်။

သို့သော် ထိုသို့တွေ့လျှင် မင်းသားလေးအား နေရပ်ဌာနီနှင့်





အမျိုးအနွယ်ကို မေးမြန်းမည်။ မင်းသားလေးကို သူမ၏ တိုင်းပြည်မှ ကုန်သည်တစ်ယောက်ဟု သိထားသည်။ မင်းသားလေးမှာ ကျခတ်ဝရံ တိုင်းပြည်မှဖြစ်၍ မည်သို့မျှ အမှန်ကိုပြော၍ မဖြစ်နိုင်ပေ။ အခြား တိုင်းပြည်မှ မင်းသားတစ်ပါးဖြစ်သည်ဟုဆိုလျှင် မင်းခန်းမင်းနားဖြင့် သွားရပေမည်။ ထို့ကြောင့် မည်သို့မျှ ချက်ချင်းသွားရောက်ရန် မဖြစ်နိုင် သဖြင့် အချိန်ကောင်း အခါကောင်းကို စောင့်စားရင်း သခင်မလေးကို တမ်းတနေခဲ့သည်။

မြစိမ်းရောင် မင်းသမီးလေးအဖို့မှာ အပျိုစင်ဘဝဖြင့် တစ်ပင်တိုင်မြနန်းတွင် ယင်ဖိုမျှမသန်းအောင် နေခဲ့ရသော်လည်း ရေထဲကျသွားစဉ် အမျိုးသားတစ်ယောက်၏ ရင်ခွင်ဝယ် အနိုက်အတံ့ နေခဲ့ရသည်။ ထိုအခိုက် ရှေးရှေးဘဝက အတူပြုခဲ့ဖူးသည့် ရှေးရေစက် ကြောင့်လေလား ...။

သူမ၏ ရင်မှာလည်း တဒိတ်ဒိတ်ခုန်ကာ ရှက်စိတ်၊ ကြောက်စိတ် တို့ရောပြွမ်းသော ဝေဒနာတစ်ရပ်ကို ခံစားခဲ့ရသည်။ ထိုအမျိုးသား ကလေးကို လက်စွပ်ပေးစဉ်၌ ထပ်မံတွေ့ဆုံ ရသောအခါ ယောကျ်ား ပီသပြီး ခန့်ညားသော ရုပ်ရည်ကိုမြင်ရသဖြင့် ရင်ဝယ်စွဲလန်းခဲ့သည်။

သူမသည် နန်းတော်သို့ ပြန်ရောက်သောအခါ သူမ၏ အသက်ကို ကယ်တင်ခဲ့သော အဖြစ်အပျက်ကို ပြန်စဉ်းစားပြီး ကုန်သည် အမျိုးသားကလေးမှာ ဆုတော်လာဘ်တော်များကို ရယူလိုသည့်အတွက် မကြာမီသော အချိန်အတွင်း၊ နန်းတွင်းသို့ အရောက်လာလိမ့်မည်ဟု မှုချတွက်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်... နှစ်ရက်မှ တစ်လ... နှစ်လ...

ထိုသို့တိုင်အောင် ကုန်သည်အမျိုးသားလေး ရောက်မလာသဖြင့်

"ကိုစကြာရယ် သခင်မလေးဆီကို ဘာကြောင့်ရောက်မလာတာလဲ၊ သခင်မလေးမှာ နေ့စဉ်နေ့တိုင်း စောင့်မျှော်ခဲ့ရတာ မောလှပါပေါ့"

သခင်မလေးမှာလည်း မင်းသားလေးနည်းတူ တမ်းတကာ မျှော်တော်ဇောဖြင့် မောပန်းနေခဲ့သည်။

ထိုသို့ဖြင့် ရက်ကိုလစားကာ ခြောက်လသို့ပင် တိုင်ခဲ့လေပြီ။ ထိုအချိန်အတောအတွင်း၌ မြစိမ်းရောင်မင်းသမီးလေးကို လိုချင်သော အတိုင်းတိုင်းအပြည်ပြည်မှ မင်းသားများက မင်းကြီးထံသို့ စာချွန်တော်များစွာ ပေးပို့ခဲ့သည်။ ဤစာချွန်တော်တွင် မြစိမ်းရောင်မင်းသမီးလေးအား အတိုင်းတိုင်းအပြည်ပြည်ရှိ မင်းသားများထဲမှ တစ်ယောက်ယောက်ကို ရွေးချယ်ရန်အတွက် **"ဖူးစာရှင်ပန်းကုံးစွပ်ပွဲ မင်္ဂလာ"** ဆင်ယင်ပေးရမည်ဖြစ်ကြောင်း ဤသို့မလုပ်ပါက တိုင်းပြည်အားလုံး စုပေါင်းကာ ဤတိုင်းပြည်သို့ စစ်ချီရမည်ဖြစ်ကြောင်း ပါရှိသည်။

ထို့ကြောင့် မြစိမ်းရောင်မင်းသမီးလေးအား နန်းဆောင်သို့ ခေါ်ယူပြီး မင်းကြီးက ဤသို့ မိန့်ကြားခဲ့သည်။

**"နောက်တစ်လအကြာတွင် ဤနန်းရင်ပြင်၌ "ဖူးစာရှင်ပန်းကုံးစွပ်ပွဲမင်္ဂလာ" ဆင်ယင်ကျင်းပမှာဖြစ်လို့ သမီးတော်က ရောက်ရှိလာတဲ့ မင်းသားများအနက်မှ တစ်ပါးပါးကို ရွေးချယ်ပါလော့"**

**"ခမည်းတော်ဘုရား၊ သမီးတော်သည် အဘယ်မင်းသားကိုမျှ ရွေးချယ်လိုခြင်း မရှိပါ။ ယခုအတိုင်းပင် တစ်ပင်တိုင်မြနန်း၌ စံတော်မူချင်ပါတယ်ဘုရား၊"**





"သမီးတော် အတိုင်းတိုင်းအပြည်ပြည်မှ မင်းသားအပေါင်းရဲ့ တောင်းဆိုချက်ဖြစ်လို့ ခမည်းတော်မှာ ငြင်းဆန်ရန် မဖြစ်နိုင်ပါ။ ဒါကြောင့် ပန်းကုံးစွပ်ပွဲမင်္ဂလာအတွက် သမီးတော် ပြင်ဆင်ထားရမယ်။"

"မှန်ပါဘုရား"

မင်းသမီးလေးမှာ ခမည်းတော်၏ အမိန့်ကို မလွန်ဆန်နိုင်သဖြင့် များစွာ စိတ်ဆင်းရဲခြင်းဖြစ်ကာ အဆောင်တော်သို့ ပြန်လာခဲ့သည်။

"ရွှေစာရယ် သခင်မလေးတော့ အလွန်ပင် စိတ်ဆင်းရဲလှပါတယ်။ ဘယ်မင်းသားနဲ့မှ လက်ဆက်ခြင်း မပြုလိုဘူး။ ဒါပေမယ့် ခမည်းတော်ရဲ့ အမိန့်ဖြစ်လို့ မကြာမီမှာ ဖူးစာရှင်ပန်းကုံးစွပ်ပွဲလုပ်ရပေမယ်။ သခင်မလေးရဲ့ စိတ်ထဲမှာ ကိုစကြာကိုပဲ သတိရနေတယ်။ ကိုစကြာကလည်း အခုထိတိုင်အောင် သခင်မလေးကို လာမတွေ့ဘူး ဘယ်လိုလုပ်ရပါ့မလဲ"

"မှန်ပါ့ သခင်မလေးရယ် ကိုစကြာသည် ဆုတော်လာဘ်တော် တောင်လာမယူဘူး ဘာဖြစ်လို့ပါလိမ့်"

"မျှော်သူကမလာတဲ့အပြင် အခုတော့ မချစ်မနှစ်သက်တဲ့ တစ်ပါးသူရဲ့ ရင်ခွင်မှာ စံမြန်းရတော့မယ် ရွှေစာရယ်၊ သခင်မလေး အဖို့မှာ စဉ်းစားမိတိုင်း ရွှေရင်မှာ မအေးနိုင်ဘူး ရွှေစာရယ်၊ သခင်မလေးရဲ့ ကံကဆိုးလွန်းပါတယ်"

"ဒီလိုလည်း မဟုတ်သေးပါဘူး "ပန်းကုံးစွပ်ပွဲ" လုပ်ရန် တစ်လ ကျန်ပါသေးတယ်။ ဒီအတွင်းမှာ ကိုစကြာရောက်ရင် ရောက်လာပါလိမ့်မယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သူရောက်လာပေမယ့် သူဟာ မင်းညီမင်းသား မဟုတ်တဲ့အတွက် ဒီအပူကို ဖေးကူလို့ မရနိုင်ပေဘူးကွယ်"

"မှန်ပါတယ် သခင်မလေး။ ဒါပေမယ့် ဖူးစာမှန်ရင်တော့ တစ်နည်းနည်းနဲ့ ပေါင်းရမှာပါဘုရား"

"အေးပါ ... ရွှေစာရယ်၊ မင်းပြောသလို ကိုစကြာဟာ သခင်မပေးရဲ့ ဖူးစာရှင် အစစ်အမှန်ဖြစ်ပါစေတော့"

ဤသို့မျှော်တွေးရင်း ကိုစကြာကို စောင့်စားခဲ့သည်။ တဖြည်းဖြည်းနှင့် တစ်လဟူသော အချိန်ကုန်ဆုံးကာ ယနေ့ နံနက်တွင် **"ဖူးစာရှင်ပန်းကုံးစွပ်ပွဲသဘင်"** ဆင်ယင်ကျင်းပရန် အချိန်ကျရောက်လာခဲ့သည်။

ကြီးကျယ်ခမ်းနားသော နန်းမဆောင်အလယ်တွင် မြစိမ်းရောင် မင်းသမီးလေးမှာ သလွန်တော်ပေါ်တွင် စံမြန်းနေသည်။ ထူးခြားဆန်းသစ်သော အဝတ်အစားနှင့် ရွှေနှင့်ပြုလုပ်ထားသော ကျောက်မျက်ရတနာအမျိုးမျိုး ဝတ်ဆင်ထားသဖြင့် မင်းသမီးလေးမှာ ထူးခြားစွာ လှပနေသည်။

မင်းသမီးလေး၏ တစ်ဖက်တစ်ချက်ရှိ ကတ္တီပါခုံများတွင် အတိုင်းတိုင်းအပြည်ပြည်မှ မင်းသားများ နေရာယူကာ ထိုင်နေကြသည်။

နံနက် (၉)နာရီ အချိန့်တွင် မင်္ဂလာခရာသင်းကို စတင်မှုတ်ပြီးနောက်

"မင်္ဂလာ အချိန်ကျရောက်ပြီဖြစ်ပါ၍ မင်္ဂလာ အခန်းအနားကို ဖွင့်လှစ်လိုက်ပါပြီ ... ဒူ... ဒူ... ဒူ"

ထိုသို့ဖြင့် ဖူးစာရှင်ပန်းကုံးစွပ်ပွဲကို စတင်ဖွင့်လှစ်လိုက်ပါသည်။





တန်းစီထိုင်နေသော မင်းသားများကို ကြည့်ရင်း ယနေ့တွင် ဖူးစာရှင်ကို မိမိလက်နှင့်ပန်းကုံးစွပ် ရွေးချယ်ရပေတော့မည်ဖြစ်၍ မင်းသမီးလေးမှာ ရင်တဒိတ်ဒိတ် ခုန်နေသည်။ ဖြစ်နိုင်လျှင် မည်သို့မျှ မရွေးချင်ပေ။ သို့သော် မိမိလုပ်ချင်တိုင်း လုပ်၍မရ၊ အခွင့်မသာသောကြောင့် ခမည်းတော်၏ အမိန့်အတိုင်း မင်းသားတစ်ပါးပါးကို ရွေးချယ်ရပေတော့မည်။

ပထမအစီအစဉ်မှာ မင်းသားအားလုံးသည် မိမိကိုယ်တိုင် တစ်ဦးစီ မိတ်ဆက်ပြီး မင်းသမီး၏ ရှေ့သို့သွားကာ မေတ္တာပန်းကုံးငယ်များကို ခံယူကြရမည်။ ထို့နောက် ကြွရောက်လာသော မင်းသားများကို အစားအသောက်နှင့် ညှိခံပြီး ခေတ္တအနားယူစေမည်။ နေ့ခင်း (၁၂)နာရီ ထိုးတွင် ဖူးစာရှင်ပန်းကုံးစွပ်ရန် သခင်မလေးမှ သူမ နှစ်သက်သည့် မင်းသားအား ကိုယ်တိုင်ပန်းကုံးစွပ်မည်ဖြစ်ပေသည်။

ပထမ အစီအစဉ်စလေပြီ ...

"ကျွန်ုပ်ကား ပန်းတောင်းတိုင်းပြည်ကြီးမှ အိမ်ရှေ့မင်းသား မင်းဒသသသတ္တိ ဖြစ်ပါတယ်"

ထိုသို့ မိမိကိုယ်တိုင် မိတ်ဆက်ပြီးနောက် မင်းသမီးလေး၏ ရှေ့သို့သွားရာ သူမက မေတ္တာပန်းကုံး အသေးလေး စွပ်ပေးလိုက်သည့် မင်းဒသသသတ္တိမှာ ပြုံးရွှင်သော မျက်နှာထားဖြင့် ထိုင်ခုံသို့ ပြန်လာခဲ့သည်။

"ကျွန်ုပ်ကား သုဝဏ္ဏတိုင်းပြည်မှ မင်းသားမင်းနန္ဒာ ဖြစ်ပါတယ်"

"ကျွန်ုပ်ကား ပေါက္ခဝတီတိုင်းပြည်မှ မင်းသား မင်းသီဟသူ ဖြစ်ပါတယ်"

ထိုသို့ မိတ်ဆက်ပြီးနောက် မေတ္တာပန်းကုံးများ ရယူကာ



www.burmeseclassic.com

www.burmeseclassic.com



မိမိနေရာ၌ ပြန်ထိုင်ခဲ့ကြသည်။ ဤသို့ စီစဉ်ဖြင်းမှာ မင်းသမီးလေးသည် မင်းသားများအား အနီးကပ်တွေ့မြင်စေရန် ဖြစ်သကဲ့သို့ မေတ္တာပန်းကုံး စွပ်ပေးခြင်းဖြင့် သူတို့ကို မရွေးချယ်မီ အချိန်အတောအတွင်း ဝမ်းမြောက် ဝမ်းသာဖြစ်စေရန် ရည်ရွယ်ပါသည်။

ထိုသို့ဖြင့် မင်းသားပေါင်း ငါးဆယ်ကျော်ခန့် မိတ်ဆက်ပြီး လေပြီ။ နပါတ် ငါးဆယ်တစ်မင်းသားဖြစ်သူ၏ အလှည့်တွင်...

"ကျွန်ုပ်ကား ... ကျခတ်ဝရုံတိုင်းပြည်မှ အိမ်ရှေ့ မင်းသား သီဟစကြာ ဖြစ်ပါတယ်"

အောင်မြင်ခန့်ငြားသော အသံကို ကြားလိုက်ရုံနှင့်...

"ဟင်... ကိုစကြာ အသံနဲ့ တော်တော်တူပါလား"

ထိုစဉ် မင်းသားလေးမှာ ထိုင်ခုံမှထကာ မင်းသမီးလေးဆီသို့ လျှောက်လှမ်းလာရာ တဖြည်းဖြည်း နီးကပ်လာသည်နှင့်အမျှ...

"ကိုစကြာနဲ့ တူလိုက်တာ... ဒါ... ကိုစကြာများလား"

မင်းသမီးလေးက ဤသို့ တွေးနေစဉ် မင်းသားလေးမှာ မင်းသမီးလေး၏ အနီးသို့ရောက်လာကာ...

"သခင်မလေး ဘုရား... ဤနဝရတ်လက်စွပ်ကို သတိရ ပါရဲ့လား ဘုရား"

"ဟင်... ဒါဆို အသင်ဟာ ကိုစကြာအစစ်ပေါ့"

"မှန်ပါ သခင်မလေး ကျွန်ုပ်ဟာ ဆုတော်လာဘ်တော် တောင်းခံဖို့ ရောက်လာပါသည်"

"အဘယ်သို့သော ဆုတော်လာဘ်တော်ကို လိုချင်ပါသလဲ"





"ဖူးစာရှင် မင်္ဂလာပန်းကုံးကို လိုချင်ပါသည်။"

"အို... ကိုစကြာရယ်"

သခင်မလေးမှာ သူမ မမျှော်မှန်းထားသည့် စကားကြောင့် အံ့အားသင့်သွားခဲ့သည်။ ထို့နောက် ကိုစကြာအား မေတ္တာပန်းကုံးစွပ် ပေးပြီ...

"ကိုစကြာ ကံကောင်းပါစေ"

ဤသို့ တောင်းဆုချွေလိုက်သည်။ မင်းသားလေး သီဟစကြာ လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသကဲ့သို့ မင်းသမီးလေးမှာလည်း မျှော်သူရောက်လာသည့်အတွက် စိတ်ဘဝင်တွင် အေးချမ်းသွားခဲ့သည်။

ပထမ အစီအစဉ်အရ မေတ္တာပန်းကုံးတည်းဟူသော ညီနောင် မောင်ဘွားကဲ့သို့သော မေတ္တာသရုပ်ကို ဖော်ထုတ်ပြီးနောက် အစား အသောက်ဖြင့် ညှော်ခံကျွေးမွေးခဲ့သည်။

နေ့လည် (၁၂)နာရီတိတိ အချိန်သို့ ရောက်ရှိခဲ့သည်။

"တူ ...တူ... တူ"

"တော်... တော်... တော်"

အခါပေး ခရာသင်းကိုမှုတ်ကာ နေ့လည်ပိုင်း အခမ်းအနား စခဲ့လေပြီ။

"အခုချိန်ကစပြီး ဖူးစာရှင်ပန်းကုံးစွပ်ပွဲကို မင်းသမီးလေး ကိုယ်တိုင် ရွေးချယ်ပါလိမ့်မယ်။ ဖူးစာရှင်ဆိုသည်မှာ မင်းသားများအနက်မှ တစ်ဦးတည်းကိုသာ ရွေးချယ်ရမှာ ဖြစ်ပါတယ်။ မင်းသမီးလေးဟာ သူမရဲ့ ဖူးစာရှင်ကို ရွေးချယ်လိုက်တဲ့အခါမှာ ကျန်မင်းသားများက စိတ်ညို့



www.burmeseclassic.com

www.burmeseclassic.com



နွမ်းခြင်းမဖြစ်ပဲ မေတ္တာပန်းကုံးပန်ဆန်ထားသူများ ဖြစ်တဲ့အတွက် ညီအစ်ကိုမောင်နှမ အရင်းသဖွယ် စိတ်ထားဖြင့် ချီးမြှောက်တော်မူပေးကြပါ''

''ကောင်းပါပြီ''

''ကောင်းပါပြီ''

မင်းသားများက သဘောတူကြောင်း ထောက်ခံပြောဆိုခဲ့ကြသည်။ မင်းသမီးလေးသည် ကိုစကြာကို မင်းသားဟု မသိရခင်ကပင် ချစ်ခင်စွဲလန်းနေသည့်အလျောက် ကိုစကြာထိုင်နေသည့် ထိုင်ခုံဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ကိုစကြာက နောက်ဆုံးထိုင်ခုံမှာ ...

ရှေ့ဆုံးထိုင်ခုံမှာတော့ စစ်သည်အင်းအားကြီးမားပြီး ဥစ္စာဓာနပေါကြွယ်များလှသော ပန်းတောင်တိုင်းပြည်ကြီးမှ မင်းသား ဒသသတ္တိပင်။ သူသည် စစ်သည်အင်အား ကြီးမားသလို စည်ပင်ဝပြော ချမ်းသာသော တိုင်းပြည်ကြီးမှ မင်းသားဖြစ်၍ စိတ်ကြီးဝင်သလို မာန်မာနလည်း ကြီးသည်။ အချမ်းသာဆုံးတိုင်းပြည်မှ မင်းသားဖြစ်၍ ရွေးချယ်ခြင်း ရွေးချယ်လျှင် သူ့ကိုသာ ရွေးချယ်လိမ့်မည်ဟု နားထင်သွေးရောက် မာနတံခွန် ထူနေသူဖြစ်သည်။

မင်္ဂလာအချိန်ကျရောက်ပြီဖြစ်၍ မြစိမ်းရောင်မင်းသမီးလေးမှာ ဖူးစာရှင်ပန်းကုံးကိုကိုင်ကာ မင်းသားများဆီသို့ လျှောက်လှမ်းလာခဲ့သည်။ ပန်းတောင်းမင်းသား ဒသသတ္တိမှာ သူ့ထံသို့လာသည် ထင်မှတ်ပြီး ဝမ်းသာအားရ ဖြစ်နေသည်။

တဖြည်းဖြည်းနှင့် ...





သူ့ကို ဖြတ်ကျော်သွားသောအခါ ပြုံးရွှင်နေသော မျက်နှာမှာ ချက်ချင်းပင် ရှာတော့မည့် မိုးကဲ့သို့ ညိုမည်းသွားခဲ့သည်။ ထို့နောက် ဒေါသအမျိုးအလှုံများကြောင့် ခက်ထန်ကြမ်းတမ်းသော မျက်နှာအသွင်သို့ ကူးပြောင်းသွားခဲ့သည်။

မင်းသမီးလေးသည် တဖြည်းဖြည်း လျှောက်လှမ်းရင်း အပြည့်ပြည့် ထောင်သော မင်းသားများကို ကျော်လွန်ကာ ကျခတ်ဝရဲ မင်းသားလေး သီဟစကြာ ရှေ့သို့ရပ်လိုက်သည်။ ထို့နောက် ဖူးစာရှင်ပန်းကုံးကို စွပ်လိုက်ရာ မင်းသားလေးမှ ...

''သခင်မလေးကို များစွာ ကျေးဇူးတင်ပါတယ်''

ပြုံးရွှင်သော မျက်နှာထားဖြင့် ပြောလိုက်ရာ မင်းသမီးလေးမှ ...

''ဤသည်မှာ အသက်သခင် ကျေးဇူးရှင်အတွက် သခင်မလေး၏ ဆုတော်လာဘ်တော် ဖြစ်ပါသည်။

ထိုစဉ် ဖူးစာရှင်ရွေးချယ်ပွဲ တာဝန်ကိုယူထားသော ဝန်မင်းက..

''မြစိမ်းရောင်မင်းသမီးလေးသည် ကျခတ်ဝရဲ မင်းသားလေး သီဟစကြာကို ဖူးစာရှင်အဖြစ် ရွေးချယ်လိုက်ပါပြီ''

ဤသို့ ကြေငြာလိုက်ရာ ...

''ဖြောင်း ... ဖြောင်း ... ဖြောင်း''

''ဖြောင်း ... ဖြောင်း ... ဖြောင်း''

ညီလာခံရှိသတ်များက နှစ်ထောင်းဝမ်းသော အားရွှင်စွာဖြင့် လက်ခုပ် တီး၍ ဂုဏ်ပြုကြိုဆိုခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးနှင့် မင်းသမီးတို့နှစ်ဦးသည် အနီရောင် ကဇ္ဇလာခင်းထားသော လျှောက်လမ်းအတိုင်း လက်ချင်းတွဲကာ သူတို့နှစ်ဦး ထိုင်မည့် ရွှေသလွန်ပေါ်သို့ လျှောက်လှမ်း လာခဲ့ကြသည်။ ထို့နောက် အသင့်ခင်းကျင်းထားသော သလွန်ထက်၌ ထိုင်လိုက်သည်။

"မင်းသားလေးနှင့် မင်းသမီးလေးတို့သည် နေနှင့်လပမာ ရွှေနှင့်မြကဲ့သို့ တင့်တယ်ပါပေသည်။ မင်းသားလေးနဲ့ မင်းသမီးလေး ကျန်းမာချမ်းသာပါစေ"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

ထို့နောက် အတိုင်းတိုင်းအပြည်ပြည်မှ မင်းသားများက သူတို့နှစ်ဦးထံလာရောက်၍ ဆွေမျိုးရင်းချာပမာ နှုတ်ဆက်ခဲ့ကြသည်။ ထိုမင်းသားများအနက် ပန်းတောင်းတိုင်းပြည်ကြီးမှ မင်းသားဒဿသတ္တိမှာ နဂိုကပင် ဒေါသကြီးသူဖြစ်၍ သူ့အား မရွေးချယ်သဖြင့် လွန်စွာမကျေနပ်ဖြစ်ခြင်းကြောင့် မေတ္တာပန်းကုံးကိုဖြုတ်ပြီး သူတို့နှစ်ဦးရှေ့တွင် ဖြန့်ကျဲကာ ...

"မြစိမ်းရောင်မင်းသမီး ကျွန်ုပ်ကားအသင့်ကို လွန်စွာချစ်မြတ်နိုးသလောက် အသင်က ရက်စက်လှပေသည်။ အသင်တို့၏ မင်္ဂလာပွဲကို ကျွန်ုပ်အသိအမှတ်မပြု အသင့်အား မရရအောင် တိုက်ခိုက်သိမ်းပိုက်မည် သတိထား၍သာ စံရစ်တော် မူပါလော့"

ထိုသို့ပြောဆိုပြီး နန်းရင်ပြင်မှ ဒေါသတကြီးဖြင့် ထွက်ခွာသွားလေသည်။ အားလုံးသော မင်းပရိသတ်တို့မှာ အံ့သြစွာကြည့်ရင်း ကျန်ရစ်ခဲ့သည်။





မင်းသားလေး သီဟစကြာက မင်းသမီးလေးအား ...

"နှမတော် စိုးရိမ်ကြောက်လန့်တော် မမူပါနဲ့ မောင်တော်ဟာ လက်ရုံးရည်အရာမှာ အဋ္ဌရသ တစ်ဆယ့်ရှစ်ရပ်ကို တတ်မြောက်ထားသူဖြစ်ပါတယ်။ ပျော်ပျော်သာ စံရစ်ပါ နှမတော်"

ဤသို့ အားပေးစကားပြောလိုက်သည်။

"မောင်တော်နဲ့ အတူတူရှိနေတဲ့ အတွက်ကြောင့် စိုးရိမ်ကြောက်လန့်ခြင်းမဖြစ်ပါ သေလျှင်ပင် အတူတူသေဝံ့သည်"

"နှမတော်ကို အစစအရာရာ မောင်တော် စောင့်ရှောက်ကာကွယ်ပါ့မယ်"

နှစ်ကိုယ်တူ ချစ်ရည်တူသည့် ချစ်သူများဖြစ်သဖြင့် မင်းဒဿသတ္တိ၏ ခြိမ်းခြောက်မှုကို မကြောက်ရွံ့ခဲ့ပေ။

သို့ဖြင့် မကြာမီတွင် သူတို့နှစ်ဦး၏ မင်္ဂလာပွဲကို မြစိမ်းရောင်နန်းတော်ကြီး၌ ကြီးကျယ်စွာ ဆင်ယင်ကျင်းပခဲ့သည်။ ထို့နောက် ကျခတ်ဝရုံတိုင်းပြည်သို့ မင်းသမီးလေးကို ခေါ်ဆောင်သွားမည် ဖြစ်၍ ရေလမ်းခရီးမှ လောင်းလှေတော်ကြီးဖြင့် ခေါ်ဆောင်သွားခဲ့သည်။

ထိုရေလမ်းခရီးမှာ မင်းသမီးလေးနှင့် မင်းသားလေးတို့ ဆုံတွေ့ရာ မြစ်ကြောင်းတစ်လျှောက်ပင်ဖြစ်သည်။ မင်းသမီးလေး၏ လောင်းလှေတော်မှာ အလွန်ကြီးမား ရှည်လျားလှပေသည်။ ထိုလောင်းလှေအတွင်း၌ ရွှေငွေအမြောက်အများနှင့် ကျေးတော်၊ ကျွန်တော် များစွာ ပါရှိသည်။ မြစိမ်းရောင်မင်းသမီးလေးမှာ ယက်ကန်းအတတ်ပညာတွင် တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်ကျွမ်းကျင်သူဖြစ်၍ မင်းသားလေး



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်မည့် ပုဆိုးကို ကိုယ်တိုင်ယက်လုပ်ရန်အတွက် ယက်ကန်းစင်လဲ ပါဝင်လေသည်။

ထိုလောင်းလှေကြီးနှင့် ကျခတ်ဝရုံတိုင်းပြည်သို့ သွားရောက်မည်ကို မင်းသား မင်းဒဿသတ္တိ သိသောအခါ . . .

"ပျံလေတဲ့ငှက်ခါ၊ နားကာမှသိ ဆိုသလို အခုတော့ နားတဲ့နေရာကို မစောင့်တော့ဘူး ပျံနေတုန်းမှာ အလစ်ဝင်တိုက်မယ်"

ဤသို့တွေးတောပြီး ပင်လယ်ဝရောက်ခါနီးအရပ်၌ စစ်သည်များ လက်နက်များနှင့်တကွ ခြုံခိုကာ စောင့်ဆိုင်းနေခဲ့သည်။

ကံကြမ္မာဆိုးကို မသိရှာသော ချစ်သူမောင်နှံမှာ ချစ်တေးသံသာများကို သီကြူးရင်း လိုက်ပါလာခဲ့ကြသည်။

သို့ဖြင့် . . . ပင်လယ်ဝသို့ ရောက်ခါနီး နေရာအရောက်တွင် ကမ်းစပ်မှနေ၍ မင်းဒဿသတ္တိ၏ စစ်သည်တော်များက စတင်၍ မြားဖြင့်ပစ်ခတ်လေသည်။

"ဟိုမှာ . . . မင်းဒဿရဲ့ မက်တွေပဲ။ နှမလေးတို့ကို တိုက်ခိုက်နေပြီ"

"ဟုတ်ပါတယ် နှမတော်လေး သူတို့ကို ကြည့်မနေပါနဲ့။ ဘေးလွတ်ရာ နေရာမှာ ပုန်းနေတော်မူပါ"

မင်းဒဿတို့၏ စစ်သည်အင်အားမှာ များပြားလှပေသည်။ မြစ်မ်းရောင်မင်းသမီးတို့ဘက်မှာမူကား အနည်းငယ်သော စစ်သည်များသာပါလာခဲ့သည်။

မင်းဒဿ၏ စစ်သည်တော်များသည် မြားမိုးရွာနေသလားဟု





ထင်မှတ်ရအောင် မြားဖြင့်ပစ်ခတ်ရာ လောင်းလှေပေါ်ရှိ လူအတော်များများ မြားထိမှန်ကာ ရေထဲသို့ပြုတ်ကျခဲ့သည်။

ဤတွင် လောင်းလှေ အုပ်ချုပ်သူက . . .

"အရှင်မင်းသား ပင်လယ်ဝသို့ အမြန်လှော်ခတ်မှ ဖြစ်ပါမည်။ ပင်လယ်ဝသို့ရောက်လျှင် သူတို့မလိုက်နိုင်ပါ ဘုရား"

"ကောင်းပါပြီ မောင်မင်း . . . ပင်လယ်ဆီသို့ ရောက်အောင် အမြန်လှော်ခတ်လော့"

လှေလှော်သားများမှာ ရောက်လာမည့် မြားချက်ကိုမမှုဘဲ ကြံ့ကြံ့ခိုင်ကာ လောင်းလှေကြီးကို လှော်ခတ်ခဲ့ကြသည်။ မင်းဒတို့ဘက်ကလည်း လှေလှော်သားများကို ပစ်ခတ်ရာ လှေလှော်သားများမှာ တစ်ယောက်ပြီးတစ်ယောက် မြားထိမှန်ကာ ရေထဲသို့ ထိုးကျသွားခဲ့သည်။ ကျန်လူများမှာ မြားထိမှန်သူ ကိုယ်စားဝင်ရောက်ကာ လှော်ခတ်ကြရာ တဖြည်းဖြည်းနှင့် ပင်လယ်ဝသို့ရောက်ခဲ့သည်။

ဤတွင် မင်းဒဿမှာ ယမ်းလုံးကြီးကိုမီးရှို့ပြီး ပစ်လိုက်ရာ သီဟာစကြာတို့၏ လောင်းလှေကြီး၏ ကိုယ်ထည်တွင် အပေါက်ကြီး ဖြစ်သွားခဲ့သည်။ လောင်းလှေကြီးမှာ အပေါက်ကြီး ဖြစ်သွားသဖြင့် ထိုအပေါက်မှ တဆင့်ရေများ ဝင်လာမဲ့သည်။

"ရေတွေဝင်လာပြီ အမြန်ပက်ထုတ်ကြဟေ့"

ထိုသို့ ပြောဆိုပြီး ရေများပက်ထုတ်ကြရာ လှေပေါ်ပါသူများမှာ ဝရုန်းသုန်းကား ဖြစ်ကုန်ကြသည်။ ပင်လယ်ဝ၌ကား ပင်လယ်မှ တိုက်ခတ်လာသော လေအရှိန်ပြင်းထန်လှပေသည်။ လှေပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ပါလာသည့် လူအများမှာ အပေါက်မှ ရေကို ပက်ထုတ်နေသဖြင့် တစ်ဖက်တည်း၌ စုဝေးရောက်နေသည်။

ထိုစဉ် ပင်လယ်ပြင်၏ ပြင်းထန်သော လေကဆောင့်၍ တိုက်ခတ်လိုက်ရာ

"ဝုန်း"

ဟူသော တော်လဲသံကဲ့သို့ မြည်သံကြီးနှင့်အတူ သီဟစကြာတို့၏ လောင်းလှေကြီးမှာ ပင်လယ်ဝ၌ နစ်မြုပ်သွားခဲ့သည်။ လှေပေါ်တွင်ပါသည့်လူများမှာ ပင်လယ်တွင်းသို့ မျောပါသွားပြီး ထိုသူများနှင့်တကွ သီဟစကြာမင်းသားလေးနှင့် မြစိမ်းရောင်မင်းသမီးလေးတို့ပါ အားလုံး သေဆုံးခဲ့ကြသည်။

ဤအဖြစ်အပျက်ကို ကြားသိရသောအခါ ကျခတ်ဝရံတိုင်းပြည်နှင့် မြစိမ်းရောင်တိုင်းပြည်တို့ ပူပေါင်းပြီး မင်းဒဿ၏ တိုင်းပြည်ကို တိုက်ခိုက်ရာ မင်းဒဿလည်း သေပွဲဝင်ခဲ့သည်။

ထိုလောင်းလှေကြီးတွင် ရွှေငွေဥစ္စာပစ္စည်း၊ အမြောက်အများပါသဖြင့် ထိုနေရာအား မှန်းဆကာ ငုပ်သော်လည်း လောင်းလှေကြီး၏ အစအနပင် မတွေ့ခဲ့ကြပေ။ သို့ဖြင့် ကာလကြာသွားသောအခါ အတိတ်တဘောင်ပေါ်ထွက်လာခဲ့သည်။

ဤသည်မှာ . . .

ဤလောင်းလှေကြီးသည် သာသနာ တစ်ဝက်ကျော်သော် ပြန်လည်ပေါ်လာပေမည်။ ထိုသို့ပေါ်လာသောအခါ လောင်းလှေပေါ်တွင် ပါရှိသော ရွှေငွေပစ္စည်းများကို ရရှိမည်ဖြစ် ထမင်းအိုးဆူ နေလျှင်သော်





လည်းကောင်း၊ ကလေးငိုနေလျှင်သော်လည်းကောင်း လှည့်မကြည့်နှင့်။ ထိုနေရာသို့ အပြေးသွားကာ ရွှေငွေများကိုယူကြပါဟူသည့် အတိတ်တဘောင်ဖြစ်သည်။ ဤသည်ကို ဤသို့ စပ်ဆိုရေးဖွဲ့ ထားခြင်းဖြစ်သည်။ ဤသည်ကို နိုးတစ်ပါးဟူလည်း ခေါ်သည်။

လူအများမှာ **"ထိုလောင်းလှေမှာ ရွှေငွေအပြည့်ပါ ဦးသူသွားရောက်ယူကြပါ"** ဆိုသည့် အပိုဒ်ကို အကြိုက်ဆုံးဖြစ်သည်။

ထိုဒဏ္ဍာရီနှင့်အတူ အချို့သော ပင်လယ်ပြင်သို့သွားကြသည့် ရေလုပ်သား တစ်ချို့ကလည်း လောင်းလှေကြီးအကြောင်းကို ဤသို့ ပြောဆိုခဲ့ကြသည်။ သူတို့သည် ပင်လယ်ပြင်မှ အပြန်ညဥ့်သန်းခေါင်းယံ အချိန်တွင် မီးများထွန်းညှိထားသဖြင့် လင်းထိန်နေသော အရာဝတ္ထု တစ်ကို လှမ်းမြင်ခဲ့ကြသည်။ ထိုအချိန်က ဆောင်းဥတုဖြစ် နှင်းများ တဖွဲဖွဲကျနေသည့် နှင်းမှုန်များကြောင့် ပတ်ဝန်းကျင်၌ မပီပိုးတဝါး ရှိနေချိန်တွင် မီးများထွန်းညှိထားသည့် အရာဝတ္ထုတစ်ခုကို လှမ်းမြင်တွေ့ခဲ့ကြသည်။

တဖြည်းဖြည်း နီးကပ်လာသောအခါ လောင်းလှေကြီး တစ်စင်းဖြစ်ပြီး လှေပေါ်တွင် ရှေးခတ်နန်းဝတ်နန်းစား ဝတ်ဆင်ထားသူများကို တွေ့ရသည်။ လှေပေါ်တွင်ပါသော လှေလော်သားတို့ကလည်း လှေလော်သံသီချင်းကို သီဆိုပြီး လော်ခတ်နေကြသည်။ တစ်ချို့သော အမျိုးသမီးများမှာမူကား လှေပေါ်တွင်ပါသည့် ယက်ကန်းကိုယက် နေကြသည်။

ထိုလောင်းလှေကြီးနှင့် တဖြည်းဖြည်းနီးကပ်လာသောအခါ လောင်းလှေကြီး၏ ဘေးဘက်တွင် ကြီးမားသော အပေါက်ကြီးတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ခဲ့ကြသည်။ ကြည့်နေရင်းပင် ထိုအပေါက်ကြီးထဲသို့ ရေများ ဝင်လာပြီး လောင်းလှေကြီးမှာ မျက်စိရှေ့တွင် နစ်မြုပ်သွားခဲ့သည်။

ထိုစဉ် လင်းထိန်နေသော မီးရောင်များလည်း ချက်ချင်း ပျောက်ကွယ်ကာ မှောင်အတိကျသွားခဲ့သည်။ ထိုနေရာ၌ နှင်းမှုန်များသာ ဖွဲဖွဲကျနေသည့် ထိုအဖြစ်အပျက်ကို တွေ့မြင်ရသော လူတစ်စုမှာ ပင်လယ်ခြောက်သည်ဟု မှတ်ယူကာ တစ်ယောက်စကား တစ်ယောက် နားဆိုသလို ပြောခဲ့ကြသည်။

ထိုမှတဆင့် မြစိမ်းရောင်ပုံပြင်ကို ကြားဖူးသူများက ...

မြစိမ်းရောင်မင်းသမီးနှင့် ကျခတ်ဝရံမင်းသားလေးတို့မှာ ပင်လယ်ပြင်တွင် သေဆုံးသွားသည့်အတွက် မကျွတ်မလွတ်ဖြစ်ကာ ဤသို့ တစ္ဆေလှောင်းလှေကြီးဖြင့် ခြောက်လှန့်သည်ဟု ထင်ကြေး ပေးခဲ့ကြသည်။

တစ်ချို့ကလည်း ဤအဖြစ်အပျက်ကို ယုံကြည်သလို တစ်ချို့ ကလည်း မယုံကြည်ခဲ့ကြပေ။ သို့သော် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ် ခန့်က ပင်လယ်မှပြန်လာသော ဦးဘိုးမောင်တို့ အုပ်စုသည်လည်း နှင်းဖွဲ ဖွဲများ ကျနေသည့်ကြားမှ "**တစ္ဆေလှောင်းလှေကြီး**"ကို မြင်တွေ့ ခဲ့ကြသည်ဟုဆိုသည်။

ဦးဘိုးမောင်သည် ရေလုပ်သားခေါင်းဆောင်ဖြစ်ပြီး တည်ကြည် သောသူဖြစ်သည်။ စကားနည်းသလောက် မမှန်သောစကားကိုလည်း မပြောသူဖြစ်သည်။

သူကိုယ်တိုင်က သူနှင့်အတူပါလာသော ဆယ်ဦးစလုံး တွေ့ရှိ သည်ဟု ပြောသည့်အတွက် ရှေးအခါက တွေ့ရှိခဲ့သည်ဆိုသည့် စကားကို





အမှန်ဟုပင် ယူဆရပေမည်။ ဦးဘိုးမောင်တို့အုပ်စုမှာ ဆောင်းဥတု၏ မြူမှုန်တို့ကြောင့်လည်းကောင်း၊ ညဥ့်၏မလင်းတလင်းအရောင်တို့ ကြောင့်လည်းကောင်း မျက်စိအမြင်တွေလွဲပြီး မြင်ခြင်းပေလောဟု စဉ်းစားသူကလည်း ဤသို့စဉ်းစားကြသည်။ တိုက်ဆိုင်မှုဟူပင် ပြောရမလား မသိပါ။ ဦးဘိုးမောင်တို့အုပ်စုမှာ "**တစ္ဆေလှောင်းလှေကြီး**" ကိုမြင်ပြီးနောက် ငါးဖမ်းထွက်ရာ ငါးအမြောက်အများရရှိကာ စီးပွား တက်ခဲ့ကြသည်။

ထို့ကြောင့် ရွာသူရွာသားများက ...

"နိုးတစ်ပါးမှာပါတဲ့ ဥစ္စာရနိုးနိုးထဲကလိုပဲ ထိုလှောင်းလှေမှာ ရွှေအပြည့်ပါ ဦးသူသွားရောက်ယူကြပါဆိုသည့်အတိုင်း ကံကောင်းစီးပွား တက်မယ့်သူတွေဟာ ဒီလှောင်းလှေကြီးနဲ့ တွေ့သလား မသိဘူး"

ဤသို့ တစ်ယောက်တစ်မျိုး ထင်ကြေးပေးခဲ့ကြသည်။

တစ်ချို့ကလည်း ...

"ဒါဟာ တောခြောက်တဲ့ ပုံစံမျိုးလို ပင်လယ်ခြောက်တာပါ။ ညဥ့်အခါမှာ မျက်စိရဲ့ အမြင်သွေလွဲခြင်းရှိလို့ အရိပ်ထင်ဟပ်တာကို တစ်ကာယ်ထင်တာပါ။"

ဤသို့ ဖမျိုးမျိုးပြောကြသော်လည်း ...

"ဤမြစိမ်းရောင်မင်းသမီးလေးက မင်းသားလေးဝတ်ဖို့ "ဝတ်လဲတော်"ကို ယက်ကန်းခတ်နေတာ"ဟူလည်း ကိုယ့်အတွေးနဲ့ ကိုယ်ဆွဲယူပြောတာမျိုး လဲရှိသည်။

သို့သော် ဤဇာတ်လမ်းနှင့် တစ္ဆေလှောင်းလှေကြီးအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ဒိတ် ရွာသူရွာသားတိုင်းသိကြသည်။ အလူးသဖြင့် မိခင်များက သားသမီးများအတွက် ပြောနေကြ အိပ်ယာဝင်ပုံပြင် တစ်ပုဒ်ဖြစ်ခဲ့သည်။

မည်သို့ပင် ဆိုစေကာမူ . . .

ပင်လယ်နှင့်အနီးတစ်ဝိုက်ရှိ ရွာများနှင့်တကွ မြစ်ရိုးတစ်လျှောက်ရှိ ရွာများတွင် ဤပုံပြင်ကို မကြားဖူးသူမရှိပေ။ တစ်ရံတစ်ခါ ဤလှောင်းလှေကြီးကိုတွေ့ခြင်းမှာ မြစ်မိဖုရောင်မင်းသမီးမှ သူ၏ နယ်သူနယ်သားများအား စောင့်ရှောက်ခြင်းဖြစ်သည်ဟု မှတ်ယူခဲ့ကြသည်။

☆ ☆ ☆





အခန်း(၂)

“ညောင်မုတ်ဆိတ်အောက်တစ္ဆေခြောက်”

နံနက်မိုးသောက်အလင်းရောက်သည်နှင့် . . .

ပင်လယ်ဒိတ်ရွာကြီးတွင် ပင်လယ်ငါးဖမ်းထွက်သူများနှင့် လိုက်ပို့သူများကြောင့် ဆူညံပွက်လောညံနေသည်။ ဤနံနက်ခင်းတွင် အများနည်းတူ အလုပ်ရှုပ်နေသူမှာ ချစ်ဦးပင်ဖြစ်သည်။

ချစ်ဦးဆိုသူကား . . . အများနိုင်းဖက်။ အလုပ်မရွေး နိုင်းချင် တာနိုင်း ထမင်းတစ်နပ်စားရရုံနှင့် အားလုံးသော အလုပ်ကိုလုပ်ပေးသူ။ တစ်နည်းဆိုရသော် . . . ဖင်ပေါ့သူဟူ၍လည်း ခေါ်နိုင်သည်။

“ချစ်ဦးရေ . . . ချစ်ဦး”

“ခင်ဗျာ”

“ခင်ဗျာ လုပ်မနေနဲ့၊ လူမြန်မြန်လာ”

“ဟုတ်ကဲ့၊ လာပါပြီ”

“ဟိုမှာ ဦးကျော့တို့ လှေထွက်တော့မယ်။ ဒီကြံပင်ရှေ့ သွားစိုက်စမ်း”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကြံပင်တွေပေးပါ။ သွားစိုက်ပေးမယ်"

"ချစ်ဦးရေ . . . ကြံပင်ကို ကောင်းကောင်းယူသွား အပြေးမသွားနဲ့၊ ကြံပင်ကျိုးရင် နိမိတ်မကောင်းဘူး"

"ဟုတ်ကဲ့ပါ အရီးပုရဲ့ ကျွန်တော်နားလည်ပါတယ်"

ချစ်ဦးက ကြံပင်များကို မကျိုးအောင် ဂရုတစိုက်ကိုင်ကာ ငါးဖမ်းလေဆီသို့ အပြေးသွားခဲ့သည်။ ထိုငါးဖမ်းလှေ၏ လှေသူကြီးမှာ အရီးပု၏ ယောက်ျား ဦးကျော့ဖြစ်သည်။ ထို့နောက် ကြံပင်များကို ဦးကျော့ကလှမ်းယူပြီး လှေဦးတွင် အသင့်ထောင်ထားသော တိုင်နှင့် ပူးကာ ကြံကိုထောင်ပြီး ကြိုးဖြင့်သေချာစွာ တုတ်ချည်လိုက်သည်။

ဦးကျော့မှ . . .

"အောင်ခါတ်ဖွင့်တဲ့ အချိန်အခါမှာ အကြံအောင်ရန် အောင်ကြံကို ထောင်ပါတယ်။ ယခု ငါးဖမ်းထွက်တဲ့အခါမှာ ငါးများများရပါစေ"

ဤသို့ ပါးစပ်မှ တတွတ်တွတ် ပြောဆိုခဲ့သည်။ ဤသည်ကား မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသတွင် နေထိုင်ကြသော ရေလုပ်သားများ၏ မိရိုးဖလာ အစွဲအလန်းတစ်ခု . . .

ရေလုပ်ငန်းဆိုသည်မှာ ငါးများများရလျှင် မျိုးမျိုးမြက်မြက် ရနိုင်သော စီးပွားရေးလုပ်ငန်းဖြစ်သလို လှိုင်းဒဏ်မိုးဒဏ်ကြောင့် လှေမှောက်၊ ရေမျှောလျှင်လည်း ဘဝပျက်ရသည်အထိ အန္တရာယ်ရှိနိုင်သော လုပ်ငန်းဖြစ်သည်။

ထို့အတွက် ရေလုပ်သားများ ပင်လယ်ပြင်သို့ ထွက်မည်ဆိုလျှင် ကြံပင်များကို ကြိုတင်ဝယ်ယူ စုဆောင်းထားသည်။ ကြံပင်သည် ငါးဖမ်းလှေမှာ မပါမဖြစ်သော ပစ္စည်းဖြစ်သည်။ ထို့ကြောင့် ပင်လယ်ဒိတ်ရှိ





အိမ်တိုင်းလိုလို ကြံပင်များကို စိုက်ထားလေ့ရှိသည်။ မိရိုးဖလာ ယုံကြည်ချက်အရ . . .

"အကြံအောင်လိုလျှင် အောင်ကြံထောင်ရမည်"ဟူသည့် ရှေးအစဉ်အလာအတိုင်း လှေဦးတိုင်နှင့် တွဲချည်ကာ အောင်ကြံထောင်ကြခြင်းဖြစ်သည်။ ကြံထောင်ရာတွင် အသုံးပြုရမည့်ကြံမှာ ကွဲအက်ကြောင်းများ အကျိုးများမပါစေရ။ အောင်ကြံမကောင်းလျှင် ကံမကောင်း ဟု ယူဆခဲ့ကြသည်။ ထို့အတွက် သန့်စွမ်းပြီး အနာမရှိသော ကြံအကောင်းများကိုသာ ကြံထောင်ကြသည်။

ကြံထောင်ပြီးသည်နှင့် ဦးကျော့တို့လှေမှာ ပင်လယ်ဒိတ်ရွာကြီးမှ စတင်ထွက်ခွာသွားခဲ့သည်။ အရီးပုမှာ ခင်ပွန်းသည်၏ လှေထွက်သည်အထိ ကမ်းစပ်မှ ငေးမျှော်ကြည့်နေရာ ချစ်ဦးက . . .

"အရီးပု"

ဤသို့ခေါ်ပြီး ခါးကိုလက်ညှိုးနှင့် ထိုးလိုက်သဖြင့် . . .

"ဟဲ့. . . ပလုပ်တုတ်တုတ် . . . တုတ် . . . ဟယ် ဒုက္ခပါပဲ၊ ငါ့ကိုမစနဲ့"

အရီးပုမှာ ပါးစပ်ထဲရှိရာယောင်ရင်း ချစ်ဦးကို ပြောလိုက်သည်။

"အရီးပုကို စတာ မဟုတ်ဘူး။ ဦးလေးကျော့တို့ လှေကဖြင့် ပင်လယ်လောက်ရောက်နေပြီ။ အရီးပုက ကြည့်လို့မပြီးသေးဘူး။ ဒါကြောင့် သတိပေးတာ"

"သေနာလေး . . . ငါလင်ရဲ့လှေကိုကြည့်ပြီး အန္တရာယ်ကင်းအောင် သမ္ဗုဒ္ဓေဂါထာတော်ကြီး ရွတ်နေတာ ဟိုမေ့. . . ဒီမေ့နဲ့ တစ်ပုဒ်ကို မဆုံးဘူး ဖြစ်နေလို့ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... အရီးပု သံပုံးတွေ... သံပုံးတွေလို့ ဆိုလိုက်"

ထိုသို့ပြောပြီး အရီးပု၏ ခါးကိုတို့လိုက်ရာ ယောင်တတ်သော အရီးပုမှာ ...

"သံပုံးတွေ... သံပုံးတွေ"

"သံပုံးတွေ... သံပုံးတွေ"

ဟုယောင်ရမ်း၍ ဆိုလိုက်ရာ ဦးဘိုးမောင်ရောက်လာပြီး ...

"ဟဲ့... မပု... ရပ်ပါတော့"

ဟုပြောမှ အရီးပု ရပ်သွားခဲ့သည်။

ဤတွင် ဦးဘိုးမောင်က ...

"ချစ်ဦး... လူကြီးကို မနောက်ရဘူး၊ ပြန်ပြီးတောင်းပန်လိုက်"

"ကန်တော့... ကန်တော့... အရီးပုကို တောင်းပန်ပါတယ်"

"သေနာလေး ... ငါ့ကိုမစနဲ့၊ ငါကယောင်တတ်တယ်၊ နင်လုပ်လို့ ငါ့မှာတော်တော်မောသွားပြီ"

"နောက်မစတော့ပါဘူး အရီးပုရဲ့"

"သွား... ငါ့ကို လာမထိနဲ့"

အရီးပုမှာ အတော်မောသွားသဖြင့် သစ်ပင်ရိပ်တွင် ထိုင်ချလိုက်သည်။ ထိုစဉ် ငါးခွဲမည့် အပျိုလေး တစ်သိုက်ရောက်ရှိလာခဲ့သည်။

"ချစ်ဦးရေ... ချစ်ဦး"

"ဘာတုန်းဟ"

"ငါ့တို့ ငါးခွဲတော့မယ်။ ဟောဟိုက ငါးတောင်းတွေကို မ,ပေးစမ်းပါ"

"မတော့ မ,မနိုင်ဘူး၊ ငါထမ်းလာခဲ့မယ်"





"နင်က လျှာကိုရှည်တယ်။ ငါးတောင်းကို မ,ပြီးပဲလာလာ ထမ်းပြီးပဲလာလာ ရောက်လာဖို့က အရေးကြီးတယ်"

"အေးပါဟ ငါ ထမ်းလာပါ့မယ်"

ချစ်ဦးကလည်း ချစ်ဦး...။ အစအနောက်သန်သူဖြစ်သည်။ အရီးပုအစ အဘဦးဘိုးမောင်အဆုံး ...။ အပျိုမလေး နှင်းဥမှအစ ခုနှစ်အိုရှစ်အို အာပြဲလန် ဒေါ်စွာကျယ်အဆုံး သူမစဖူးသူဟူ၍ မရှိပေ။ အစသန်လွန်း၍ ခဏခဏ အဆဲခံရသည်။

ထိုသို့ အဆဲခံရမှ ထမင်းဝင်သူတည်း။ သူ့ကို ဆဲဆိုလျှင် ပါးစပ်ကြီး တဖြဲဖြဲနှင့် ရယ်နေတတ်သည်။ ဤပတ်ဝန်းကျင်တွင် တဝုန်းဝုန်းနှင့် ပွဲကျနေလျှင် ချစ်ဦးရှိပြီသာမှတ် ...

ချစ်ဦးရှိသောအရပ်မှာ ရယ်မောသံ ဆဲသံဆိုသံတို့ဖြင့် ပြည့်လျှံနေသည်။ ယခုလည်း... နှင်းဥတို့ မိန်းမပျိုတစ်သိုက်မှာ နံနက်စောစောဆိုက်ကပ်ထားသည့် ငါးဖမ်းလှေမှ ငါးတောင်းများကို ချစ်ဦးအား ယူခိုင်းပြီး ငါးခွဲမည့်နေရာတွင် ချထားခိုင်းခဲ့သည်။

ထိုငါးတောင်းများရောက်လျှင် ငါးရွေးသူကရွေးကာ အရွယ်ညီသော ငါးများကို ရင်ခွဲပြီး အတွင်းကလီစာများကို ထုတ်ကြသည်။ ထို့နောက် ငါးခြောက်ပုံသဏ္ဍာန်ဖြစ်စေရန် အသားများကို ပုံစံကျကျ ခွဲကြရသည်။ ငါး၏သဘောမှာ ပိုက်တစ်ပိုက်တွင်မိသော ငါးများမှာ အရွယ်တူညီသည်က များလှသည်၊ အကြောင်းမှုကား ငါးမတစ်ကောင်သည် ဥပေါင်းသိန်းပေါင်းများစွာကို တစ်ပြိုင်နက်ဥသဖြင့် ထိုဥများမှ ငါးများသည် အရွယ်မတိမ်းမယိမ်း ဖြစ်လာသည်။

ယခုလည်း ငါးတောင်းကို သွန်ချလိုက်သောအခါ အရွယ်တူ



www.burmeseclassic.com

www.burmeseclassic.com



ငါးများစွာပါသည့်အတွက် ငါးရွေးသူက တစ်ပုံတည်း အစုလိုက်ပုံလိုက်သည်။ ငါးခွဲသမများက ထိုငါးများကို အပုံမှယူကာ ငါးခွဲခြင်း အလုပ်ကို လုပ်ခဲ့ကြသည်။

"ဟဲ့ . . . ချစ်ဦး . . . ငါးအူဖတ်တွေကို လာကောက်စမ်း"

ဒေါ်စွာကျယ်က လှမ်းခေါ်သဖြင့် . . .

"ဟုတ်ကဲ့ အရီးစွာ"

ပြောပြောဆိုဆို တောင်းကိုယူပြီး ငါးအူဖတ်များကို ကောက်ထည့်လိုက်သည်။

"အဲဒီ ငါးအူဖတ်တွေကို အရီးဒေါ်စိန်ဆီ သွားပို့စမ်း"

"ဟုတ်ကဲ့ အရီးစွာ"

ချစ်ဦးမှာ ဝက်မွေးသော အရီးဒေါ်စိန်ဆီသို့ ငါးအူဖတ်များ သွားပို့ပြီး အပြန်တွင် ဒေါ်စိန်ပေးသော ပိုက်ဆံဖြင့် လက်ဖက်သုတ်နှင့် ဆေးပေါ့လိပ်များဝယ်ပြီး ပြန်လာခဲ့သည်။

"ရော့ . . . ဒါက နှင်းဥတို့ တစ်သိုက်စားဖို့ လက်ဖက်သုပ်။ ဒါက အရီးစွာအတွက် ဆေးပေါ့လိပ်"

"ဒါမှ တို့ချစ်ဦး"

အရီးစွာက နိုင်းကောင်းသည့်အတွက် တို့ချစ်ဦး ဖြစ်သွားသည်။

သည့်တွင် ဂွမ်းပုံက . . .

"အရီးစွာကတော့ စံပဲ။ နိုင်းကောင်းရင် တို့ချစ်ဦး၊ နိုင်းလို့ မရရင် သေနာပဲ"

"ဟဲ့ . . . ဒါပေါ့ . . . ဆုပေး . . . ဒဏ်ပေး စနစ်ဆိုတာ





ဒါပဲ။ အခုသူက အရီးဒေါ်စိန်ဆီ ငါးအူဖတ်သွားပို့တော့ သူလည်း ထမင်းနဲ့ လက်ဖက်သုပ် စားရတာပေါ့။ ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူး"

"အလဲ့ . . . အလဲ့ . . . အရီးစွာကလည်း အလာကြီးပဲ"

"ဟော့ကောင်မတွေ . . . ညည်းတို့ထက် ထမင်းအရင် စားလာတာ အကုန်သိတယ်။ ချစ်ဦးအကြောင်းတောင် သိသေးတယ်"

"ချစ်ဦးက ဘာဖြစ်လို့လဲ"

"ချစ်ဦးက ရှူးနှမ်းနှမ်းဖြစ်တာလဲ မပြောနဲ့ အေ၊ သူ့အဖေက ပိုပြီး ရှူးနှမ်းနှမ်းတော့"

"အရီးစွာကလည်း အဖေ့ကို ဒီလိုမပြောပါနဲ့"

"ဟဲ့ . . . ဟုတ်တာပြောတာ"

"ပြောစမ်းပါ၊ အရီးစွာရဲ့"

"ပြောရမယ် . . . ပြောရမယ်။ သူတို့ သားအဖအကြောင်းက ဒီလိုကွဲ့ . . ."

"ချစ်ဦးမွေးကာနီးမှာ သူ့အဖေက ငါးဖမ်းလှေ ထွက်သွားတာ မိန်းမဖောနဲ့ ကြဲကို အရင်းကမထောင်ဘဲ ပြောင်းပြန်စောက်ထိုးကြီး ထောင်သွားခဲ့တယ်။ သူလည်းပြန်လာရော ချစ်ဦးမွေးပါလေရော။ ကြဲကို ပြောင်းပြန်ထောင်သွားလို့လား မသိဘူး။ ချစ်ဦးကို ပြောင်းပြန်ကြီး မွေးပါလေရော"

"အရီးစွာ. . . ပြောင်းပြန်မွေးတယ်ဆိုတာ ဘယ်လို မွေးတာလဲ"

"ဟဲ့ . . . ခေါင်းကမွေးရမယ့်အစား ခြေထောက်ကမွေးတာပေါ့အေ။ ဒါကြောင့် သူ့ကို ပြောင်းပြန်ချစ်ဦးလို့ ခေါ်ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ ... ပြောင်းပြန်ချစ်ဦးတဲ့လား"

"ဟုတ်တာပေါ့အေ ... ချစ်ဦးကို ကြည့်ပါလား ... ဘာလုပ်လုပ် ပြောင်းပြန်ချည်းပဲ။ ဘယ်မှာ တည့်တာရှိလို့လဲ။ နှင်းဥ ညည်းလည်းကြည့်နေ ချစ်ဦးကိုယူဖို့ မစဉ်းစားနဲ့"

"အို ... အရီးစွာကလည်း"

နှင်းဥကရှက်သွေးဖြာပြီး လှမ်းပြောလိုက်ရာ ချစ်ဦးက ရှက်သွားပြီး ..."

"အကောင်းမှတ်လို့ နားထောင်နေတာ အရီးစွာတို့ကတော့ လုပ်ချလိုက်ပြန်ပြီ"

"ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား"

အရီးစွာတို့ တစ်သိုက်မှာ ရယ်မောရင်း ကျန်ခဲ့သည်။

နှင်းဥတို့လူသိုက်မှာ တစ်နေကုန် ငါးကို ဆားနယ်ကြ၊ ရင်ခွဲကြနှင့် အလုပ်ရှုပ်နေသည်။ ပြောမယ့်သာပြောရသည် ချစ်ဦးမရှိတော့ ခြောက်ကပ်ကပ်နှင့် ပျင်းရိဖို့ကောင်းသည်။ ချစ်ဦးရှိလျှင် ပေါက်တတ်ကရ စကားများကို ပြောသူကပြော အရွှန်းဖောက်သူကဖောက်နှင့် ပျော်စရာကောင်း လှပေသည်။ သို့ဖြင့် တဖြည်းဖြည်းနှင့် ညနေစောင်း အချိန်သို့ ရောက်လာခဲ့သည်။

လုပ်ငန်းများ လက်စသိမ်းနေစဉ် ...

"ဟော ... ချစ်ဦးရောက်လာတာနဲ့ အတော်ပဲ၊ ငါတို့ကို ဝိုင်းကူသိမ်းပေးစမ်းဟေ့"





အရီးစွာ၏ စွာကျယ်သော အသံကို ကြားလိုက်ရသည်။

ချစ်ဦးမှာ နဂိုတည်းကပင် နှင်းဥကို ကြိတ်ပိုးနေသူပီပီ ...

"နှင်းဥ ... ငါဘာလုပ်ပေးရမလဲ"

ထိုသို့ မျက်နှာချိုသွေးကာ မေးလိုက်ရာ နှင်းဥက ...

"ငါကတော့ ခိုင်းစရာမရှိပါဘူး။ အရီးစွာ ခိုင်းတာပဲ လုပ်ပေး လိုက်ပါ"

"နှင်းဥက လုပ်ပေးပါဆိုရင် ကျွန်တော် လုပ်ပေးမှာပေါ့ အရီးစွာရဲ့"

"အေး ... ဒါဆို ဟိုဘက်က တောင်းကိုထမ်းပြီး ငါ့အိမ် လိုက်ပို့"

"ဟုတ်ကဲ့"

ပြောပြောဆိုဆို ... ထိုတောင်းကို ထမ်းလိုက်ရာ တော်တော် လေးနေသဖြင့် ...

"အရီးစွာရဲ့ တောင်းကလည်း လေးလိုက်တာ ဘာတွေထဲ့ ထားလို့လဲ"

"ဟဲ့ကောင်လေး ... တိတ်တိတ်နေ ... ထမ်းမှာသာ ထမ်းစမ်းပါ"

ထိုသို့ပြောပြီး တောင်းထမ်းကာ ထိုနေရာမှ ထွက်ခွာလာခဲ့သည်။ တဖြည်းဖြည်းနှင့် လျှောက်လှမ်းလာခဲ့ရာ မိုးစုံးစုံးချုပ်၍ အမှောင်သို့ ရောက်လာခဲ့သည်။

"အရီးစွာ ... " အရှေ့မှသွားနေသော အရီးစွာကို ချစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com



လှမ်းခေါ်လိုက်သည်။

"ဟဲ့ ... ဘာလဲ"

"အရီးစွာရဲ့ တောင်းက ဘာတွေထဲ့ထားလို့ ဒီလောက်လေး ရတာလဲ ထမင်းထုတ်ယူလာတဲ့ တောင်းထဲမှာ ဘာပါလို့လဲ"

"နင်ကလည်း လျှာကိုရှည်တယ်။ ငါက ငါးခြောက်ခွဲရင်း အဲဒါ တွေကို နည်းနည်းခိုးလာတာဟဲ့"

"အရီးစွာရဲ့ နည်းနည်းကလည်း ဆယ်ပိဿာလောက် ရှိမယ် ထင်တယ်"

"ဟဲ့ကောင်ရဲ့ ... နင်ပြောမှပဲ အပြစ်ကြီးသွားပြီ ... ငါခိုးလာတာ တစ်ပိဿာလောက်ပါဟယ်"

"မကပါဘူး အရီးစွာရဲ့" ထိုသို့ပြောရင် ဆက်လျှောက်လာရာ ရွာလမ်းအဆုံးရှိ အမြစ်များအောက်သို့ အသွယ်သွယ်ကျနေသော ညောင်မှတ်ဆိတ်ပင်ကြီးအောက်သို့ ရောက်လာခဲ့သည်။

ထိုအမြစ်များကို ဖယ်ရှယ်ပြီး ညောင်ပင်အောက်မှ လာခဲ့ရာ ...

"ဒီလောက်ပါပဲဟယ် နင်က သူ့ဌေးကို သွားမတိုင်နဲ့နော်"

"မတိုင်ပါဘူး။ ဒီညောင်ပင်မှာရှိတဲ့ တစ္ဆေသရဲတွေကိုပဲ တိုင်မှာ"

"ဟဲ့ကောင်လေး ... မဦးမချွတ် မပြောနဲ့နော်။ ညက အတော် မိုးချုပ်နေပြီ"

"ဒီညောင်ပင်မှာရှိတဲ့ တစ္ဆေသရဲတွေ အရီးစွာရဲ့ တောင်းထဲက ငါးတွေကို တစ်ပိဿာချန်ပြီး အကုန်စားကြပါချို့"

"ဟဲ့... ဟဲ့ ဘာတွေလျှောက်ပြောနေတာလဲ။ ဒီညောင်ပင်က





သရဲခြောက်တဲ့ နေရာမှာ နာမည်ကြီးဟဲ့"

အရီးစွာက ကြောက်ကြောက်လန့်လန့်နှင့် ဤသို့ပြောလိုက်ရာ နောက်နေကျဖြစ်သော ချစ်ဦးက ...

"အရီးစွာက ဒီညောင်ပင် အနီးအနားမှာရှိတဲ့ မကျွတ်မလွတ်တဲ့ ပုဂ္ဂိုလ်တွေအတွက် ငါးစိမ်းများနဲ့ ဒါနပြုမှာဖြစ်လို့ အိမ်ကိုလိုက်ခဲ့ကြပါချို့"

"ဟဲ့ ... ချစ်ဦး၊ အဲဒီလိုမစနဲ့ မစကောင်းဘူး"

"မစပါဘူး။ တကယ်ပြောတာပါဆို။ ကဲ ရှိရှိသမျှ ဝိညာဉ် အပေါင်းတို့ အရီးစွာအိမ်ကို လိုက်ခဲ့ကြဟေ့"

ထိုသို့ပြောနေစဉ် လေပြင်းတစ်ချက် တိုက်ခတ်ပြီး ...

"ဝုန်း"

"အမလေး ... ပလုပ်တုတ်" အရီးစွာမှာ လန့်၍ အော်လိုက်သည်။

"အမလေးဗျ၊ တောင်းကြီးကလည်း လေးလိုက်တာ"

ထိုသို့ပြောစဉ် အရီးစွာမှ အရှေ့မှနေ၍ ကြောက်လန့်တကြားနှင့် ပြေးသောကြောင့် ရှုးကြောင်ကြောင် ချစ်ဦးမှာလည်း နောက်မှ ပြေးလိုက် ခဲ့သည်။

အရီးစွာ၏ အိမ်မှာ ညောင်ပင်ကြီး အလွန်၌ရှိသဖြင့် များစွာ မပြေးရဘဲ အရီးစွာတို့ အိမ်သို့ ရောက်ရှိသွားခဲ့သည်။

"အမလေး ... မောလိုက်တာ၊ အရီးစွာရဲ့ ရေတစ်ခွက် လောက်ပေးစမ်းပါ"

"သေနာလေး ... နင်မဟုတ်တာတွေ လျှောက်ပြောလို့



www.burmeseclassic.com

www.burmeseclassic.com



သရဲက ငါ့တောင်းထဲကို ခုန်ချတာ''

''ဟုတ်တယ် အရီးစွာရဲ့ အရီးစွာရဲ့ တောင်းထဲကို သရဲခုန်ချတာ နေမှာ ထမ်းရတာ ပိုလေးလာတယ်''

''ဟေ ... ဒါဆို တောင်းထဲကို ကြည့်စမ်းပါဦးဟယ်။ ငါတော့ သေချင်တာပါပဲ''

ထိုသို့ပြောသဖြင့် တောင်းထဲသို့ ကြည့်လိုက်ရာ ...

''အမလေး ... မဲမဲကောင်ကြီး''

မီးခွက်၏ မလင်းတလင်း အရောင်ကြောင့် တောင်းထဲတွင် ခပ်မည်းမည်း အရာဝတ္ထုကို မြင်ရသဖြင့် ချစ်ဦးက ဤသို့ အော်လိုက်သည်။

အရီးစွာကလည်း ခပ်ကြောင်ကြောင်ဖြင့် မရဲတရဲ တောင်းထဲသို့ လှမ်းကြည့်ရာ ...

''ဟယ် ... ညောင်ကိုင်းကျိုး ကြီးပါဟယ်''

''ဟင် ... ဟုတ်လား''

မှန်ပေသည်။ ပိုးထိုးနေသော ညောင်ကိုင်းကြီးမှာ အမြစ်များကြား ထဲမှ ချစ်ဦးတို့ ဖြတ်သန်းသွားသည့် အချိန်ကြောင့် အမြစ်နှင့်ညီနေသော ပိုးထိုးညောင်ကိုင်းကြီး ပြုတ်ကျခြင်းပင် ဖြစ်ပေသည်။ သို့သော်လည်း ချစ်ဦးမှာမူကား အကြောက် မပြေသေးဘဲ ရေကိုသာဖိသောက်နေခဲ့သည်။

ထိုစဉ် အရီးစွာ၏ သမီးဖြစ်သူ ဖြူနုမှာ သူ၏ လသားအရွယ် သားငယ်ကိုချီကာ အခန်းထဲမှ ထွက်လာပြီး ...

''အမေ ... ဘာဖြစ်နေတာလဲ''

''ချစ်ဦးပေါ့အေ ... ညောင်ကိုင်းပြုတ်ကျတာကို သရဲခုန်ကျ





တာလို့ ပြောလို့ဟေ့''

''ဟင် ... ဟုတ်လား၊ ဒါထက်တောင်းထဲမှာ ဘာပါလို့လဲ''

''ငါးခြောက်ခွဲထားတဲ့ ငါးစိမ်းနည်းနည်းပါးပါးပါအေ''

''အမေကလည်း ဘာဖြစ်လို့ သားစိမ်းငါးစိမ်းတွေ ယူလာမှန်း မသိဘူး။ ဒီညောင်ပင်ကြီးက သရဲ အလွန်ခြောက်တာ သိသားနဲ့''

ထိုသို့ပြောပြီး ဖြူနုက တောင်းထဲသို့ လှမ်းအကြည့်တွင် ဖြူနု၏ လသား အရွယ်သားငယ်လေး ကျော်မင်းထွန်းမှာ ...

''ဝါး ... ဝါး ... ဝါး''

''ဝါး ... ဝါး ... ဝါး''

''ဝါး ... ဝါး ... ဝါး''

နှင့် အသံကုန်ခြစ်၍ စူးစူးဝါးဝါး ငိုလိုက်သည်။ ဤတွင် ဖြူနုက ...

''အမေရေ ... ကလေးက အရမ်းငိုတာပဲ လုပ်ပါဦး''

''နို့တိုက်လိုက်အေ''

''နို့တိုက်လို့လဲ မရဘူး။ ကော့လန်ထိုးပြီး ငိုနေတာ''

ဟဲ့ ... လေထိုးနေလား၊ ဗိုက်အောင့်နေလားမှ မသိတာ။ ပရုပ်ဆီလိမ်းပေးလိုက်''

''ဟုတ်ကဲ့ လိမ်းပေးလိုက်မယ် အမေ''

ထိုသို့ ပြောပြီး ပရုပ်ဆီ လိမ်းပေးသော်လည်း ကလေးမှာ ကော့လန်ထိုးပြီး အော်နေပါသည်။ ဖြူနုသည် ကလေးငယ်အား ချီပိုးရင်း မီးရှေ့နှင့်အနောက်ကို လမ်းလျှောက်ရင်း ချော့သိပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သူမ၏ သားငယ်မှာ ခေတ္တခန့်သာငြိမ်သွားပြီး ဆိတ်ဆွဲလိုက်သကဲ့သို့ ...

"ဝါး ... ဝါး ... ဝါး"

ထိုသို့ ရူးရူးဝါးဝါး အော်ဟစ်ငိုပြန်ရာ အရီးစွာမှာ ...

"ချစ်ဦးရေ ... ငါတော့ ဒီကလေးကို သိပ်မသက်ဘူး"

"မသက်ာရအောင် ကလေးက ဘာဖြစ်နေလို့လဲ"

"ဒီလောက်ငိုနေတာ နင်မကြားဘူးလား။ ဒါဟာရိုးရိုး ငိုတာ မဟုတ်ဘူး"

"ရိုးရိုး မငိုလို့ ဘယ်လိုငိုတာတုန်း"

"ဟဲ့ကောင် တော့ရဲ့ နင်လေ ညောင်ပင်ကြီးအောက်မှာ တစ္ဆေ သရဲတွေလိုက်ခဲ့ပါ။ လာစားပါလို့ နင်ခေါ်တာလေ။ အခုတော့ အဲဒီ အကောင်တွေ ခြောက်လှန့်တာ ဖြစ်မှာပေါ့"

"မဖြစ်နိုင်ပါဘူး။ အရီးစွာရယ် ကျွန်တော်က တကယ်ခေါ်တာမှ မဟုတ်ပဲ အရီးစွာကို စတာပါ"

"အေး ... ဘာပဲဖြစ်ဖြစ် ကလေးဒီလောက် ငိုနေတာ ငါတော့ သိပ်မသက်ာဘူး ရွာလည်က ဆေးဆရာကြီး ဦးဘထွန်းကို သွားပင့်ချေ"

"အရီးစွာကို လိုက်ပို့မိတာ မှားတာပဲ၊ အခုထိတောင် ထမင်း မစားရသေးဘူး"

"စကားရှည်မနေနဲ့။ ပြန်လာရင် ထမင်းကျွေးမယ်။ အခု ဆရာကြီး၊ သွားပင့်ချေ"

"ဟုတ်ကဲ့ အရီးစွာ"





ချစ်ဦးမှာ အရီးစွာ၏ စကားကို မလွန်ဆန်နိုင်ဘဲ ဆရာကြီး အိမ်သို့ သွားရောက်ခဲ့သည်။ လမ်းတစ်လျှောက်လုံးတွင် မကျေနပ်သဖြင့် တတွတ်တွတ်ပြောလေရာ ညောင်ပင်ကြီးအောက် အရောက်တွင် အရီးစွာ၏ စကားကြောင့် ကြောက်စိတ်များဝင်လာပြီး တစ်ကိုယ်လုံး အေးစိမ့်သွားကာ ...

"အမလေး ... တစ်ကိုယ်လုံး ချမ်းစိမ့်ပြီး ကြက်သီးတွေတောင် ထလာပြီး အမြန်ပြေးသွားမှ ဖြစ်မယ်"

ထိုသို့တွေးပြီး ညောင်ပင်အောက်မှ အမြန်ဆုံး ပြေးခဲ့ရာ ညောင်မုတ်ဆိတ်ပင်ကြီးမှ အမြစ်များမှာ အသွယ်သွယ် ကျဆင်းနေသည့် အတွက် ထိုအမြစ်များနှင့် လည်ပင်းကို ရစ်ပတ်သကဲ့သို့ဖြစ်ရာ ...

"အမလေး ... ဆွဲမထားပါနဲ့ ကျုပ်က ကြောက်တတ်တယ်ဗျ"

ထိုသို့ အော်ဟစ်ပြီးနောက် သေချာစွာ ကြည့်လိုက်သောအခါ ...

"ရော် ... ညောင်မုတ်ဆိတ် အမြစ်တွေပဲ။ တော်ပါသေးရဲ့ ဟင်း"

ဤသို့ သက်ပြင်းတစ်ချက်ချကာ ဆေးဆရာကြီး အိမ်ဆီသို့ အပြေးသွားခဲ့သည်။

"ဆရာကြီး ... ဆရာကြီး"

"ဟဲ့ ဘယ်သူတုန်း"

"ကျွန်တော် ချစ်ဦးပါ"

"မောကြီးပန်းကြီးနဲ့ ဘယ်လိုဖြစ်လာတာတုန်း"

"အရီးစွာ မြေးလေး တအားငိုနေလို့ အရီးစွာက ဆရာကြီး၊



www.burmeseclassic.com

www.burmeseclassic.com



သွားပင့်လို့ ပြောလို့လာခဲ့တာ''

''ဟော ... သူ့မြေးလေးက ဘယ်လိုဖြစ်တာတုန်း''

''ပြောရရင်တော့ အပမီတဲ့သဘောပေါ့''

ချစ်ဦးက ဖြစ်စဉ်ကို အစအဆုံးပြောပြီး သူ့အား ညောင်မှတ်ဆိတ်မြစ်များကပါ ဆွဲထားပုံကို စီကာပတ်ကုံးပြောလိုက်ရာ ဆရာကြီးက ...

''ဘာမှမစိုးရိမ်ပါနဲ့၊ မင်း ငါနဲ့ပြန်လိုက်ခဲ့''

''ဟုတ်ကဲ့ ဆရာကြီး''

ဤသို့ဖြင့် မကြာမီအချိန်အတွင်း ဆေးဆရာကြီးနှင့် ချစ်ဦးတို့နှစ်ဦးသည် အရီးစွာ၏ အိမ်သို့ရောက်ရှိလာခဲ့သည်။

''ဆရာကြီး ကြွပါ ... ကြွပါ''

''ဟဲ့ ... ကလေးက ဘာဖြစ်တာတုန်း''

ဆရာကြီးက မေးမြန်းပြန်ရာ အရီးစွာကလည်း ချစ်ဦးအတိုင်းပင် ပြောပြခဲ့သည်။

ထိုအခါ ဆရာကြီးက ...

''နင့်တို့ တိမ်ခိုးငယ်ဝေဝေ အိုင်ချင်းကို ကြားဖူးသလား''

''မကြားဖူးပါဘူး ဆရာကြီး''

''မကြားဖူးရင် မှတ်ထား၊ ငါပြောပြမယ်''

''ဟုတ်ကဲ့ ဆရာကြီး''

''အဲဒီ အိုင်ချင်းထဲမှာ ''မိုးချုပ်ကယ်မှနေဝင်၊ စားဖို့ထဲ အမဲကင်၊ စုန်းမှင်နတ်တို့ ရဲတတ်တယ်တဲ့''

''အဲဒါ ဘာပြောတာလဲ ဆရာကြီး''





''နင်တို့မလဲ၊ ဗဟုသုတက တယ်နည်းတာကိုးဟ''

''ပြောပါ ဆရာကြီးရယ်''

''ဟဲ့ နေဝင်မိုးချုပ်ရောက်မှ ငါးခြောက်ငါးခြမ်းတွေကို အိမ်ထဲယူလာတော့ အပမှီပြီး ကလေးကိုလှန့်တာပေါ့၊ ဒါကြောင့် ကလေးက ဒီလောက်ငိုနေတာ''

''ဒါဆိုဆရာကြီးရယ် ကျွန်မတို့ကို ကယ်ပါဦး''

''ကဲ ... ငါပြောတဲ့ အတိုင်းလုပ်''

ထိုသို့ပြောပြီး စကောတစ်ချပ်တွင် စက္ကူခင်းလိုက်သည်။ ထမင်းဆုတ်(၇)ဆုတ်ပုံပြီး ၎င်း၏ဘေးတွင် အရီးစွာယူလာသော ငါးခြောက်နှစ်ပြားကို ထဲ့လိုက်သည်။

ထို့နောက် စကောကိုယူ၍ ခြီရှေ့ထွက်ပြီး ...

''ကလေးကိုလှန့်တဲ့ ပုဂ္ဂိုလ်တွေကို ကျွေးမွေးပါတယ်။ စားကြပါ၊ စားကြပါ၊ သောက်ကြပါ။ အခုကစပြီး ကလေးကို မလှန့်ပါနဲ့၊ နောင်ကိုလည်း မလုပ်ပါနဲ့ မေတ္တာရှေ့ထားပြီး တောင်းပန်ပါတယ်''

ဆရာကြီးက နှုတ်မှတတွတ်တွတ်ပြောပြီး အိမ်ပေါ်သို့ ပြန်တက်ခဲ့သည်။ ခဏအကြာတွင် ခွေးနက်ကြီးတစ်ကောင် ရောက်လာပြီး ထိုအရာများကို အားလုံးစားသောက်ပြီး ပြန်သွားခဲ့သည်။ စားသောက်ချိန်မှာ အလွန်ဆုံး ငါးမိနစ်ခန့်သာ ကြာပေမည်။ ဆရာကြီးသည် ကလေးအား ဆေးတစ်ခွက်တိုက်ပြီး ပရိတ်တော်များကို ရွတ်ဆိုနေသည်။

ထို့နောက် အော်ဟစ်ငိုယိုနေသော ကလေးမှာ ချက်ချင်းအငိုတိတ်ကာ သူ့မိခင်၏ နို့ကိုစို့ရင်း အိပ်ပျော်သွားခဲ့သည်။ ဤအခြင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးသည် အိမ်ခေါင်းရင်းခန်းတွင်ထိုင်ပြီး ကွမ်းကိုယာလိုက်သည်။

ကွမ်းပလုတ်ပလောင်းနှင့် စကားဆက်ပြောခဲ့သည်။

"မြတ်စွာဘုရားရှင်က (၃၁)ဘုံရှိကယ်ဆိုတာ အတိအကျ ဟောခဲ့တယ်။ အဲဒီအထဲမှာ အပါယ်လေးဘုံရှိတယ်။ အပါယ်လေးဘုံထဲမှာ ပြိတ္တာဘုံသားတွေရှိတယ်။ ပြိတ္တာဘုံလို့ ပြောပေမယ့် တကယ်တန်း ဘုံအတိအကျမရှိလို့ လူ့ဘုံမှာ ရောနှောနေထိုင်ကြသကွဲ့"

'ဆက်ပြောပါ ဆရာကြီး"

ချစ်ဦးက သရဲတစ္ဆေအကြောင်းကို လွန်စွာ စိတ်ဝင်စားသူဖြစ်၍ အားတက်သရော မေးလိုက်သည်။

"ပြောရရင်တော့ ပြိတ္တာတွေက အမျိုးမျိုးပေါ့ကွယ် အမျိုးအစားအားဖြင့်(၄)မျိုး သတ်မှတ်ထားတယ်ကွဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ပရဒတ္တူပဇီဝိတပြိတ္တာ၊ ဥပ္ပိပါသိကပြိတ္တာ၊ နိဇ္ဈာမတဏှိက ပြိတ္တာနဲ့ ကာလကဉ္စိက ပြိတ္တာတို့ဖြစ်တယ်။ ပရဒတ္တူပဇီဝိတ ပြိတ္တာဆိုတာ သူတစ်ပါးတို့ ပေးကမ်းစွန့်ကြဲသော စားဖွယ်သောက်ဖွယ်ကို အမှီပြုပြီး အသက်ရှင်ရတဲ့ ပြိတ္တာမျိုးပေါ့ကွယ်၊ လူနဲ့ နီးစပ်တယ်လို့ ဆိုရမယ်။ အဲဒီထဲမှာ တစ်ချို့ပြိတ္တာတွေဟာ စားချင်သောက်ချင်တော့ ကလေးငယ်တွေကို ချောက်လှန့်တတ်တယ်လို့ အဆိုရှိတယ်။ ဒါကြောင့် ကလေးငယ်လေးတွေကို နေဝင်မိုးချုပ်ရင် အပြင်မထွက်ရဘူး အပမှီတတ်တယ် လို့ပြောတာ"

"ဟုတ်ကဲ့ပါ ဆရာကြီး"





"ဥပ္ပိပါသိကပြိတ္တာမျိုးက တော့ အစာငတ် ရေငတ်ခြင်းတို့နဲ့ အမြဲဒုက္ခခံနေရတဲ့ ပြိတ္တာမျိုးပဲ။ နိဇ္ဈာမတဏှိက ပြိတ္တာကတော့ အမြဲတမ်း လောင်ကျွမ်းပူပန်းခြင်းခံနေရတဲ့ ပြိတ္တာမျိုးပေါ့။ ကာလကဉ္စိက ပြိတ္တာကတော့ အသုရကယ်လို့ခေါ်တဲ့ ပြိတ္တာမျိုးပေါ့။ ဒါတွေဟာ ပေတဝတ္ထုတော်လာအတိုင်း ဆရာကြီးကပြောပြတာ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"တကယ်တော့ သူတို့တွေဟာ သနားဖို့ကောင်းတယ်။ လူ့လောကမှာ နေစဉ်တုန်းက ဒုစရိုက်တွေကို လုပ်ခဲ့တဲ့ အကုသိုလ်ရဲ့ အကျိုးပေးပေါ့"

"သနားဖို့ကောင်းတာတော့ မှန်ပါတယ်။ ဒါပေမယ့် အဲဒီလို ခြောက်လှန့်တောင်းတာတော့ မကောင်းဘူးပေါ့"

"မင်းပြောတာလဲ မှန်ပါတယ်။ ဒါပေမယ့် ကိုယ့်ဘက်က ကြည့်ရသလို သူတို့ဘက်ကိုလည်း ကြည့်ရတာပေါ့၊ သူတို့ဟာ လူ့ဘဝတည်းက ဒုစရိုက်သမားတွေဆိုတော့ ကြမ်းကြမ်းတမ်းတမ်းပြမှ အစာစားရမယ်ဆိုလဲ ကြမ်းပြမှာပဲ၊ ဒါကြောင့် ကိုယ်က သရဏဂုံ(၃)ပါးကို ဆောက်တည်ရမယ်။ ပြီးရင် ပရိတ်တွေ ဂုဏ်တော်တွေ အစရှိတဲ့ ဓမ္မစာပေတွေကို ရွတ်ဆိုရမယ်။ ဒါဆိုရင် သူတို့ဟာ ဆရာကြီးတို့ကို ခြောက်လှန့်ဖို့ဆိုတာ ဝေးလာဝေး။ အနီးတောင် မကပ်နိုင်ဘူး။

"ဟုတ်ကဲ့ ဆရာကြီး"

"ကဲ ဆရာကြီးက ကလေးကို ဆေးလည်းကုပြီးပြီ။ ကလေးကလည်း အိပ်ပြီဆိုတော့ ပြန်တော့မယ်။"

"ကျွန်တော် လိုက်ပို့ပါ့မယ် ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် ဆရာကြီးနှင့်အတူ ချစ်ဦးလည်း လိုက်ပါလာခဲ့သည်။

လူ့စိတ်များ ဆန်းကြယ်လွန်းလှသည်။ ချစ်ဦးမှာ တစ်ယောက်တည်း သွားစဉ်က ဤညောင်မှတ်ဆိတ်ပင်ကြီးအောက်သို့ အရောက်တွင် ဒူးတုန်အောင် ကြောက်ခဲ့သမျှ သီလ၊ သမာဓိရှိသော ဆေးဆရာကြီးနှင့်အတူ ပြန်လာရသောအခါ ကြောက်စိတ်လုံးဝမရှိဘဲ ရဲဝံ့စွာ ဖြတ်သန်းနိုင်ခဲ့သည်။ ဆရာကြီးသည် သူနှင့်အတူ အပြန်လမ်းတွင် တစ္ဆေပုံပြင် များကို ပြောပြခဲ့သည်။

❧ ❧ ❧





## အခန်း(၃)

## "ပေတေဆေးဆရာပုံပြင်"

ဆရာကြီးက တစ္ဆေသရဲအကြောင်းနှင့် ပတ်သက်ပြီး အတွေ့အကြုံ ဗဟုသုတများသူပီပီ ပေတခေါ်ပြိတ္တာတို့၏ အကြောင်းကို ပြောပြခဲ့သည်။

''တစ္ဆေ၊ သရဲ၊ ကျပ်၊ ပြိတ္တာဆိုတာ ဘုမ္မသိတနတ် အမျိုးအစားထဲမှာ ပါတယ်ကွဲ့။ အညံ့စားနတ်တွေပေါ့ကွယ်။ ပြိတ္တာမျိုးနွယ်ထဲမှာ တစ္ဆေ၊ သရဲ၊ အစိမ်းတဘက်၊ မြေ၊ ဖုတ်၊ မှင်စာ၊ .ကျပ်၊ ဝိနိပါနိကာ စတဲ့ အမျိုးအစားတွေပါရှိတယ်။ တစ္ဆေဆိုတာကတော့ "တဇ္ဇေတိက" ရွေ့လျားလာတာ။ တဇ္ဇေတိရဲ့ အဓိပ္ပါယ်ကတော့ ခြောက်လှန့်တတ်သူလို့ အဓိပ္ပါယ်ရတယ်ကွဲ့''

''ဟုတ်ကဲ့ပါ ဆရာကြီး''

''ဆရာကြီးတို့လို ဆေးဆရာကြီးတွေဟာ သရဏဂုံသုံးပါးကို မနက်မိုးလင်းကတည်းက ရွတ်ဆိုရတယ်။ ပြီးတော့ ဂုဏ်တော်များ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပြီး ပရိုက်ကြီးတွေကို ရှုတ်ဖတ်ရတယ်။ ငါးပါးသီလလုံရတယ်ကွဲ့ ဒါမှမကောင်းတဲ့ မိစ္ဆာတွေရဲ့ ဘေးအန္တရာယ်က ကင်းဝေးမှာ''

''ဆရာကြီး ကျွန်တော် မသိလို့ မေးပရစေ။ ဆေးဆရာနဲ့ အဲဒီ တစ္ဆေနဲ့ ဘယ်လိုသက်ဆိုင်လို့လဲ''

''သက်ဆိုင်တာပေါ့ကွာ။ တို့ဆေးဆရာဆိုတာ နေ့နေ့ညည လူနာရှိတယ်ဆိုပြီး လာခေါ်ရင် လိုက်ရတဲ့ လူတွေပဲ။ တစ်ခါတစ်လေမှာ ကျပ်တွေဟာ လူယောင်ဆောင်ပြီး ဆေးဆရာလာပင့်တယ်တဲ့ ဒီပုံပြင်တွေက ရှေးဘိုးဘွား လက်ထက်က ပုံပြင်တွေပေါ့ကွာ''

''ဟုတ်ကဲ့ ပြောပါ ဆရာကြီး နားထောင်ချင်လို့ပါ''

''ဟို့ . . . ရှေးအခါက ရွာတစ်ရွာမှာ နာမည်ကြီးတဲ့ ဆေးဆရာကြီး တစ်ဦးရှိတယ်ကွဲ့ သူဟာ ဆေးကုတာ အလွန်တော်တာကြောင့် ရွာနည်းချုပ်စပ်က ရွာသူရွာသားတွေကပါ ဆေးဆရာကြီးကို လာပင့်ကြတယ်ဟဲ့။ တစ်ညမှာတော့ လူတစ်စုဟာ ဆေးဆရာကြီးကို လာပင့်တယ်တဲ့ ဆရာကြီးက ဘယ်ရွာကလဲလို့ မေးတော့ သူတို့ပြောတဲ့ ရွာကို ဆရာကြီးက ကြားတောင်မကြားဖူးဘူးတဲ့။ ဒါနဲ့ ဆရာကြီးက သိပ်ဝေးလို့ မလိုက်ဘူးလို့ ပြောလိုက်တော့ သူတို့မှာ မြင်းပါတယ်။ ဒါကြောင့် လိုက်ခဲ့ပါလို့ မရမက ပြောတော့ ဆရာကြီးကလည်း လူနာအတွက် စေတနာ ရှေ့ထားပြီး လိုက်လာခဲ့တယ်။''

''ဟုတ်ကဲ့ ဆက်ပြောပါ ဆရာကြီး''

''အဲဒီအုပ်စုက ဆရာကြီးကို ခေါ်သွားလိုက်တာ ရွာစဉ်အတော်များများကို ကျော်သွားပြီး ချုံပုတ်တွေ တောတွေဆီကို ရောက်သွားခဲ့တယ်။





ဒါနဲ့ ဆရာကြီးက မရောက်သေးဘူးလားလို့ မေးတော့ ရောက်ခါနီးပြီလို့ အသံသြကြီးနဲ့ ပြန်ပြောလိုက်တယ်။ အဲဒီမှာတင် ဆရာကြီးက သင်္ကာမကင်းဖြစ်ပြီး သူစီးလာတဲ့ မြင်းကို ဓားမြှောင်နဲ့ထိုးလိုက်တာ ''အား'' ဆိုတဲ့ အသံနက်ကြီးနဲ့အော်ပြီး ပျောက်သွားရော။ လာခေါ်တဲ့ လူသိုက်ကလည်း အလွန်ရုပ်ဆိုးတဲ့လူတွေ အသွင်ပြောင်းသွားပြီး တဖြည်းဖြည်း ပျောက်ကွယ်သွားတယ်။ အဲဒီဆရာကြီးဟာ ညဥ့်သန်းခေါင်ယံ အချိန်လောက်မှာ ကွင်းပြင်ကျယ်ကြီး အလယ်မှာတစ်ယောက်တည်း ကျန်ရစ်နေခဲ့တယ်။ ဆရာကြီးလည်း အဲဒီကနေ ခြေလျှင်ပြန်လာခဲ့ရတယ်။''

''အဲဒါဘာကြောင့် ဒီလိုလာခေါ်ရတာလဲ''

''သူတို့ နေထိုင်ရာ နေရာကိုခေါ်သွားပြီး ချောက်လှန့်ကြမယ်ပေါ့။ ဒါကြောင့် ဆရာကြီးက အဲဒီလို မိစ္ဆာတွေလာ မခေါ်နိုင်အောင် သရဏဂုံသုံးပါးကို အမြဲရွတ်ဖတ်ပူဇော်တာပေါ့ကွယ်''

ထိုသို့ပြောရင်း ဆက်လျှောက်လာခဲ့သည်။

''ဟို့ . . . ရှေးခေတ်ကလူတွေဟာ အဲဒီမိစ္ဆာတွေနဲ့ မကြာခဏ ကြုံကြိုက်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရွာတစ်ရွာနဲ့ တစ်ရွာရဲ့ကြားမှာ သစ်ပင်ကြီးတွေ လျှိုတွေ၊ မြောင်တွေ တောအုပ်တွေရှိကြတယ်။ သူတို့ဟာ သီးခြားဘုံမရှိတော့ အဲဒီ မြစ်ဖျား၊ ချောင်းဖျား၊ လျှိုမြောင်၊ တောအုပ်တွေမှာ နေကြတယ်။ သူတို့ဟာ စားချင်သောက်ချင်တော့ လူတွေကို လှည့်စားခဲ့ကြတယ်။ ဆရာကြီး အခုပြောပြမယ့် တစ္ဆေဆေးဆရာကြီး အကြောင်းကလည်း ဆရာကြီးတို့လို ဆေးဆရာအတွက် ဂရုပြုရမယ့် အကြောင်းအရာတွေထဲမှာ ပါတယ်ကွဲ့။''



www.burmeseclassic.com

www.burmeseclassic.com



"တစ္ဆေ ဆေးဆရာကြီး ဟုတ်လား၊ ထူးဆန်းလိုက်တာ"

"အေး ... သူတို့ဟာ အမျိုးမျိုး ဟန်ဆောင်တတ်တယ်။ ဒါကြောင့် တောထဲ၊ တောင်ထဲသွားတဲ့အခါ နာမည်မခေါ်ရဘူး။ ညနေနေဝင်ရီတရောမှာ ကလေးသူငယ်တွေ ချော်လဲရင် တစ်ခုခုပြောရတယ်"

"ဪ ... သိပြီ ဆရာကြီး ကလေးငယ်တွေ ချော်လဲရင် ဖတ်၊ ဖတ်လို့ပြောပြီး ခြေဖနောင့်နဲ့ ဆောင့်တာကိုး"

"ဟုတ်တယ်။ အဲဒါဟာ အပမမှီအောင် လုပ်တာကွဲ့"

"ဒါနဲ့ တစ္ဆေဆေးဆရာကြီးအကြောင်း ဆက်ပြောပါဦး"

"ဒါလည်း ရှေးဘိုးဘွားတွေပြောတဲ့ ပုံပြင်ဆန်ဆန်အကြောင်းတွေပဲ အဖြစ်ကတော့ ဒီလိုပါ"

ဤသို့ အစချီလျှက် ဆရာကြီးက မောင်ချစ်ဦးကို ပြောပြခဲ့သည်။ ဆေးဆရာကြီး ဦးမိုးညိုဆိုလျှင် ကုန်းတန်းကြီးရွာက နာမည်ကြီး ဆေးဆရာကြီး တစ်ဦးမှန်း ကုန်းတန်းကြီးရွာ၏ ရွာနည်းချုပ်စပ်ရွာများက အစသိသည်။ ကုန်းတန်းကြီး ကျေးရွာကား ရွာစဉ်ခုနစ်ရွာရှိသည်။

ကုန်းတန်းကြီးရွာ၊ ကုန်းတန်းလေးရွာ၊ ငါးအိမ်စုရွာ၊ ဆယ်အိမ်စုရွာ၊ သဖန်းပင်ရွာ၊ သစ်ပုတ်ပင်ရွာနှင့် ခုနစ်စဉ်တန်းရွာတို့ဖြစ်သည်။ ထိုရွာများမှာ တောင်ခြေတွင် တည်ထားပြီး ထိုရွာများ၏ အနောက်ဘက်တွင် ရိုးမတောင်တန်းကြီးရှိသည်။ ထိုရွာရှိ ရွာသူရွာသား အများစုမှာ နံနက်စောစော တောင်ပေါ်တက်၍ မျှစ်ချိုးသူချိုး မှိုရှာသူရှာနှင့် တစ်ချို့ရွာသူများမှာမူကား ...။ ထင်းအဖြစ် သစ်ခုတ်ရောင်းသူက ရောင်း၊ များဖွပ်သူကဖွပ်နှင့် ကြုံရာကျပမ်း လုပ်ကိုင်စားသောက်ခဲ့ကြသည်။





ထွန်းလူတို့သားအဖမှာ တောင်ပေါ်တက်ကာ သစ်ခုတ်သော အလုပ်ကို လုပ်ကိုင်ခဲ့ကြသည်။ တစ်နေ့သော် ...

"သားရေ ... ဒီအပင်ကြီးက မြင့်တော့မြင့်တယ်။ ဒါပေမယ့် အကိုင်းတွေများတော့ ဒီတစ်ပင်ထဲနဲ့တင် ထင်းများများရမယ်"

"ဒါဆို သားတက်မယ် အဖေ"

"မင်းမတက်နိုင်ပါဘူးကွာ။ ငါပဲတက်မယ်။ ငါခုတ်ချတဲ့ အကိုင်းတွေကို မင်း အောက်ကကောက်ပေါ့"

"ဟုတ်ကဲ့ အဖေ"

ဤသို့ပြောပြီး ထွန်းလူက သစ်ပင်ပေါ်တက်သွားခဲ့သည်။

အောက်ဘက်ရှိ အကိုင်းများမှစ၍ တစ်ကိုင်းပြီး တစ်ကိုင်း တဆင့်တဆင့် အမြင့်သို့တက်သွားခဲ့သည်။ အမြင့်တွင် တွေ့ရှိရသော အကိုင်းများကိုလည်း ဓားဖြင့်ခုတ်ကာ အောက်သို့ပစ်ချလိုက်သည်။ သားဖြစ်သူကလည်း သစ်ကိုင်း များကို လွတ်သည့်နေရာသို့ ဆွဲသွားပြီး ခုတ်ဖြတ်နေခဲ့သည်။

ထိုစဉ် အကိုင်းတစ်ကိုင်းကို နင်းလိုက်ရာ ထိုအကိုင်းမှာ သစ်ခြောက်ဖြစ်ပြီး ဆွေးနေသဖြင့် ကိုထွန်းလူ၏ ကိုယ်အလေးချိန်ကို မခံနိုင်ဘဲ ...

"ဝုန်း"

"ဘုန်း"

"အမလေးဗျ"

ဟူသော အသံများနှင့်အတူ အောက်သို့ပြုတ်ကျလာခဲ့သည်။ အပင်မြင့်မှကျသည့် အရှိန်ကြောင့် မေ့မျောသွားခဲ့သည်။ သားဖြစ်သူမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဆီသို့ ပြေးလာပြီး ပွေ့ဖက်ကာ ...

"အဖေ ... အဖေ ... အဖေ"

ဟုခေါ်ပြီး လှုပ်နိုးခဲ့သည်။ သို့သော် ဒဏ်ပြင်းသည့်အတွက် မေ့မျောနေဆဲပင်။ ထိုအခါ သားဖြစ်သူမှာ စိုးရိမ်လွန်ပြီး အခြားတစ်နေရာ၌ မျှစ်ချိုး ဝါးခုတ်နေသော သူများထံသို့ ပြေးသွားပြီး လမ်းတစ်လျှောက်လုံးတွင် ...

"လုပ်ကြပါဦး ... ကယ်ကြပါဦး၊ အဖေထွန်းလူ သစ်ပင်ပေါ်က ပြုတ်ကျလို့"

"လာကြပါဦး ... ကယ်ကြပါဦး၊ အဖေထွန်းလူ သစ်ပင်ပေါ်က ပြုတ်ကျလို့"

ထိုသို့ အော်ဟစ်ပြီး တောလမ်းအတိုင်း ပြေးလာရာ မကြာမီ ဝါးခုတ်သူများဆီသို့ ရောက်ရှိလာသည်။ ထိုအခါ ဝါးခုတ်သူများက ...

"ဟဲ့ ... ကောင်လေး ... ဘာလို့ မင်းအဖေနာမည်ကို တကျော်ကျော် အော်လာရတာတုန်း"

"အဖေ ... အဖေ ... သစ်ပင်သစ်ပင်ပေါ်က ပြုတ်ကျပြီး သေမလား၊ ရှင်မလား မသိဘူး ခေါ်လို့လဲ မရဘူး"

"ဟေ"

"ဒါဆို ငါတို့ လိုက်ခဲ့မယ်"

ဤသို့ပြောပြီး သူတို့သည် စိုးရိမ်စိတ်ဖြင့် လိုက်လာခဲ့ကြသည်။ မကြာမီ ဦးထွန်းလူကို တွေ့လိုက်ရသည်။ သူသည် ယခုထိတိုင်အောင် သတိမရသေးပေ။





"ဟော့ ... ဟော့ ... ဟော့ကောင်ကြီး ထပါကွာ"

သူတို့က ထွန်းလူဟုမခေါ်ဘဲ "ဟော့ကောင်ကြီး"ဟူသော နာမ်စားကို အသုံးပြုပြီး ခေါ်လိုက်သည်။ သည်တွင် ထွန်းလူ၏ သားမှာ ...

"အဖေ ထွန်းလူ အမြန်သတိရပါတော့။ သားစိတ်ဆင်းရဲလှပြီ"

ထိုသို့ ငိုသံပါကြီးနှင့် ပြောလိုက်ရာ ဝါးခုတ်သူ ဦးကြီးက ...

"ဟော့ကောင်လေး ... တောထဲ တောင်ထဲမှာ မင်းအဖေ ၊ နာမည်ကို မခေါ်ရဘူး"

"ဘာဖြစ်လို့လဲဗျ"

"နာမည်ခေါ်တာမျိုးဟာ တစ်ခါတစ်ရံ ကြုံကြိုက်ရင် အပမှီတတ်တယ်ကွဲ့"

"အဖေကလည်း မေ့နေလို့ နာမည်ခေါ်လိုက်တာပါ။ နောက်ဆို မခေါ်တော့ပါဘူး။"

"အေး ... အေး"

"ဒါထက် မင်းအဖေက အခုထိတောင် သတိမရသေးဘူး။ ဒီတော့ မင်းအဖေကို စောင်ပခက်လုပ်ပြီး ရွာကိုပြန်ခေါ်သွားမှ ဖြစ်မယ်"

ထိုလူတစ်သိုက်မှာ စောင်ပခက်လုပ်ပြီး ခုတ်ထားသော ဝါးများဖြင့် လျှိုထမ်းကာ ရွာသို့ သယ်ဆောင်လာခဲ့သည်။

ဦးထွန်းလူမှာ ရွာရောက်သည့်တိုင်အောင် သတိမရသေးပေ။ ထို့ကြောင့် ၎င်းတို့ရွာနှင့် နှစ်ရွာခန့် ဝေးသော ကုန်းတန်းကြီးရွာမှ ဆရာကြီး ဦးမိုးညိုကို သွားပင့်ရန် ပြောဆိုနေစဉ် ...။

ထိုညနေစောင်းတွင် အချိန်တွင် ... ပုဆိုးအကျႌကျဲကြီး



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ထားပြီး အပေါ်တွင် တိုက်ပုံအင်္ကျီ ဝတ်ထားသော ခေါင်းပေါင်း ပေါင်းထားသည့် သားသားနားနား အဘိုးကြီးတစ်ယောက်နှင့် တပည့် တစ်ဦးနှင့်အတူ အိမ်ရှေ့သို့ရောက်လာပြီး . . .

"ဒါထက် . . . ဒီအိမ်က မောင်ထွန်းလူတို့ အိမ်လားကွဲ့"

"ဟုတ်တယ် ဘကြီး"

"အိမ်း . . . ငါကတော့ နယ်လှည့် ဆေးဆရာကြီး ဦးဖြူသီးပါ မောင်ထွန်းလူတစ်ယောက် သစ်ပင်ပေါ်က ပြုတ်ကျတယ်လို့ ကြားလို့လာ ကြည့်တာပါ"

"ဩော် . . . နယ်လှည့် ဆေးဆရာကြီးလား။ ဒါဆိုရင် အတော်ပဲ၊ လူနာက အခုအထိ သတိမရသေးလို့ ဆေးဆရာပင့်ဖို့ လုပ်နေတုန်း အခန့်သင့်လိုက်တာ လာပါဝင်ပါ ဆရာကြီး"

ဦးထွန်းလူ၏ မိန်းမက အိမ်ပေါ်သို့ခေါ်သဖြင့် ဆရာတပည့် နှစ်ဦးမှာ အိမ်ပေါ်သို့ရောက်ရှိသွားသည်။ ထို့နောက် လွယ်အိတ်ထဲတွင် ပါသည့် ဆေးပုလင်းမှ ဆေးလုံးတစ်လုံးကို ရေဖျော်ပြီး ဦးထွန်းလူ၏ ပါးစပ်ထဲသို့ လောင်းထဲ့လိုက်သည်။ မကြာမီ ဦးထွန်းလူမှာ သတိပြန်ရပြီး . . .

"ငါ . . . ဘယ်ရောက်နေတာလဲ၊ လူတွေကလည်း အများကြီး ပါလား"

ဦးထွန်းလူမှာ ထထိုင်ပြီး စကားပြောလိုက်သဖြင့် အိမ်သားများမှာ ဝမ်းသာအားရ ဖြစ်သွားခဲ့သည်။

"ဆရာကြီးရယ် ကျေးဇူးတင်လိုက်တာ ဆေးဘိုးဝါးခ ဘယ်လောက် ပေးရမလဲ ဆရာကြီး"





"ကိစ္စမရှိပါဘူး၊ စေတနာရှိရင် ညစာ ထမင်းတစ်နပ်ပဲ ကျွေးပါ။"

"ဟုတ်ကဲ့၊ ကျွေးပါ့မယ် ဆရာကြီး အရှေ့ပိုင်းက နွားပေါ်လို့ အမဲသားဟင်း ချက်ထားပါတယ် ဆရာကြီး အမဲသားဟင်းစားလား ဆရာကြီး"

"ကျုပ်ကတော့ ကြုံရာနဲ့ စားပါတယ်"

တောသူတောင်သားများမှာ စေတနာသဒ္ဓါတရား ထက်သန်သူ ပီပီ . . .။ ဆရာကြီးနှင့် သူ၏တပည့်ကို အမဲသားဟင်းဖြင့် ထမင်းကျွေးရာ လူနာကလည်း . . .

"ငါလည်း ထမင်းစားချင်တယ်။ ငါ့လည်း ကျွေးဦး"

ဟူ၍ အသံသြသြကြီးနှင့် ပြောလိုက်ရာ ၎င်း၏သားက သူ့အမေအား . . .

"အမေ . . . အမေ အဖေရဲ့ အသံက တစ်မျိုးကြီးပဲ"

ဤသို့ပြောလိုက်ရာ ထမင်းစားနေသော ဆရာကြီးက . . .

"ဟဲ့ . . . မင်းအဖေက သစ်ပင်ပေါ်ကကျတုန်းက ခေါင်းနဲ့ ကျတာကိုး။ ဒါကြောင့် လည်ချောင်း ပုဝင်သွားပြီး အသံသြသွားတာ"

"အဖေ . . . သစ်ပင်ပေါ်ကကျတုန်းက ဆရာကြီးမှ မရှိတာ။ ခေါင်းနဲ့ကျမှန်း ဘယ်လိုသိသလဲ"

ထိုစဉ် သူ၏ မိခင်ကြီးက . . .။

"ဟဲ့သား . . . ဆရာကြီးကို အဲဒီလို မပြောရဘူး"

ဤသို့လှမ်း၍ ဟန့်လိုက်ရာ ဆရာကြီးက . . .

"ကိစ္စမရှိပါဘူး။ သူမရှင်းလို့ မေးတာပဲ။ မင်းအဖေရဲ့ ခေါင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာရထားတယ်ကွဲ့။ ခေါင်းကိုထိလို့ သတိမေ့သွားတာပေါ့။ လက်ကို ထိရင် ဘယ်သတိမေ့မလဲ။ ဒါကြောင့် ခေါင်းနဲ့ကျတာလို့ပြောတာ''

''ဟုတ်တယ် ဆရာကြီး။ အဖေက သစ်ပင်ပေါ်က ပြုတ်ကျတော့ လွန့်ပြန့်ပြီး အောက်ကိုထိုးကျတာဆိုတော့ ခေါင်းနဲ့ကျတာပါ ဆရာကြီး''

''အေး ... အေး''

ထိုသို့ဖြင့် ဦးထွန်းလှ၊ ဆရာကြီးနှင့်တပည့် သုံးဦးသား စားကြရာ ထမင်းတစ်အိုးလုံးနှင့် အမဲသားဟင်းများပါ တက်တက်ပြောင်သွားခဲ့သည်။

''ဟင် ... အဖေကလည်း အရင်ကထက် သုံးဆလောက် ပိုစားနေပါလား အဖေ''

''အေးကွဲ့၊ များများစားနိုင်မှ မြန်မြန်ရောဂါ ပျောက်မှာပေါ့ကွယ်''

ထို့နောက် ဆေးဆရာကြီးနှင့် တပည့်တို့ပြန်သွားရာ ဦးထွန်းလှမှာ အိပ်ယာထက်၌ ပက်လက်ကလေး ကျန်ခဲ့သည်။ နောက်ရက်များတွင်လည်း မထနိုင်ဘဲ ပက်လက်အနေအထားဖြင့် အိပ်ယာထက်၌ လဲနေသည်။

ညနေပိုင်း နေဝင်ဖျိုးဖျ အချိန်တွင် နယ်လှည့်ဆရာကြီးနှင့် သူ၏တပည့်တို့ ရောက်ရှိလာပြန်သည်။ ဆရာကြီးက ...

''လူနာ ဘယ်လိုနေသေးလဲ'' ဟု မေးရာ ဦးထွန်းလှ၏ မိန်းမက ...

''ဆရာကြီး ပြန်သွားကတည်းက ပက်လက်ပဲ သိပ်မသက်သာသေးဘူး ဆရာကြီး''

''အေး ... အေး ... ဘာမှစိတ်မပူနဲ့။ ဆရာကြီးနဲ့တွေ့ရင် လူနာငေါက်ကနဲ ထထိုင်ရမယ်''





ဤသို့ပြောပြီးနောက် မန္တကလိုပင် ဆေးတစ်လုံးကို ရေဖျော်ပြီး တိုက်လိုက်ရာ လူနာမှာ ငေါက်ကနဲ ထထိုင်ပြီး ...

''ထမင်းစားချင်တယ်။ မန္တကလို အမဲသားဟင်းနဲ့ ကျွေးပါ''

ဟုပြောသဖြင့် ဆရာကြီးက တဟဲဟဲရယ်ပြီး ...။

''တွေ့တယ်မဟုတ်လား ဆရာကြီးရဲ့ ဆေးက ဘယ်လောက် အစွမ်းထက်သလဲဆိုတာ သောက်လိုက်တာနဲ့ ချက်ချင်းထထိုင်ပြီး ထမင်းတောင်းစားတော့တာပဲ။ ကဲ ... ကဲ လူနာကို ထမင်းကျွေးလိုက်ပါဦး''

''ဟုတ်ကဲ့ပါဆရာကြီး။ ဆရာကြီးတို့လဲ ကြုံတုန်း ထမင်းစားသွားပါဦး''

ဦးထွန်းလှ၏ မိန်းမက လူနာရော ဆရာကြီးနှင့်တပည့်ပါ ထမင်းကျွေးခဲ့သည်။ လူနာကလည်း အမဲသားဟင်း တောင်းသကဲ့သို့ နယ်လှည့် ဆေးဆရာကြီးကလည်း လူနာကို အမဲသားကျွေးမှ မြန်မြန် အားကောင်းပြီး ထူထူထောင်ထောင်ဖြစ်လာမည်ဟု ပြောသဖြင့် နေ့စဉ် အမဲသားဟင်းဖြင့် သုံးယောက်စလုံးကို ကျွေးမွေးခဲ့သည်။ ဤသို့ဖြင့် ရက်သတ္တပတ်သို့ တိုင်ခဲ့ပြီ။

လူနာကလည်း ထမင်းစားချိန်မှာ ထစားပြီး စားပြီးသည်နှင့် ပုံလုံးပက်လက် အနေအထားမှ တိုးတက်လာခြင်း မရှိပေ။ ဆရာကြီးနှင့် တပည့်မှာလည်း ညနေတိုင်းရောက်လာပြီး ထမင်းစားပြီးမှ ပြန်ခဲ့သည်။ ထိုသို့သော အဖြစ်အပျက်ကြောင့် ပတ်ဝန်းကျင်ရှိ အိမ်နီးနားချင်းများက ဦးထွန်းလှ၏ မိန်းမကို ...

''ဟဲ့ ... ထွန်းလှ အခြေအနေ ဘယ်လိုလဲ''



www.burmeseclassic.com

www.burmeseclassic.com



"မထူးပါဘူး အရီးအေးသာရယ်။ နေ့တိုင်း အမဲသားဟင်းနဲ့ ထမင်းထစားပြီး ပြန်ပြီး အိပ်သွားတာပဲ"

"ဒါထက် ဆရာကြီးက ဘယ်တော့ ကောင်းမလဲလို့ ပြောလဲ"

"မပြောပါဘူးတော် မြန်မြန်နေကောင်းအောင် အမဲသားဟင်း၊ ချက်ကျွေးရမယ် ပြောလို့ ရွာတကာလှည့်ပြီး အမဲသားဝယ်ရတာနဲ့ ရှိသမျှ ပိုက်ဆံကုန်ပါပြီတော်"

"ငါတော့ အဲဒီဆရာကြီး ကြည့်ရတာတယ် မသင်္ကာဘူး"

"ဘာဖြစ်လို့လဲ အရီးအေးသာရဲ့"

"ဘယ်ကလာလို့ ဘယ်ကပြန်သွားမှန်းလဲမသိ။ ထမင်းစားချိန် ဆိုရင်ရောက်လာတာ အချိန်ကို မှန်နေတာပဲ"

"ဒါကတော့ လူနာကြည့်ရင်းနဲ့ ကြုံကြိုက်လို့ပါတော်"

"လူနာကလည်း ပုံသိပ်မမှန်ဘူး။ ဒီတော့ ကုန်းတန်းကြီးရွာက ဆရာကြီး ဦးမိုးညိုနဲ့ပြကြည့်ပါလား။ လူနာအခြေအနေလည်း အမှန်အတိုင် သိရတာပေါ့"

"ဟုတ်တယ် ဆရာကြီးဦးမိုးညိုနဲ့ ပြကြည့်မှပဲ"

ဦးထွန်းလူ၏ မိန်းမသည် ကုန်းတန်းကြီးရွာသို့ သွားကာ ဆရာကြီးဦးမိုးညိုအား သွားပင့်ခဲ့သည်။ သို့သော် ဦးထွန်းလူမှာ လူနာ သွားကြည့်နေသဖြင့် မတွေ့ရသဖြင့် ဆရာကြီး ပြန်ရောက်လာပါက သူမ၏ ရွာသို့လာပါရန် ပြောဆိုပြီး ပြန်လာခဲ့သည်။

ညနေစောင်း အချိန်တွင် ...

ထုံးစံအတိုင်း နယ်လှည့်ဆရာကြီးနှင့် တပည့်တို့ ရောက်ရှိ လာခဲ့ကြသည်။





ထိုစဉ် ကုန်းတန်းကြီးရွာမှ ဆရာဦးမိုးညိုလည်း ရောက်ရှိလာရာ ထိုအိမ်ပေါ်တွင် ဆေးဆရာနှစ်ယောက် ဆုံမိခဲ့ကြသည်။

ထိုအခါ ဆရာကြီးဦးမိုးညိုက စိတ်ဆိုးပြီး ...

"ဟဲ့ ... နင်တို့မှာ ဆေးဆရာရှိရက်နဲ့ ငါ့ကို ဘာဖြစ်လို့ လာခေါ်ရသလဲ"

ဤသို့ မေးမြန်းရာ ...

"စိတ်မဆိုးပါနဲ့ ဆရာကြီးရယ် အမှန်အတိုင်းပြောရရင် ကိုထွန်းလူ သစ်ပင်ပေါ်ပြုတ်ကျကတည်းက ဆရာကြီးကို ပင့်ဖို့ပါ။ ကျွန်မတို့ တိုင်ပင် နေတုန်း အဲဒီနယ်လှည့်ဆရာကြီးနဲ့ တပည့်ရောက်လာပြီး ဆေးကုပေးမယ် ပြောလို့ ဆေးကုခဲ့တာပါ။ အခုတော့ ခုနှစ်ရက်ရှိတာတောင် လူနာက ပက်လက်ပဲဖြစ်နေလို့ ဆရာကြီးနဲ့ ထပ်ပြချင်လို့ လာပင့်တာပါ။ ဆရာကြီးနဲ့ မတွေ့တော့ အချိန်ခြင်းထပ်သွားတာပါ။

ဦးထွန်းလူ၏ မိန်းမက ဤသို့ရှင်းပြသောအခါ ဆရာကြီး ဦးမိုးညို စိတ်ပြေသွားပြီး နယ်လှည့်ဆေးဆရာကြီးဘက်သို့ ကြည့်ပြီး ...

"ကဲ ... ဆရာကြီးက ကုလက်စဆိုတော့ ဆရာကြီးပဲ ဆက်ကုပါ"

"အေးဗျာ ကျုပ်ဆေးကတော့ အစွမ်းထက်တယ် ဘယ်လောက် လဲနေတဲ့ လူနာဖြစ်ပါစေ ကျုပ်ရဲ့ဆေးကိုတိုက်လိုက်တာနဲ့ ငုတ်တုတ် ထထိုင်တော့တာပဲ"

"ကောင်းပါပြီဗျာ ကျုပ်ရှေ့မှာတင် ကုပေးပါ"

ဆေးဆရာကြီး ဦးမိုးညိုက ဤသို့ပြောလိုက်ရာ နယ်လှည့်



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက ထုံးစံအတိုင်း ဆေးတစ်လုံးကို ရေဖြင့်ဖျော်ပြီး လူနာကို တိုက်လိုက်သည်။ ဆေးတိုက်ပြီးသည်နှင့် လူနာမှာ ငုတ်တုတ်ထထိုင်ကာ . . .

"ထမင်းဆာတယ်။ ထမင်းဆာတယ်၊ အမဲသားဟင်းနဲ့ ကျွေးကြပါ"

အသံသြသြကြီးဖြင့် ပြောလိုက်ရာ ဆေးဆရာကြီးက တစ်စုံတစ်ခုသော အကြောင်းကို သတိရသွားပြီး . . .။ ငင်းလွယ်အိတ်ထဲတွင်ပါသော တစ်စုံတစ်ခုကိုထုတ်ပြီး နယ်လှည့်ဆရာကြီး၏ ကျောကုန်းကို ဖြန်းကနဲ ရိုက်လိုက်ရာ နယ်လှည့် ဆရာကြီးမှာ . . .

"အမလေး . . . ကြောက်ပါပြီ . . . ကြောက်ပါပြီ"

ဟုပြောပြီး အိမ်ပေါ်မှ ဆင်းပြေးရာ သူ့ဘာပည့်ဖြစ်သူပါ တစ်ပါတည်း ဆင်းပြေးလေသည်။

"ဟင်း . . . မကောင်းဆိုးဝါးတွေ . . . မကောင်းဆိုးဝါးတွေ"

ဆရာကြီးမှာ ဤသို့ကြုံးဝါးပြီး ကျန်ရစ်ခဲ့သည်။ အမဲသားဟင်းနှင့် ထမင်းစားချင်သည်ဟုဆိုသည့် ဦးထွန်းလူမှာလည်း အိပ်ယာထဲသို့ ဘုန်းကနဲ ပြန်လဲကျသွား၏။

ထိုအခါမှ ဆရာကြီး ဦးမိုးညိုက လူနာကို ဆေးတစ်ခွက် တိုက်လိုက်သည်။ ထို့နောက် ပရိတ်တော်များ ရွတ်ဆိုပေးလိုက်ရာ ဦးထွန်းလူမှာ အတော်အတန် သတိရလာခဲ့သည်။

ဤတွင်ဆရာကြီးက . . .

"မင်းတို့ဟာ တောထဲမှာ နာမည်တွေခေါ်တော့ အပမီတာပေါ့၊ လူနာရော ဆရာရော အမဲသားဟင်းတွေ စားနေရတယ်ဆိုတဲ့ သတင်း၊





ရကတည်းက သိပ်မဟုတ်တော့ဘူးဆိုတာ သိလိုက်တယ်။ အဲဒါ ဆေးဆရာ ဟန်ဆောင်ထားတဲ့ မကောင်းဆိုးဝါးတွေကွဲ့။ ဒါပေမယ့် ဆရာဆိုတာ ကိုယ့်ကိုပင့်တဲ့လူရှိမှ ကုလို့ရတာ မပင့်သေးတော့ ဒီလိုပဲ နေလိုက်ရတယ်"

ထိုသို့ပြောပြီး ဆရာကြီးက တစ်ညလုံး ပရိတ်များဆက်၍ ရွတ်ဆိုခဲ့သည်။ ဦးထွန်းလူကို ဆက်ပြီး ဆေးကုရာ လူနာမှာတဖြည်းဖြည်း နေကောင်းလာခဲ့သည်။

ထို့ကြောင့် ကုန်းတန်းကြီး ရွာစဉ်ခုနစ်ရွာလုံးမှာ ဤအကြောင်းကို အားလုံးကြားသိကာ ပေတဆေးဆရာကို ပြောမဆုံးအောင် ဖြစ်ခဲ့ကြသည်။

ဆေးဆရာကြီး ဦးဘထွန်းက ပေတဆေးဆရာ အကြောင်းကို မောင်ချစ်ဦးအား ပြောပြရင်းပြန်ခဲ့ရာ ဆရာကြီး အိမ်သို့ရောက်ရှိခဲ့သည်။

"ကဲ . . . မောင်ချစ်ဦး . . . မင်းလဲပြန်ပေတော့"

"ဟုတ်ကဲ့ ဆရာကြီး"

ဤသို့ ပြောဆိုပြီးနောက် ငင်းနေထိုင်ရာ သူဌေးအိမ်၏ နောက်ဖေးရှိ အဖီကလေးဆီသို့ ပြန်လာခဲ့သည်။ အတော်ညဉ့်နက်သည့် တိုင်အောင် မအိပ်နိုင်သေးဘဲ ပြဿနာများအကြောင်း စဉ်းစားနေမိသည်။

မိုးလင်းကာနီးမှ မှေးကနဲ အိပ်ပျော်သွားခဲ့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)
## "မောင်းတီးကျွန်းက မယ်နုဝါ"

"တိုးမောင်တို့ တိုးရွှေတို့ရေ . . . နင်တို့ အဖေ လှေမှောက်တယ်တဲ့ဟေး"

နံနက်(၆)နာရီခန့် အချိန်လောက်တွင် လှေပေါ်မှ အော်ဟစ်သံများကို ကြားလိုက်ရသည်။ ပင်လယ်ဒိတ်ရွာကြီး၏ ထုံးစံမှာ နံနက်ပိုင်းတွင် ငါးဖမ်းလှေများအဆိုက်များသဖြင့် အနည်းဆုံး တစ်အိမ်လျှင် တစ်ယောက် နှစ်ယောက်ခန့်က ကမ်းနားသို့ ရောက်နေကြသည်။

ငါးလှေဆိုက်လျှင် ငါးလှေမှ ငါးတောင်းများကို ငါးခွဲစင်သို့ ပို့ဆောင်ကြသည်။ ထိုလူများအတွက် အနည်းဆုံး ဟင်းတစ်အိုးချက်ခန့် ငါးများရရှိပေမယ့် ငါးခွဲအလုပ်သမများကလည်း ငါးခွဲခငွေ မျိုးမျိုးမြတ်မြတ်ရသလို ပိုင်းကူလုပ်သူများအတွက် ငါးခြောက်များရရှိသည်။ တစ်ချို့ ဝက်မွေးသူများက ဝက်စာထဲသို့ ထဲ့ကြိုသော ငါးအူဖတ်များနှင့်





ဝမ်းတွင်းကလီစာများကို ရရှိရန် ကူညီလုပ်ကိုင်ပေးကြသည်။ ထိုဝက်များကြီးပြင်းလာသောအခါ ငါးခွဲပိုင်ရှင်ထံ ဈေးချိုချိုနှင့် ရောင်းချကာ ဝက်ပေါ်စားကြသည်။ ဤသို့ တစ်ဦးနှင့် တစ်ဦး သံသရာလည်နေသည့် ရွာကလေးပင်ဖြစ်သည်။

ယခုလည်း တိုးမောင်တို့ အဖေ လှေမှောက်ပြန်သတဲ့။ ချက်ချင်း တစ်ရွာလုံးသို့ ထိုသတင်းမှာ ပျံ့နှံ့သွားခဲ့သည်။ တိုးမောင်က အရင်ဆုံး ကမ်းစပ်သို့ ရောက်သွားသည်။ ကမ်းစပ်အနီးသို့ ရောက်နေသော လှေပေါ်ရှိ ဦးဘိုးမြအား . . .

"ဦးကြီးမြ . . . အဖေ လှေမှောက်ပြီး သေပြီလားဟင်"

တိုးမောင်က ငိုသံပါကြီးနှင့် ဤသို့ အလောတကြီး လှမ်း၍ မေးလိုက်ရာ ဦးကြီးမြက . . .။

"ဟယ် . . . ဘယ်ကသေရမှာတုန်း ငါက မင်းအဖေ လှေမှောက်တာတွေ့လို့ ကယ်လာတယ်"

"အဖေ . . . အဖေ . . . မသေဘူး ဟုတ်လား။ တော်ပါသေးရဲ့"

"အေး . . . အဖေ မသေဘူး ငါ့သားရေ" ဦးလှမောင်က ဤသို့လှမ်းအော်ပြောလိုက်သည်။"

"ဒါထက် အဖေခေါ်သွားတဲ့ မြို့သားရော ဘာဖြစ်သွားသေးလဲ"

"ရေနစ်သွားတာပေါ့ကွာ။ ဒါပေမယ့် ငါကယ်လိုက်လို့ မသေဘူးဟေ့"

ထိုသို့ သားအဖနှစ်ဦး အချီအချပြောနေစဉ် လှေမှာ ကမ်းသို့ ကပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ . . . အဖေရယ်၊ မသေကောင်း မပျောက်ကောင်း"

တိုးမောင်က ဦးလှမောင်ကို လှေပေါ်မှ တွဲချရင်း ခေါ်လိုက်သည်။

"မစိုးရိမ်ပါနဲ့ ငါ့သားရာ"

"အဖေရာ ဘယ်လိုဖြစ်တာတုန်း"

"ကုန်းပေါ်ရောက်မှ ပြောမယ်ကွာ၊ မြို့သားကို တွဲလိုက်ပါဦး"

တိုးမောင်က မြို့သား "ဆန်နီအုန်း"ကို လှေပေါ်မှ တွဲချလိုက်သည်။ ထို့နောက် ၎င်း၏ အိမ်ပေါ်သို့ခေါ်သွားပြီး အကျိုးအကြောင်း မေးမြန်းခဲ့ကြသည်။

"ကိုဆန်နီအုန်းရာ ဘယ်လိုဖြစ်တာလဲဗျ"

"အဓိကကတော့ ငါမကောင်းလို့ဖြစ်တာပါကွာ"

"ဘယ်လိုမကောင်းတာလဲ ပြောပါဦး"

ဆန်နီအုန်းသည် ငါးခွဲဒိုင်မှ သူဌေးဦးသာဒင်၏ တူဖြစ်သည်။ ငါးခွဲဒိုင်သူဌေး ဦးသာဒင်သည် ငါးဖမ်းလှေသမားများနှင့် ငါးခွဲသူများအကို ငွေထုတ်ပေးသည့် သူဌေးဖြစ်၍ သူ့ကိုတစ်ရွာလုံးက လေးစားကြသည်။ ဆန်နီအုန်းမှာ ထိုရွာမှ ထွက်ရှိသည့် ငါးခြောက်များကို ရန်ကုန်သို့ တင်ပို့ရောင်းချပေးသူဖြစ်၍ ငွေစရှင်သူလည်းဖြစ်သည်။ လူငယ်လည်း ဖြစ်ပြန် ငွေကြေးချမ်းသာသူဖြစ်၍ စကားပြောရာတွင်လည်း မောက်မာသလို ကိုးလိုးကန့်လန့် ပြောတတ်သူလည်း ဖြစ်သည်။

ယခုမူ သူသည် ငါးဖမ်းလှေများထောင်ရန် စိတ်ကူးရှိသဖြင့် ဦးလှမောင်၏ ငါးဖမ်းလှေနှင့် ပင်လယ်ပြင်သို့ လိုက်သွားခြင်းဖြစ်သည်။ ဦးလှမောင်၏ ငါးဖမ်းလှေတွင် ရေလုပ်သား သုံးယောက်လိုက်လာရာ သူတို့နှစ်ဦးနှင့်ဆိုလျှင် ထိုလှေပေါ်တွင် ငါးဦးပါရှိသည်။ ၎င်းတို့မှာ ပိုက်ချ





ပိုက်ဆွဲ အားလုံးလုပ်ကြရသည်။ ပင်လယ်ဒိတ်ရွာမှ စထွက်ပြီးနောက် မကြာမီတွင် ပင်လယ်ဝသို့ ရောက်ရှိခဲ့ကြသည်။ ပင်လယ်ဝမှ မြစ်တွင်းသို့ ဝင်ရာအရပ်နှင့် မနီးမဝေးတွင် ကျွန်းတစ်ကျွန်းရှိသည်။ ထိုကျွန်း၏ အမည်မှာ "အကောက်ကျွန်း"ဟူ၍လည်း အမည်ရသကဲ့သို့ "မယ်နဝါ" ကျွန်းဟူ၍လည်း ခေါ်ကြသည်။

ထိုကျွန်းမှာ ရှေးယခင်ကပင် ထူးဆန်းသော ကျွန်းဟုပြော စမှတ်တွင်ခဲ့သည်။ ဤနေရာသည် ရှေးမွန်ဘုရင်များ၏ ပိုင်နက်နယ်မြေ တစ်ခုဖြစ်သည်။ မွန်ဘုရင်ကြီးသည် ရွှေဖောင်တော်ဖြင့် လှည့်လည်လာစဉ်

ထိုအရပ်မှ မောင်းတီးသံများ ကြားခဲ့ရသည်။

ထိုအခါ မင်းကြီးက . . .။

"မှူးကြီးမတ်ကြီးများ ဒီကျွန်းပေါ်က မောင်းတီးသံများ ကြားရသည်၊ အဘယ်သို့သော လူအများက မောင်းတီးနေသည်ကို သွားရောက် စုံစမ်းကြချေ"

ဤသို့ အမိန့်ပေးလိုက်သဖြင့် မှူးမတ်ကြီးများက ထိုကျွန်းပေါ်သို့ တက်ခဲ့ကြသည်။ ထိုကျွန်းပေါ်တွင် သစ်ပင်ကြီးများ ထူထပ်ပြီး ဝါးပင်များလည်း ပေါများသည်။ ထိုကျွန်းကြီးမှာ ကမ်းစပ်နှင့်နီးပြီး ရေမြေသဘာဝ ကောင်းမွန်ခြင်းကြောင့် တောတွင်နေသားရဲ တိရစ္ဆာန်များလည်း ပေါများသည်။

မှူးကြီးမတ်ကြီးတို့သည် မောင်းတီးသံကြားရာသို့ နားစွင့်ပြီး လာခဲ့ရာ ထိုကျွန်းကြီး၏ အလယ်ခေါင်သို့ ရောက်ရှိလာခဲ့သည်။ ထိုနေရာ၌ ကျောက်ဂူကြီးတစ်ခုကို တွေ့ရှိရပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အလို ... ဟောဟိုမှာ ကျောက်ဂူကြီးတစ်ခုပါလား"

"ဟုတ်ပါရဲ့ မောင်းတီးသံက အဲဒီအထဲကလာတာပဲ"

"ဒါဆိုရင် ဘယ်သူတွေ တီးနေသလဲဆိုတာ သိရအောင် ဝင်ကြည့်ဦးမှပဲ"

၎င်းတို့ အချင်းချင်း ဤသို့တိုင်ပင်ကာ အတွင်းသို့ ဝင်သွားရာ ...

"အလို ... ဟိုမှာ ကျောက်မောင်းကြီးပါလား"

"ဟုတ်ပါရဲ့ ကျောက်မောင်းကြီးရဲ့ နံဘေးက ကျောက်လက်မောင်းနဲ့တိုက်ပြီး မြည်သံထွက်နေတာပဲ"

မှန်ပေသည်။ ကျောက်နံရံမှ တွဲလဲကျနေသော ကျောက်မောင်းကြီးသည် လေတိုက်မှုကြောင့် လှုပ်ရမ်းသောအခါ ၎င်း၏နဘေး တွဲလဲကျနေသော ကျောက်လက်မောင်းနှင့်တူသော ကျောက်သားချောင်းနှင့် ထိခိုက်မိပြီး အသံထွက်နေခြင်းပင် ဖြစ်ပေသည်။

ဤမောင်းသံမှာ အမြဲမြည်နေခြင်း မဟုတ်ပေ။ လှိုင်ဂူအတွင်းသို့ လေတိုက်ခတ်သောအခါမှ လှုပ်ရမ်းကာ မြည်နေခြင်း ဖြစ်ပေသည်။ ဤသို့ တွေ့ရှိရသည့်အတွက် မှူးကြီးမတ်ကြီးတို့က မင်းကြီးထံသို့ ပြန်လျှောက်ထားခဲ့ကြသည်။

"မင်းကြီးဘုရား မင်းကြီးဘုန်းတော်ကြောင့် အဝိညာဏက ဖြစ်သော အသက်ကင်းမဲ့သည့် ကျောက်မောင်းကပင် အသံမြည်ကာ ဦးခိုက်ပါသည်ဘုရား"

"အိမ်း ... ဒါဆို ငါကိုယ်တော်တိုင် ကျောက်မောင်းကို ရှုစားတော်မူမယ်"





ထိုသို့ဖြင့် မင်းကြီးနှင့်တကွ မောင်းမမိဿံဖြစ်သော မယ်နုဝါ အပါအဝင် မောင်းမများစွာဖြင့် ကျောက်လှိုင်ဂူသို့ သွားရောက်ခဲ့ကြသည်။ ထိုအချိန်တွင် လေခပ်ပြင်းပြင်း တိုက်ခတ်သဖြင့် ကျောက်မောင်းက အသံကျယ်လောင်စွာ မြည်လေသည်။

ထိုအခါမှူးကြီးမတ်ကြီးများက ...

"အရှင်မင်းကြီး ကြွရောက်လာမှန်းသိ၍ ကျောက်မောင်းက အသံကျယ်လောင်စွာ မြည်ဟီးပြီး ကြိုဆိုနေပါသည် ဘုရား"

"အိမ်း ... ဒီနေရာဟာ ထူးထူးခြားခြား မောင်းတီးသံများ ပေါ်ထွက်လာတာကို အကြောင်းပြုလို့ "မောင်းတီးကျွန်း" လို့ အမည်တွင်စေ"

"လျှော်ကန် သင့်မြတ်ကြောင်းပါ ဘုရား"

"ဤနေရာသည် လှေသမ္ဗာန်များ ဝင်ထွက်ရာ အရပ်ဖြစ်၍ ဝင်ထွက်သည့် လှေသမ္ဗာန်များကို အခွန်အကောက်များ ကောက်ခံစေ။ ထိုအခွန်အကောက်များဖြင့် ဤကျွန်းကြီးကို တင့်တယ်လှပအောင် ပြုပြင်စေ"

"လျှော်ကန်သင့်မြတ်ကြောင်းပါ ဘုရား"

"အရှင်မင်းကြီး ဤကျွန်းကြီး လှပတင့်တယ်အောင် ဆောင်ရွက်ရန်နှင့် အခွန်တော် ကောက်ခံရန်အတွက် တစ်စုံတစ်ယောက်ကို တာဝန်ပေးတော်မူပါ ဘုရား"

"အိမ်း ... ဟုတ်ပေသားပဲ။ အဲဒီက အခွန်အကောက်ကို ငါ၏ ချစ်လှစွာသော မိဖုရားငယ် "မယ်နုဝါ"က ခံစားစေ။ ဤကျွန်းကို မယ်နုဝါအား အပိုင်စားပေးလိုက်မည်။ အကောက်ခွန်များယူပြီး ဤကျွန်းကို သာယာလှပအောင် ပြုလုပ်စေ"



www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ ဘုရား"

ဤသို့ဖြင့် မင်းကြီး ပြန်ကြွသွားသောအခါ မယ်နုဝါနှင့် အပျိုတော် လူပျိုတော် တစ်သိုက်မှာ ဤကျွန်း၌ ကျန်ရစ်ခဲ့ကြသည်။ မိဖုရားငယ် မယ်နုဝါမှာ ထိုကျွန်း၌ အခွန်အကောက်များ ကောက်ခံရင်း ကျန်ခဲ့သည်။ ထိုအကြောင်းကို အစွဲပြု၍ "သခင်မ မယ်နုဝါကျွန်း"ဟု ခေါ်ဝေါ်ခဲ့ကြသည်။

ဤကျွန်း၌ အခွန်အကောက်များကို တပ်မှူးလေး သီဟသူက ဦးစီးကောက်ခံရာ အခွန်အတုတ်များ များစွာရရှိခဲ့သည်။ ဤတွင် အခွန် အတုတ်ပေးရသော လှေသမ္ဗာန်ရှင်တို့မှာ . . . ။

"အရင်က ဒီနေရာမှ အခွန်အတုတ် မပေးဘဲ သွားလို့ရသည်။ ယခု သခင်မမယ်နုဝါတို့ ရောက်လာမှ အခွန်ပေးရသည့်အတွက် အမြတ် အစွန်း လျော့နည်းသွားသည်"

တပ်မှူးလေးသီဟသူကလည်း ဝင်ထွက်သမျှ လှေအားလုံးကို မလွတ်တမ်း အခွန်ကောက်သည့်အတွက် သီဟသူရော မယ်နုဝါ အပေါ်တွင် ကုန်သည်များက မကျေနပ်ဖြစ်ခဲ့ကြသည်။

ၡင်းတို့အုပ်စုသည် သခင်မလေးနှင့် သီဟသူတို့အပေါ် အညိုးအတေးထားကာ သူတို့နှစ်ဦးသည် မင်းကြီးနောက်ကွယ်တွင် ဖောက်ပြန်နေသည်ဟု မလိုတမာစကားဖြင့် ဝါဒဖြန့်ခဲ့ကြသည်။ ကုန်သည် လှေတစ်စင်းမှစ၍ အစင်းများစွာ ထိုသတင်းမှာ တောမီးပမာ ပြန့်နှံ့ သွားသည်။

ထိုသို့ဖြင့် . . . ။ တဆင့်စကား တဆင့်နားဆိုသလို ဤသတင်းမှာ





မင်းကြီးထံသို့ ရောက်ရှိသွားသည်။ မင်းကြီးမှာ မယားထိတော့ ဓားကြည့် ဆိုသလိုဖြစ်ကာ ယမ်းပုံမီးကျ ဒေါသဖြင့်ပြင်းထန် ပေါက်ကွဲကာ သူတို့ နှစ်ဦးကို ဖမ်းဆီးတုတ်နှောင်ကာ နန်းရင်ပြင်သို့ ခေါ်ဆောင်လာခဲ့သည်။

မိဖုရားငယ် မယ်နုဝါကို စစ်ဆေးရာ မယ်နုဝါက . . . ။

"အရှင်မင်းကြီး ကျွန်တော်မျိုးမသည် မင်းကြီးအပေါ်မှာ သစ္စာ ပျက်ယွင်းခြင်း အလျင်းမရှိခဲ့ပါ။ တစ်ပါးသူနှင့်လည်း ဖောက်ပြန်မှားယွင်းခြင်း မရှိခဲ့ပါ"

"မင်းကြီးမှာ မိဖုရားငယ်မယ်နုဝါက မည်သို့ပင်ပြောသော်လည်း ယုံကြည်တော် မမူခဲ့ပေ။"

"အရှင်မင်းကြီး ယုံကြည်တော်မမူမှန်း ကျွန်တော်မျိုးမ သိပါပြီ။ သို့အတွက် ကျွန်တော်မျိုးမသည် အသက်ကိုနှင်း၍ မင်းကြီးအား ချစ်ကြောင်း သက်သေပြပါမည်။"

မိဖုရားမယ်နုဝါမှာ မင်းကြီးလက်ချက်ဖြင့် မသေလိုသည့်အတွက် ဤသို့ပြောပြီးလျှင်ပြီးချင်း နန်းရင်ပြင်၌ ခစားနေသော စစ်သူကြီး တစ်ဦး ထံမှ ဓားကိုဆွဲယူပြီး မိမိလည်ပင်းကို ချက်ချင်းဖြတ်လိုက်သည်။ မယ်နုဝါ၏ ဘဝကား . . . ။ ဤနန်းရင်ပြင်တွင် အဆုံးသတ် သွားခဲ့သည်။

ထိုဖြစ်အင်ကို မြင်ရသော မင်းကြီးမှာ သီဟသူကို မသတ် တော့ဘဲ အသက်ဘေးမှ ချမ်းသာပေးခဲ့သည်။ မိဖုရားငယ် မယ်နုဝါ သေဆုံးပြီးနောက်ပိုင်းတွင် မင်းကြီးမှာ ညစဉ်လိုလို အိပ်မက်ဆိုးများ ခြောက်လှန့်ခဲ့သည်။

မင်းကြီးမှာ အိပ်မက်များ မကြာခဏ မက်နေသဖြင့် မယ်နုဝါကို



www.burmeseclassic.com

www.burmeseclassic.com



သတိရကာ ထိုမောင်းတီးကျွန်းသို့ ဖောင်တော်ဖြင့် ခရီးထွက်လာခဲ့သည်။ ထိုအရပ်သို့ ရောက်သောအခါ ကျွန်းပေါ်တွင် လှည့်လည်ကြည့်ရှုပြီး မိဖုရားမယ်နုဝါကို လွမ်းစွာသတိရတော် မူခဲ့သည်။ သို့ဖြင့် ညနေချမ်းတွင် ထိုနေရာမှပြန်ရာ ဖောင်တော်မှာထွက်၍ မရဘဲ ဆွဲထားသကဲ့သို့ ဖြစ်နေ၏။

ထို့ကြောင့်ပါလာသည့် ပုဏ္ဏားတော်များကို တွက်ကြည့်ခိုင်းရာ

"မိဖုရားမယ်နုဝါဟာ မကျွတ်မလွတ်သော ဘဝကို ရောက်ရှိပြီး ဤကျွန်း၌ မှီတွယ်ခိုကပ်နေသည်ကို သိစေချင်သောကြောင့် ဆွဲထားခြင်း ဖြစ်ပါသည်ဘုရား"

ဤသို့လျှောက်တင်ချက်ကို ကြားသောအခါ ယခင်ကပင် လွမ်းဆွတ်သော စိတ်ကြောင့် ...။

"ကဲ ... ဒီကျွန်းကို မယ်နုဝါကို အပိုင်စားပေးစေ"

ဤသို့ အမိန့်ချလိုက်သည်။ ထို့နောက် လေခပ်ပြင်းပြင်း တိုက်ခတ်လာပြီး ဖောင်တော်လည်း ဤနေရာမှ အလိုလို လှုပ်ရှားလာပြီး ထွက်ခွာနိုင်ခဲ့သည်။

ဤသည်ကို အကြောင်းပြု၍ ဤကျွန်းကို ယခုထက်တိုင်အောင် "သခင်မမယ်နုဝါကျွန်း"ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ထို့ကြောင့် ထိုနေရာရှိ ငါးဖမ်းလှေများကလည်း ထိုကျွန်းကို ဦးခိုက်ပြီးမှ ပင်လယ်ပြင်သို့ ထွက်ခွာသွားကြသည်။ အချို့သော ငါးဖမ်းလှေများမှာမူကား ထိုကျွန်း ပေါ်သို့ သွားရောက်၍ ငှက်ပျောသီး၊ အုန်းသီး၊ လက်ဖက်၊ ကွမ်းယာ စသည်တို့ဖြင့် ပွဲစုံပြင်ကာ ပူဇော်ပသခဲ့သည်။ သူတို့၏ အလိုအား ...

ဤသို့ပူဇော်ပသဖြင်း သခင်မက အန္တရာယ်မှ ကင်းဝေးစေရန်





လည်းကောင်း၊ ငါးများများရစေရန်လည်းကောင်း မ,စသည်ဟု မိရိုးဖလာ ရိုးရာယုံကြည်ခဲ့ကြသည်။

ယခုလည်း ဦးလှမောင်နှင့် ဆန်နီအုန်းတို့ စီးနင်းလာသော ငါးဖမ်းလှေကြီးသည် သခင်မကျွန်းနားသို့ ရောက်လာသဖြင့် သခင်မကျွန်းကို ဦးတိုက်ကာ ဦးလှမောင်က "အန္တရာယ်ကင်းပါစေ ... ငါးများများ ရပါစေ"ဟု ဆုတောင်းခဲ့သည်။

ထိုသို့ပြုလုပ်သည့်အတွက် ဆန်နီအုန်းက မေးမြန်းရာ အထက်ပါအတိုင်း ဦးလှမောင်က ပြန်ပြောခဲ့သည်။

သည်တွင် ဆန်နီအုန်းက ...

"ဦးလေးတို့ကလည်း အစိမ်းသေများ အရှိအသေပေးနေ ရသလား ဦးလေးတို့ အယူအဆတွေ ခေတ်နောက်ကျနေပြီ"

"မပြောပါနဲ့ ငါ့တူရာ မင်းမေးလို့ ဦးလေးကပြောပြရတာ။ မင်းမယုံကြည်လည်း ငြိမ်ငြိမ်နေပေါ့။ ပုတ်ခတ်ပြီး ရင့်သီးတဲ့စကား မပြောပါနဲ့။"

"အစိမ်းသေ၊ အစိမ်းသေပေါ့ဗျာ။ ဒါတွေကို ကျွန်တော်တို့က အယုံအကြည်လည်း မရှိဘူး။ အရှိအသေလည်း မပေးနိုင်ဘူး။ ကျွန်တော် သာ လှေတွေထောင်ရင်လည်း အဲဒီလှေတွေကို ဒီကျွန်းနဲ့ မပတ်သက်ဖို့ မှာထားမယ်"

"ဒါကတော့ ကိုယ့်သဘောပါ။ ရပါတယ်။ ဦးလေးတို့ကတော့ ငါးဖမ်းပေမယ့် နေ့တိုင်းလှေပေါ်မှာ ဘုရားဆွမ်းတင်တယ်။ ပြီးရင် ပင်လယ်ပြင်မှာ ရောက်နေတဲ့ ပုဂ္ဂိုလ်တွေကို အမျှအတန်းဝေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုက်တယ်ဆိုတာထက် အမှုအတန်းဝေပြီး ဆုတောင်းတဲ့ သဘောပါ။''

''ဆုတောင်းလည်း အပိုပါပဲဗျာ။ ကိုယ်ရှာမှ ကိုယ်ရတာ။ ကျွန်တော်က ကျန်တဲ့သူတွေက ဘာမှမပြောဘူးဆိုရင် အဲဒီနတ်ကွန်းကိုတောင် မီးရှို့ပစ်မယ့် အကောင်ဗျ''

''ဟေ့ . . . သူငယ် မင်းပြောတာ နည်းနည်းတော့ လွန်လာပြီ။ သူဟာသူနေတဲ့ ဥစ္စာ ဘာဖြစ်လို့ မီးရှို့ချင်ရတာလဲ''

''မျက်စေ့ထဲမှာ ရှုပ်လွန်းလို့ပါဗျာ''

''လုပ်ငန်းကြီး လုပ်တဲ့သူတွေဟာ စိတ်ရှည်ရှည် ထားမှပေါ့။ ပြီးတော့လည်း ဘာပဲဖြစ်ဖြစ် သင့်တင့်တဲ့ နှလုံးသွင်းမှု ရှိရမယ်''

''ဦးလေးရာ ငါးဖမ်းတဲ့သူက သင့်တင့်တဲ့ နှလုံးသွင်းမှုတို့ ဘာတို့ဆိုတဲ့ တရားစကား လာမပြောပါနဲ့၊ ငါးဖမ်းတဲ့ စကားသာပြောပါ''

''ငါးဖမ်းတာ စကားနဲ့ပြောပြီး ဖမ်းလို့ မရဘူးကွ။ လက်တွေ့ဖမ်းမှရတာ မင်းလုပ်ပုံနဲ့ လေ့သမား ကောင်းကောင်းရမှာ မဟုတ်ဘူး''

''ပိုက်ဆံပေးရင် ဘယ်နှစ်ယောက် ယူမလဲ ရပါတယ်ဗျာ''

ဆန်နီအုန်းနှင့် ဦးလှမောင်မှာ လှေစထွက်ကတည်းက စကားပြောရာတွင် အပေါက်အလမ်းမတည့်ပေ။ လူငယ်လည်းဖြစ်၍ မာန်မာနကလည်း ကြီးသေးသည်။ ဤသို့သော လူမျိုးနှင့်မည်သို့မျှ တည့်ရန်လမ်းမမြင်ပေ။

သို့ဖြင့် . . . ပင်လယ်ပြင်ကြီးသို့ ရောက်ခဲ့ပြီ။ ဦးလှမောင်တို့သည် လုပ်နေကျ လုပ်ကွက်များတွင် ပိုက်ချခြင်း အလုပ်ကို စတင်လုပ်ကိုင်ခဲ့ကြသည်။ ဆန်နီအုန်းမှာ စောင့်ရသည်ကို ပျင်းသည်ဟုဆိုကာ





သီချင်းများကို အော်ဟစ်ဆိုနေသဖြင့် . . .။

''မောင်ဆန်နီ . . . ပင်လယ်ပြင်မှာ ပေါက်တတ်ကရပါတဲ့ သီချင်းတွေ မဆိုရဘူး''

''ဆိုတော့ ဘာဖြစ်လဲ''

''ပထမဦးဆုံး ပြောချင်တာက ပင်လယ်ပြင်မှာ စောစောက ဆိုသွားတဲ့ ''အုတ်ဂူ''ပါတဲ့ သီချင်းမျိုး မဆိုရဘူး''

''ဘာဖြစ်လို့လဲ''

''နိမိတ်မကောင်းဘူး''

''ငါးဖမ်းတာပဲဗျာ နိမိတ်ကောင်းတာ မကောင်းတာ လိုသေးလို့လား''

''လိုတာပေါ့ကွာ။ မိန်းမမီးနေ ယောကျ်ားဖောင်စီးတဲ့၊ ပင်လယ်ပြင်မှာ အစစအရာရာ အန္တရာယ်တွေကြီးပဲ။ ဒီတော့ နိမိတ်မကောင်းတဲ့ သီချင်းတွေ နိမိတ်မကောင်းတဲ့ စကားတွေ မပြောရဘူး။ နိမိတ်နောက်မှာ နမာလိုက်တယ်ကွ''

''ဒါတွေလည်း အယုံအကြည် မရှိပါဘူးဗျာ''

''နောက်တစ်ခု ထပ်ပြောဦးမယ်။ ငါးဖမ်းတဲ့နေရာမှာ တိတ်တိတ်ဆိတ်ဆိတ်နေမှ ငါးရတာ ဆူညံနေရင် ငါးမရဘူး''

''အဲဒီ အယူအဆကိုက မှားတာပဲ။ ပင်လယ်ကြီး ဒီလောက်ကျယ်တာ ငါးတွေအများကြီးပဲ။ ခင်းဗျားတို့ ငါးရှိတဲ့နေရာမှာ ပိုက်ချရင် ငါးများများရမယ်။ ငါးမရှိတဲ့နေရာမှာ ပိုက်ချရင် ငါးချေးပဲရမယ်''

''အင်း . . . အခုခေတ်ကလေးတွေက တယ်လည်း အပြောရဲကြပါလား''



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဦးလေး ... ကျွန်တော့ကို စကားနိုင်အောင် မပြောနိုင်ဘူးမှတ်လား"

ထိုသို့ ခပ်ကြွားကြွားလေး ပြောလိုက်ရာ ဦးလှမောင်က...

"မင်းကိုတော့ ငါအရှုံးပေးပါပြီကွာ"

ဤသို့ ပြန်ပြောလိုက်သည်။

ဆန်နီအုန်းကား စိတ်ထဲမှ ပါချင်မှပါပေမည်။ လူငယ်ပီပီ အနိုင်မခံ အရှုံးမပေးလိုသောစိတ်ဖြင့် တမင်ကပ်၍ ပြောခြင်းလည်း ဖြစ်နိုင်သည်။ သို့သော် ဦးလှမောင်၏ စိတ်တွင်...။

"ဒီကောင်လေးက ဒီလိုအချိုးမပြေလို့ သူ့ဦးလေးက ငါတို့ဆီကို လွှတ်လိုက်တာနေမှာ။ ပါးစပ်ကလည်း စည်းကမ်းမရှိ၊ ပေါက်လွှတ်ပဲစား ပြောတတ်တဲ့သူနဲ့ ဒီပင်လယ်ရေလုပ်ငန်းနဲ့ ဘယ်ကိုက်လိမ့်မလဲ"

ထိုသို့ စဉ်းစားခန်းဖွင့်ခဲ့သည်။ အချိန်ကျသောအခါ ပိုက်ကို ဆွဲတင်လိုက်ရာ ငါးအတော်အသင့် ရခဲ့သည်။ ဤတွင် ဆန်နီအုန်းက...

"ဦးလေး ကျွန်တော် မပြောဘူးလား။ ငါးရှိတဲ့နေရာမှာ ဖမ်းရင် ငါးရမှာပဲလို့"

"အေးပါကွာ။ ဦးလေးပြောမိတာ မှားပါတယ်။ နောက်တစ်ခါ လှေထွက်ရင် မင်းပဲ လှေသူကြီး လုပ်တော့ဟေ့"

"ဦးလေးတောင် အမြင်မှန်ရသွားပြီပဲ"

ဦးလှမောင်မှာ ဤသို့ ကပ်ဖဲ့ပြောတတ်သူနှင့် အပြိုင်မပြောချင်၍ ခပ်ဆိတ်ဆိတ်သာ နေလိုက်သည်။ သူသည် စကားမပြောတော့ဘဲ ပိုက်ချသည့်အလုပ်ကို စိတ်နှစ်၍ လုပ်ဆောင်ခဲ့ရာ ငါးအတော်အသင့် ရရှိခဲ့သည်။





"ကဲ.. ငါးလည်းသင့်သလောက်ရပြီ။ အိမ်ပြန်တော့မယ်"

ထိုသို့ပြောပြီး လှေကြီးကို ပြန်လှည့်ပြီး ရွာဘက်သို့ မှန်းဆကာ မောင်းနှင်လာခဲ့သည်။ သို့ဖြင့် တစ်ညလုံး မောင်းနှင်လာရာ အခက်အခဲ တစ်စုံတစ်ရာမှ မရှိခဲ့ပေ။ ဦးလှမောင် မောင်းနှင်လာသော လှေကြီးမှာ တဖြည်းဖြည်းနှင့် မယ်နဝါကျွန်းအနီးသို့ ရောက်ရှိလာခဲ့သည်။ နံနက် (၃)နာရီခန့် ဖြစ်သဖြင့် ပုံမှန်အတိုင်းဆိုလျှင် နံနက်(၉)နာရီအချိန်တွင် ပင်လယ်ဒိတ်ရွာသို့ ရောက်ပေမည်။ ဦးလှမောင်၏ စိတ်တွင် ဆန်နီအုန်းနှင့်အတူ ခရီးမသွားလိုသည့်အတွက် ပင်လယ်ဒိတ်ရွာကြီးသို့ အမြန်ဆုံး ရောက်ချင်လှသည်။

ထိုကျွန်းနားသို့ အရောက်တွင်...။

အနောက်တောင်ဆီမှ လေခပ်ပြင်းပြင်းတိုက်ခတ်ရာ လှိုင်းလုံးကြီးများ ဖြစ်ပေါ်လာပြီး လှေကြီး၏ နံဘေးသို့ ရိုက်ခတ်သဖြင့် လှေကြီးမှာ လှိုင်းရိုက်ခတ်တိုင်း တစ်ဖက်သို့စောင်း၍ ကျသွားခဲ့သည်။

ဤအဖြစ်အပျက်ကြောင့် ဆန်နီအုန်းမှာ ကြောက်လန့်တကြားဖြစ်ကာ...

"အမလေး... လုပ်ကြပါဦး၊ လှေမှောက်တော့မယ်နဲ့ တူတယ်။ ဦးလှမောင်စက်လှေကို သေသေချာချာ မောင်းပါဗျ"

"အေးပါ။ သေသေချာချာ မောင်းနေပါတယ်"

ထိုသို့ပြောရင်း ဦးကျော့တို့လှေကြီးမှာ လှိုင်းလေထဲတွင် ပေါ်လိုက်မြုပ်လိုက်နှင့် အင်မတန် အန္တရာယ်ကြီးမားသော အခြေအနေသို့ ရောက်ရှိနေသည်။

စောစောက ကပ်တီးကပ်ဖဲ့ပြောသော ဆန်နီအုန်းမှာ...



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... ကြောက်ပါပြီဗျ။ လုပ်ကြပါဦး။ အမေရေ ... ကယ်ပါဦး သားတော့ ဒီပင်လယ်ပြင်ထဲမှာ သေရမယ်နဲ့တူတယ်"

ဤသို့ပြောပြီး ကြောက်လန့်တကြားဖြင့် အော်ဟစ်နေရာ ဦးလှမောင်မှာ ၎င်းအား ဂရုမစိုက်နိုင်ဘဲ လှေကြီးကိုထိန်း၍ မောင်းနေစဉ် ...

"ဝုန်း"

"ဝုန်း"

"ဝုန်း"

ဟူသော လှိုင်းလုံးကြီးများ ဆင့်ကဲဆင့်ကဲ ရိုက်ခတ်လိုက်ရာ စက်လှေကြီးမှာ ဘေးဘက်သို့ တိမ်းစောင်းသွားစဉ် ငါးများ၏ အလေးချိန်ကြောင့် ရုတ်တရက် နစ်မြုပ်သွားခဲ့သည်။

ဆန်နီအုန်းမှာ ဤသို့ဖြစ်မည်မထင်သောကြောင့် မည်သို့မျှ ပြင်ဆင်မထားရသေးမီ ရေအောက်သို့ ထိုးကျသွားတော့သည်။ ၎င်းသည် ကောင်းမွန်စွာ ရေကူးမကျွမ်းကျင်သဖြင့် ရေထဲတွင် မွန်းကာ အောက်သို့ ထိုးစိုက်ကြသွားတော့သည်။ ဤတွင် ကျွန်းနှင့်မနီးမဝေးဖြစ်၍ ရေအောက်တွင် ကျောက်ဆောင်များရှိရာ ထိုကျောက်ဆောင်နှင့် ဆောင့်မိကာ သတိလစ်သွားခဲ့သည်။

ဦးလှမောင်သည် သူဌေး၏တူဖြစ်သူ ဆန်နီအုန်းအား ရေငုပ်ကာ ရှာဖွေခဲ့သည်။ မတွေ့သဖြင့် ၎င်းလှေတွင် ပါလာသော လူသုံးယောက်ကို ငုပ်ခိုင်းရာ နောက်ဆုံးတွင် သတိလစ်နေသော ဆန်နီအုန်းကို ရှာတွေ့ခဲ့သည်။ သူတို့သည် အနီးဆုံးဖြစ်သော သခင်မကျွန်းသို့ ကူးသွားပြီး ဆန်နီအုန်းကိုပြုစုရာ မကြာမီ ပြန်လည်သတိရလာခဲ့သည်။ သူသည်





သတိရလျှင် သတိရခြင်း ...

"အမလေး ... တောင်းပန်ပါတယ်။ ခွင့်လွှတ်ပါ။ ကျွန်တော် ပြောမိတာ မှားပါတယ်။ စွဲမယူပါနဲ့။ ပြောချင်လို့ ပြောတာမဟုတ်ပါဘူး။ စကားနိုင်လုပြီး ပြောတာပါ"

မျက်စိမဖွင့်ဘဲ စွပ်အော်နေသဖြင့် ဦးလှမောင်က ...။

"မောင်ဆန်နီ သတိထားပါဦး။ လျှောက်အော်မနေနဲ့" ထိုသို့ ပြောပြီး လှုပ်နိုးမှ ...။

"ဦးလေးရေ... ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"အေးပါ။ ခွင့်လွှတ်ပါတယ်။ ဘာဖြစ်တယ်ဆိုတာ ပြောပါဦး"

"ပြောပါ့မယ် ဦးလေးရယ်"

ဤသို့ အစချီကာ ပြောပြခဲ့သည်။

"ကျွန်တော် ရေနစ်ပြီး ကျောက်ဆောင်နဲ့ ခေါင်းနဲ့ဆောင့်မိပြီး သတိလစ်သွားခဲ့တယ်။ အဲဒီမှာ ကျွန်တော်ရဲ့ ကိုယ်ထဲက ကိုယ်ပွားတစ်ခု ထွက်သွားပြီး အဲဒီကျွန်းပေါ် ရောက်သွားခဲ့တယ်"

"ဟေ ... ဟုတ်လား"

"ဟုတ်ပ့ါ ဦးလေးရယ်။ အဲဒီမှာတင် ဇာတ်ထဲက မင်းသမီးလိုမျိုး အရောင်တလက်လက် အဝတ်အစားတွေ ဝတ်ထားတဲ့ အမျိုးသမီး တစ်ယောက်ကို တွေ့လိုက်ရတယ်။ အဲဒီအမျိုးသမီးက ကျွန်တော့်ကိုလည်း တွေ့ရော ကြိမ်းလိုက်မောင်းလိုက်တာ အလွန်ပဲ ကျွန်တော်က သူ့ကို ကြောက်ပြီး တောင်းပန်တော့ "အမိုက်မဲမို့ ဒီတစ်ခါခွင့်လွှတ်လိုက်မယ်" လို့ပြောတယ်။ အဲဒီမှာတင် သတိရလာပြီး ကျွန်တော်ဟာ ဒီကျွန်းပေါ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတာ တွေ့ရတာပဲ၊ ဒါနဲ့ ကျွန်တော်က ဘယ်လိုဖြစ်လို့ ဒီကျွန်းပေါ် ရောက်နေတာတုန်း''

''မင်းရေနစ်တုန်းက ကျောက်ဆောင်နဲ့တိုက်မိပြီး သတိလစ်နေတာ တွေ့လို့ ငါတို့ မနည်းဆယ်ပြီး ဒီကျွန်းပေါ်ကို ခေါ်တင်ရတာ နောက်သတိရအောင် လုပ်ပေးနေတုန်း မင်းအော်ဟစ်ပြီး သတိရလာတာပဲ''

''အမလေး ... တော်ပါသေးရဲ့။ ကံကောင်းလို့ မသေတယ်။ သေများသွားရင် ချစ်သူနဲ့တောင် ပေါင်းရမှာ မဟုတ်ဘူး''

''အဲဒါကြောင့် ပြောတာပေါ့ နိမိတ်မရှိတာတွေ မပြောရဘူးလို့ ကံကောင်းလို့ မင်းအုတ်ဂူ မဖြစ်တာ''

''ဦးလေးရယ် တော်ပါတော့။ ကြောက်ပါပြီဆို''

''အဲဒါပေါ့ကွာ။ မိဘဆွေမျိုးတွေက ဆုံးမလို့မရရင် သဘာဝက ဆုံးမတယ်ဆိုတာ မင်းလိုမျိုးပဲ''

''ဦးလေးရယ် ပြောချင်သလိုသာ ပြောပါတော့။ ဒါထက်ရွာကို ဘယ်လိုပြန်ကြမလဲ''

''ဒီအတွက်တော့ မပူပါနဲ့။ မကြာခင် ပင်လယ်ပြင်က လှေတွေ ပြန်လာမှာပဲ။ ဒီကျွန်းနားကို ဖြတ်ကိုဖြတ်ရမယ်။ ဒီကျွန်းကနေပြီး အချက်ပြလိုက်မယ်''

ထိုသို့ပြောဆိုပြီး စောင့်ဆိုင်းနေစဉ် နံနက်(၄)နာရီခန့်တွင် စက်လှေတစ်စင်း ပြန်လာသည်ကို တွေ့ရှိသဖြင့် စွပ်ကျယ်အင်္ကျီကို အလံဖြူကဲ့သို့ ဝှေ့ယမ်းပြခဲ့သည်။ လှေသူကြီး ဦးဘိုးမြလည်း အလံဖြူဝှေ့ယမ်း





ပြနေသော အုပ်စုကို မြင်သဖြင့် ထိုကျွန်းသို့ ဆိုက်ကပ်ခဲ့ရာ ဦးလှမောင်တို့အုပ်စုဖြစ်နေမှန်း သိခဲ့ရသည်။ ထို့ကြောင့် သူတို့အုပ်စုကို ခေါ်တင်ကာ ပင်လယ်ဒိတ်ရွာသို့ ပြန်လာခဲ့ခြင်းဖြစ်သည်။

ဆန်နီအုန်းသည် ရွာကိုရောက်သည်နှင့် သူ့ဦးလေးအိမ်သို့ အမြန်ဆုံးပြန်ပြေးပြီး သူ၏အဖြစ်အပျက်များကို စီကာပတ်ကုံး ပြောပြခဲ့သည်။

ပင်လယ်ဒိတ်ရွာနှင့် အနီးတစ်ဝိုက်ကား ...။

ဤသို့သော ထူးခြားဆန်းကြယ်မှု အမျိုးမျိုးရှိပြီး ဒဏ္ဍာရီပေါင်းများစွာ ပုံပြင်ပေါင်းများစွာ ရှိခဲ့သော နယ်မြေကြီးတစ်ခုဟု ဆိုရသော်များအံ့မထင်ပါ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)
## "ကံဆိုးသူ့နှစ်ယောက် အချုပ်ထဲရောက်"

"ချစ်ဦးရေ"

"ဗျာ"

လူပျိုခေါင်း မြဒင်က ခေါ်လိုက်သဖြင့် ချစ်ဦးသည် "ဗျာ"ဟု ထူးရင်း မြဒင်ဆီသို့ အပြေးလာခဲ့သည်။

"ဟေ့ကောင် မင်းကို ငါပြောစရာရှိတယ်"

"ဟုတ်ကဲ့ပြောပါ အစ်ကိုကြီး"

"မင်း ... နှင်းဥကို ကြိုက်နေတယ် မဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ် အစ်ကိုကြီး"

"မင်း ... နှင်းဥကို ချစ်စကားပြောပြီးပြီလား"

"မပြောရသေးဘူး အစ်ကိုကြီး"

"ဘာဖြစ်လို့ မပြောသေးတာတုန်း"

"အဲဒီစကားပြောရမှာ ကြောက်နေလို့"





"ကြောက်နေလို့ မပြောမှတော့ နှင်းဥက မင်းကြိုက်တာ ဘယ်သိမလဲ"

"ဒါဆို ဘယ်လိုလုပ်ရမတုန်း အစ်ကိုကြီး"

"လူလစ်တုန်းမှာ လက်ဆွဲပြီး ချစ်စကား ကြိုက်စကား ပြောပေါ့ကွာ"

"မပြောရဲပါဘူးဆိုနေမှ"

"မင်းမပြောရင်နေပေါ့ကွာ ငါကတော့ ငွမ်းပုံကြီးကို လူလစ်တုန်းမှာ လက်ဆွဲပြီး ချစ်စကား ကြိုက်စကား ပြောလိုက်တာ ဒီည ငါ့ကို အဖြေပေးဖို့ ချိန်းထားတယ်"

"ဟင် ... ဟုတ်လား"

"အေးပေါ့ကွာ"

"ဘယ်နေရာမှာ ချိန်းထားတာတုန်း"

"ဟိုကွာ ငွမ်းပုံတို့ အိမ်နောက်ဖေးက ကောက်ရိုးပုံမှာပေါ့"

"ဟာ ... ဒါဆို အစ်ကိုကြီးက တစ်ဝက်သေချာနေပြီပေါ့"

"ဘာတစ်ဝက်ရမှာလဲ။ ချိန်းပြီဆိုကတည်းက အပိုင်သေချာပြီပေါ့ကွ"

"ဟင် ... ဟုတ်လား"

"ဒီမှာ မင်းကသာ "အ"နေတာ ငါတို့က ရှေးလူပျိုတွေရဲ့ ထုံးစံအတိုင်း လူပျိုလက်ဝက်မြီးဆိုသလို ဒီလို ဒီလို"

လူပျိုခေါင်းမြဒင်က သူ၏ လက်ကို ခပ်သွက်သွက် လှုပ်ပြသဖြင့်

"ဟား ... ဟား ... ဟား"



www.burmeseclassic.com

www.burmeseclassic.com



ရယ်ရယ်မောမော ပြောဆိုခဲ့ကြသည်။

"အစ်ကိုကြီးကတော့ ရယ်စရာ တော်တော်ပြောတတ်တယ်။ ဒါနဲ့ အစ်မကြီး ငွမ်းပုံနဲ့ရရင် လူပျိုခေါင်းရာထူးကို ဘယ်သူ့ကို တင်ရမလဲ အစ်ကိုကြီး"

"ငါသွားပြီဆိုမှတော့ ဒီရာထူးကို မင်းမယူလို့ ဘယ်သူယူမလဲ"

"ဟာ ... မလုပ်ပါနဲ့ အစ်ကိုကြီးရာ"

"ဒါနဲ့ ငါမင်းကို ပြောစရာရှိလို့ ခေါ်လိုက်တာ ကြားစကားတွေ လျှောက်ပြောရင်းနဲ့ လိုရင်းစကားတောင် ပြောဖို့မေ့သွားတယ်"

"ဘာပြောမလို့လဲ ပြောပါ အစ်ကိုကြီး"

"ငါ ... ဒီည ငွမ်းပုံနဲ့ ချိန်းတွေ့ရင် မင်းအဖော်လိုက်ခဲ့ရမယ်"

"လိုက်တော့ လိုက်ချင်ပါတယ်"

"ဒါပေမယ့်"

"ဘာ့ ဒါပေမယ့် လုပ်နေတာတုန်း"

"အခုတလော ငါးခြောက်တွေ ပြန်ခွဲနေတော့ ငါးခြောက် စင်ပေါ်မှာ ငါးခြောက်တွေ ဒီအတိုင်းထားခဲ့တာ။ အဲဒါ ခွေးတွေ၊ ဘာတွေ စားမှာစိုးလို့ ကျွန်တော် စောင့်ပေးရဦးမယ်"

"ဒါများကွာ ငါကလည်း ကိုးနာရီလောက်သွားပြီး ဆယ်နှစ်နာရီ လောက်ပြန်လာမှာပဲ လိုက်ခဲ့ကွာ"

"ဖြစ်ပါ့မလား . ငါးခြောက်တွေ ခွေတက်စားသွားရင် ကျွန်တော်မှာ လျော်စရာ မရှိဘူးဗျ"

"ဟေ့ကောင်ရေ ဘာခွေးမှ မစားဘူး။ ဘယ်သူမှလည်း မခိုးဘူး။ တစ်ခုခုဖြစ်ရင် ငါလျော်မယ်။ ညကိုးနာရီ မထိုးခင် မင်းက



မခိုးဘူး။ တစ်ခုခုဖြစ်ရင် ငါလျော်မယ်။ ညကိုးနာရီ မထိုးခင် မင်းကို ငါလာခေါ်မယ်။ အဆင်သင့်သာ ပြင်ထားပေတော့"

"ဒုက္ခပါပဲ အစ်ကိုကြီးရာ"

"ဘာဒုက္ခလဲ။ မင်းသုခကို မြင်ရစေမယ်။ ဒါပဲကွာ ငါမင်းကို လာခေါ်မယ်"

လူပျိုခေါင်းမြဒင်က ဤသို့ ပြောပြောဆိုဆိုနှင့် ပြန်ထွက် သွားခဲ့သည်။ ချစ်ဦးမှာ ခြေထောက်တစ်ဖက် နိမ့်နေသူပီပီ ခြေထောက်လေး ထောက်ကြွထောက်ကြွနှင့် ငါးခွဲစင်ရှိရာသို့ သွားခဲ့သည်။

ငါးခွဲစဉ်တွင် ...။

နှင်းဥတို့ အုပ်စုဖြစ်သော ငွမ်းပုံ၊ အရီးစွာ၊ ထွေးလှ၊ ထွေးမြ ညီအစ်အမနှင့် ဒေါ်ဒွန်းလှတို့ လူတစ်သိုက်မှာ စုံစုံညီညီ ရောက်ကာ ငါးများကို စတင်ခွဲနေကြသည်။

"ဟော ... ဟိုမှာ ချစ်ဦး လာပါပြီတော်"

ငါးခွဲစင်သို့ လှမ်းအဝင်တွင် အရီးစွာ၏ အော်ပြောသံကို စတင်ကြားလိုက်ရသည်။

"ဟဲ့... ချစ်ဦး ... နင်က ဘာဖြစ်လို့ နောက်ကျနေရတာလဲ"

ဒေါ်ဒွန်းလှက ဤသို့ လှမ်းမေးလိုက်ရာ ...။

ငွမ်းပုံက ...။

"နောက်ကျမှာပေါ့အေ။ သူ့ခြေထောက် တစ်ဖက်ဆာနေတော့ သွားတာ သွားတယ် ခရီးမရောက်လို့နေမှာပေါ့"

ဤသို့ သူများအားနည်းချက်ကို ထုတ်ဖော်ပြောလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



အာကျယ်သော်လည်း မဟုတ်မခံနိုင်သူ ဒေါ်စွာကျယ်က. . . ။

"ညည်းကလဲအေ . . . သူများအားနည်းချက်ကို မပြောပါနဲ့။ ဒီကောင်ကလေးကို ဒီငါးခွဲစဉ်မှာပဲ မွေးတာပါ"

"ဟင် . . . ဟုတ်လား။ အရီးစွာ ပြောစမ်းပါဦး"

ထွေးလှက ဤသို့ မေးလိုက်ရာ . . . ။

"သူ့အမေ ခင်မြဟာ အလွန်အလုပ်ကြိုးစားတယ်။ မွေးကာနီး ဖွားကာနီးတောင် ငါးခွဲတုန်းပဲ။ အဲဒီတုန်းက သူ့အဖေ ကိုသာဦးက လှေထွက်သွားတုန်း ကြံပင်တောင် ပြောင်းပြန်လှန်စိုက်သွားတာ"

"ဘာဖြစ်လို့ ကြံပင်ကို ပြောင်းပြန် စိုက်သွားတာလဲ အရီးစွာရဲ့"

"ဇောတွေပေါ့အေ . . . သူ့မိန်းမက မွေးကာနီးဆိုတော့ ဇောစိတ်တွေဝင်ပြီး လုပ်မိလုပ်ရာ လုပ်တာပေါ့အေ။ အဲဒီမှာ ခင်မြက ငါးခွဲရင်း ဗိုက်နာပြီး ချက်ချင်းမွေးပါလေရော"

"ဟောတော့"

"ခင်မြက ငါးခွဲစဉ်မှာပဲ မွေးတော့ ငါးအူဖတ်တွေ ငါးခေါင်းပြတ်တွေကြားမှာ မွေးရတာ။ နောက်မှ လက်သည်ရောက်လာတာ"

"ဟုတ်လား"

"မွေးတုန်းက အကောင်းပါအေ။ သူ့အမေက ငါးခွဲရတော့ ဒီနားမှာ ပုခက်စင်ပြီး ကလေးကိုထားတာ။ ပုခက်ထဲက ခဏခဏ လိမ့်ကျရင်း ခြေထောက်ကိုထိပြီး ခြေဆာသွားတာပါအေ"

ချစ်ဦးရှေ့တွင် သူ့အကြောင်းပြောနေသဖြင့် သူသည် ကွယ်လွန်သွားသော မိဘနှစ်ပါးကို သတိရမိသည်။





"သူ့အမေရော၊ သူ့အဖေပါ ရှေ့ဆင့် နောက်ဆင့် သေသွားလို့ ငါးသူဌေး "ဦးသာဒင်"က ခေါ်မွေးထားတာပါအေ"

အရီးစွာက နိုင်းချင်တာနိုင်း၍ရသော ချစ်ဦးအတွက် သူ့ဘက် လိုက်ကာ ပြောလိုက်သည်။ သည့်တွင် ဂွမ်းပုံက မကြားတကြား ထွေးလှ ဘက်သို့ လက်ကာ၍ . . . ။

"ပုခက်ပေါ်က ခဏခဏပြုတ်ကျလို့ ဦးနှောက်သိပ်မကောင်း ဘူးလို့ ထဲ့ပြောပါဦးလား" ဤသို့ပြောလိုက်သည်။

"အစ်မ ဂွမ်းပုံရယ် ပေါ်တင်ကြီး မပြောပါနဲ့ အားနာစရာ"

"အေးပါအေ . . . သူကခေါင်းမကောင်းပေမယ့် နိုင်းလို့တော့ ကောင်းပါတယ်အေ" ဂွမ်းပုံကဆက်၍ ကွန့်ပြီး ပြောလိုက်ရာ . . . ။

လူငယ်ပီပီ နားပါးသော ချစ်ဦးက ကြားသွားပြီး . . . ။

"အစ်မ ဂွမ်းပုံနော် ကျွန်တော့် မကောင်းကြောင်းတွေ မပြောနဲ့"

"ဟဲ့ . . . ငါက မှန်တာပြောတာ"

"ဒါဆိုလည်း အစ်မဂွမ်းပုံ အကြောင်းပြောလိုက်မယ်နော်"

"ငါက ဘာအပြစ်လုပ်ထားလို့လဲ ပြောပေါ့"

"ဒီည (၉)နာရီမှာ ကိုကြီးမြဒင်နဲ့ အိမ်နောက်ဖေးက ကောက်ရိုးပုံမှာ ချိန်းထားတယ်ဗျို့"

ချစ်ဦးက ပါးစပ်နားတွင် လက်ကို အော်လန်သဖွယ်လုပ်ပြီး အော်ပြောလိုက်ရာ အားလုံးသော ငါးဖမ်းသမများက . . .

"ဟင် . . . ဟုတ်လား။ မဂွမ်းပုံက အလာကြီးပဲတော့"

"ဟား . . . ဟား . . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား"

"ချစ်ဦးကတော့ လုပ်ချလိုက်ပြီဟေ့"

အရီးစွာက ဤသို့ပြောရင်း မျက်ရည်ထွက်အောင် ဖင်ဆောင့်ရယ်သဖြင့် ဂွမ်းပုံကြီးမှာ ရှက်အားပိုပြီး"

"သေနာလေး ... ငါ့ကို မဟုတ်တာ ပြောတယ်"

ဤသို့ဆိုကာ ငါးခွဲဓားနှင့်လိုက်သဖြင့် ချစ်ဦးမှာ ကြောက်အားလန့်အားနှင့် ထွက်ပြေးခဲ့သည်။

အားလုံးသော ငါးဖမ်းသမများမှာ တဟားဟားရယ်မော၍ ကျန်ရစ်ခဲ့ကြသည်။ ဤတွင် အရီးစွာက ...။

"ပြောမယ့်သာ ပြောရတယ်။ ချစ်ဦးကလည်း ဂွမ်းပုံပြောသလို ရှုးနှမ်းနှမ်းနဲ့ ပြောရမယ့်စကားမှန်း မပြောရမယ့်စကားမှန်းလည်း မသိဘူး"

"ချစ်ဦးက ရှုးနှမ်းတာတော့ မဟုတ်ပါဘူး။ ကျပ်မပြည့်တာပါအေ"

ဒေါ်ဒွန်းလှက ဤသို့ပြောလိုက်ရာ ထွေးမြက ...

"ဘယ်လိုကျပ်မပြည့်တာလဲ ဒေါ်ဒွန်းလှရဲ့"

"ဟဲ့ ... တစ်ကျပ်မှာ ဆယ်ပြားလိုနေလို့ဟေ့ ... ဆယ်ပြား ... ဆယ်ပြား"

"ဟား ... ဟား ... ဟား"

ငါးခွဲသမများလည်း ရယ်စရာ မောစရာပြောရင်း ငါးများကို ဆက်၍ ခွဲနေကြသည်။





မကြာမီ ဓားကိုင်ပြီး ဂွမ်းပုံက ပြန်လာကာ ငါးခွဲနေခဲ့သည်။

အတော်လေးကြာမှ လက်ဖက်သုပ်ကို လက်မှဆွဲကာ ချစ်ဦးတစ်ယောက် ပြန်ရောက်လာခဲ့သည်။

"အစ်မဂွမ်းပုံ ... အစ်မတို့စားဖို့ လက်ဖက်သုပ် ဝယ်လာခဲ့တယ်ဗျ"

ထိုသို့ မျက်နှာချိုသွေးကာ ပြောလိုက်ရာ ဂွမ်းပုံက ...။

"မစားဘူး"

ဤသို့ ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"အစ်မဂွမ်းပုံရယ် ကျွန်တော်က ချစ်လို့စတာပါ။ စိတ်မဆိုးပါနဲ့။ စားပါအစ်မရယ်"

"သေနာလေး နောက်ကို ငါ့ကိုမစနဲ့"

"ဒေါက်"

ပြောပြောဆိုဆို ချစ်ဦး၏ ခေါင်းကို ခေါက်လိုက်ရာ ချစ်ဦးက ...

"ခေါက်ပါ အစ်မရယ်၊ ခေါက်ပါ။ အစ်မစိတ်ဆိုးပြေရင် ပြီးရော"

ဤတွင် အရီးစွာက အစားငမ်းသူပီပီ ...

ဟဲ့ ... နင်တို့ လင်မယားတွေ ပြေးလိုက်လွှားလိုက် အကြည်ဆိုက်လိုက်လုပ်မနေကြနဲ့။ ငါတော်တော် ဗိုက်ဆာနေပြီ။ လက်ဖက်သုပ်ကို မြန်မြန်ထုတ်ဟေ့"

"ဟုတ်ကဲ့ အရီးစွာ"

ချစ်ဦးက ခရမ်းချဉ်သီး၊ ဂေါ်ဖီများများနှင့် ကျကျနန သုပ်ထားသော လက်ဖက်များကို ပန်းကန်ထဲတွင်ထဲ့ပြီး ဇွန်းတပ်ပေးကာ ...



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... အရီးစွာက အကြီးဆုံးမို့ အရင်စားပါ"

"အေးပေါ့ဟ"

ထိုသို့ဖြင့် တစ်ယောက်တစ်ဖွန်း စားကြရာ လက်ဖက်တစ်ပန်းကြီးမှာ တစ်ခဏချင်း ကုန်သွားလေသည်။ ချစ်ဦးက သူတို့နှင့်အတူ ဝိုင်းကူလုပ်ပေးသဖြင့် ငါးတောင်းများမှ ငါးများကုန်အောင် ငါးခွဲပြီး ခဲ့လေပြီ။

ညနေစောင်း အချိန်ဖြစ်လာပြီဖြစ်၍ အားလုံးအိမ်ပြန်ရန် ပြင်ဆင်နေစဉ် ချစ်ဦးက ဂွမ်းပုံနားသို့ကပ်ကာ ...

"အစ်မ ... ဒီည (၉)နာရီမှာ ကောက်ရိုးပုံကိုလာဖို့ မမေ့နဲ့"

ဟု တိုးတိုးလေး ကပ်ပြောလိုက်ရာ ဂွမ်းပုံမှာ ရှက်သွားပြီး"

"သေနာလေး"

ထိုသို့ပြောပြီး ဓားနှင့် လှမ်းပစ်လိုက်သဖြင့် ...

"ဒိုးပြီ ... ဒိုးပြီ ဗျို့"

ဟု အောအော်ပြောပြော ပြေးခဲ့သည်။

ငါးခွဲသမများမှာ တဟားဟားရယ်မောရင်း ကျန်ရစ်ခဲ့သည်။

ည (၈)နာရီခန့် အချိန်တွင် ...

"ချစ်ဦးရေ ... ချစ်ဦး"

ဤသို့ခေါ်ရင်း ကိုမြဒင်ရောက်ရှိလာခဲ့သည်။

ချစ်ဦးမှာ နံနက်က ငါးခြောက်ခွဲထားသည့်စင်ကို စောင့်ရမည် ဖြစ်၍ ငါးခြောက်စင်တွင် ရောက်ရှိနေသည်။

"ချစ်ဦး ... သွားမယ်ကွာ"



BURMESE CLASSIC .com



"အစ်ကိုကြီး အခုမှ (၈)နာရီပဲရှိသေးတယ်။ စောပါသေးတယ်"

"မင်းကို အဲဒါကြောင့် နှင်းဥက မကြိုက်တာ"

"ဘာဆိုင်လို့လဲ အစ်ကိုကြီးရ"

"အပျိုလူပျို စကားပြောတယ်ဆိုတာ မလွယ်ဘူး။ ကြောက်ဒူးတုန်တယ်ကွ။ ဒီတော့ "ကိုသိန်း"ထန်းရည်ဆိုင်မှာ တစ်ခွက်တစ်ဖလား မော့ပြီးမှ သွားမှဖြစ်မှာပေါ့"

"ဒါဆိုရင် ရည်းစားစကားပြောရင် ပါးစပ်က ထန်းရည်စော်နံ နေမှာပေါ့ဗျ"

"ဟော့ကောင် ကွမ်းယာဆိုတာ ဘာကြောင့်ပေါ်လာတာလဲ သိလား ငတုံးရဲ့ မသိရင်မှတ်ထား။ ထန်းရည်တို့ ကဖော်တို့ သောက်ပြီးရင် အနံ့မထွက်အောင် ဝါးရတယ် ငတုံးရဲ့"

"ဒေါက်" ပြောပြောဆိုဆို မြဒင်က ချစ်ဦးခေါင်းကို ခေါက် လိုက်ရာ ...

"တော်ပြီ ... တော်ပြီ။ ဒီက အကောင်းလည်း ပြောရ သေးတယ်။ ခေါင်းလည်း အခေါက်ခံရသေးတယ် အစ်ကိုကြီးနောက် မလိုက်တော့ဘူး"

ချစ်ဦးက စိတ်ကောက်စွာဖြင့် ပြောလိုက်ရာ ...

"အေးပါကွာ ငါးမှားသွားတယ်၊ မင်းကို တောင်းပန်ပါတယ်ကွာ"

"ဒီလောက်နဲ့ မရဘူး"

"ဒါဆိုရင် ကထိန်မှာ ဝတ်ဖို့ ပုဆိုးတစ်ထည် ဝယ်ပေးမယ်ကွာ"

"အစ်ကိုကြီး ... တကယ်လား"

"တကယ်ပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



“အင်း ... ဒါဆိုလိုက်မယ်”

ဘယ်တော့ ဝယ်ပေးမှန်းမသိသော ပုဆိုးတစ်ထည် ရမည်ဆို၍ ချစ်ဦးမှာ မြဒင်နောက်သို့ ချက်ချင်းလိုက်လာခဲ့သည်။ မြဒင်ကလည်း ဝယ်ပေးမည်ဟု ပြောပေါင်းများလှပြီ။ သို့သော်လည်း တစ်ခါမှ မြဒင်ဆီက ပုဆိုးတစ်ထည်မျှ မရဘူးခဲ့ချေ။

သူတို့၏ ခြေလှမ်းများကား ...။ ကိုသိန်းထန်းရည်ဆိုင်သို့ ဦးတည်လျက် ထန်းရည်ဆိုင်တွင် အချိန်ဖြုန်းပြီးနောက် (၉)နာရီ ထိုးခါနီးတွင် အရီးကျော့၏ နောက်ဖေးလမ်းကြားမှဝင်ကာ ငွမ်းပုံ၏ကောက်ရိုးပုံ နောက်၌ စောင့်နေခဲ့သည်။ မကြာမီ ငွမ်းပုံတို့ အိမ်နောက်ဖေး တံခါးပွင့် လာပြီး ဝဝလုံးလုံးမည်းမည်းသဏ္ဍာန် တစ်ခုထွက်လာသည်ကို တွေ့ရသဖြင့် မြဒင်က ...

BURMESE CLASSIC .com

“ဟိုမှာ ငွမ်းပုံ လာနေပြီကွ”

“ဟုတ်မှဟုတ်ရဲ့လား။ ပိုပြီး ဝနေသလိုပဲ”

“မင်းကလည်း လူတွေဟာ ညဘက်ဆိုရင် ပိုပြီးဝတယ်ကွ”

“အစ်ကိုကြီးကလည်း မဟုတ်တာတွေ လျှောက်ပြောမနေနဲ့”

“ရှူး ... တိုးတိုး ... ငါ့ချစ်ချစ်က တဖြည်းဖြည်း နီးလာပြီ”

ထိုမည်းမည်းသဏ္ဍာန်မှာ တဖြည်းဖြည်းနှင့် နီးကပ်လာပြီ၊ အိမ်သာပေါ်သို့ လှမ်းတက်လိုက်ရာ”

“ဟာ ... တော်ပါသေးရဲ့”

“ဘာဖြစ်လို့တုန်း”

“ငါလည်း ဝပါတယ်ဆိုပြီး ကြည့်နေတာ။ ဒါဟာ ငွမ်းပုံ အစ်မ လုံးတင်မပဲကွ”





“တော်သေးတာပေါ့၊ လှမ်းသာဖက်လိုက်ရရင်”

“ဖျန်းကနဲ ပါးရိုက်သွားမှာပေါ့ကွာ”

ဤသို့ ခပ်တိုးတိုးပြောပြီး စောင့်ဆိုင်းနေစဉ် လုံးတင်မမှာ ကိစ္စပြီးစီးသွားပြီဖြစ်၍ အိမ်သာမှ ဆင်းသွားခဲ့သည်။

တစ်နာရီကျော်ခန့်အကြာမှာ နောက်ဖေးတံခါး တစ်ချပ်ပွင့်လာပြီး မပိန်မဝသဏ္ဍာန်တစ်ခု ထွက်လာခဲ့သည်။

“အခုမှ ... ငွမ်းပုံ လာတာကွ”

“သေသေချာချာ ကြည့်ဦးနော်။ ငွမ်းပုံညီမ မိညွက် ဖြစ်နေဦးမယ်”

“ဒီတစ်ခါ သေချာပါတယ်ကွာ”

ငွမ်းပုံသည် အိမ်သာ၏ အနောက်ဘက်ရှိ ကောက်ရိုးပုံသို့ ခြေဖွနင်းပြီးလာခဲ့ရာ

“ငွမ်းပုံ”

“အမလေး ... လန့်လိုက်တာ”

“အစ်ကို စောင့်နေတာ ကြာပြီ”

“သိပါတယ်တော်။ အစ်မလုံးတင်မက အရင်အိမ်သာ သွားနေလို့ စောင့်နေရတာ”

“အစ်ကိုလည်း တွေ့လိုက်ပါတယ်။ လုံးတင်မကို ငွမ်းပုံမှတ်ပြီး လှမ်းဖက်လိုက်တော့မလို့”

“အစ်ကိုကလည်း အသက်မကြီးသေးဘူး မျက်စေ့မှုန်နေပြီလား”

“ဟုတ်တယ်။ အစ်ကိုက မျက်စေ့ သိပ်မကောင်းဘူး။ ခပ်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကသွားတဲ့ အပျိုမှန်သမျှ ငွမ်းပုံလို့ပဲထင်တာ''

''သွားပါ ... ဘာတွေလျှောက်ပြောမှန်း မသိဘူး။ လိပ်မျိုး''

''ဒါက ငွမ်းပုံကို ချစ်လွန်းလို့ပါ။ မျက်စေ့ထဲက ထွက်ကို မထွက်ဘူး ဖြစ်နေတော့ တွေ့တဲ့ အပျိုမှန်သမျှ ငွမ်းပုံလို့ ထင်ကုန်တာပါ''

''သွားပါ ... ကျွန်မ ရှင့်ကို မကျေနပ်ဘူး သိလား''

''ဟင် ... ဒါက အစ်ကို့ကို ပေးတဲ့အဖြေလား''

''အဖြေ ဟုတ်မလား။ အဖြေကပေးတောင် မပေးရသေးဘူး''

''ဒါဖြင့် ဘာလို့ မကျေနပ်တာလဲ''

''ဒီည (၉)နာရီ ဒီကောက်ရိုးပုံမှာ တွေ့မယ်လို့ အစ်ကို့ကို ချိန်းထားတာ ဟို... ဝမ်းတွင်းရှူး ချစ်ဦးကို ဘာ့ကြောင့် သွားပြောရတာလဲ''

''သူလည်းလိုက်ခဲ့ ... ဟာ ဟုတ်သေးပါဘူး။ အစ်ကို သူ့ကို ဘာမှပြောမထားဘူး''

''ဒါဆိုရင် သူက ဘယ်လိုဖြစ်ပြီး ဒီကြောင်းကို သိရတာလဲ''

''ဒီကောင်က အရူးဆိုတော့ သူအတွေးနဲ့သူ မှန်းတုတ်ရမ်းချပြီး ပြောတာနေမှာပေါ့''

''ဟင် သူမှန်းတုတ်ရမ်းချတာကလည်း တစ်ယောက်ယောက်က ပြောထားတဲ့အတိုင်းပဲ''

''ငွမ်းပုံလေးရယ် အဲ့ချိန်ကုန်မခံပါနဲ့။ အချိန်က အရမ်းအဖိုးတန်တယ်''

''အဖိုးတန်တော့ ဘာဖြစ်တုန်း''





''အစ်ကို့ကို ချစ်တယ်လို့ အဖြေပေးပါလား''

ပြောပြောဆိုဆို လူပျိုလက်ဝက်မြီးကဲ့သို့ ငွမ်းပုံ၏ လက်ကို ဆွဲပြီး ရည်းစားစကားပြောလိုက်ရာ မဆွတ်ခင်ကပင် ညွတ်ချင်ချင် ဖြစ်နေသော ငွမ်းပုံမှာ ...

''အဖြေတောင် မပေးရသေးဘူး ... သွား ... လူဆိုး''

ငွမ်းပုံကလည်း သူမကြည့်ထားသော ဗီဒီယိုဇာတ်ကားမှ အသုံးအနှုန်းကိုပြောလိုက်ရာ ချက်ဆိုနားကွက်က မီးတောက်သော ကာလသားခေါင်း မြဒင်က သူမ၏လက်ကလေးကိုဆွဲပြီး ပွေ့ဖက်ကာ ကောက်ရိုးပုံရှေ့၌ ထိုင်ချလိုက်သည်။

နောက်တော့ သူတို့ အချင်းချင်း ပြေလည်သွားပြီး ငွမ်းပုံက မြဒင်၏ ရင်ခွင်ထဲသို့ ရောက်နေသည်။ အဖော်လိုက်လာသော ချစ်ဦးမှာ အသစ်စက်စက် ချစ်သူနှစ်ဦးကိုကြည့်ပြီး ကြည်နူးနေမိသည်။ ထို့နောက် တစ်ဖက်သတ်ချစ်ရသော နှင်းဥကို ချက်ချင်းသတိရမိသည်။

''နှင်းဥရယ် နှင့်ကို ငါသတိရလိုက်တာ။ ငါလည်း အစ်ကိုကြီးကို မြဒင်နဲ့ အစ်မငွမ်းပုံတို့လို နင်နဲ့ ချစ်နေချင်တယ်''

ထိုသို့ နှင်းဥကိုတွေးကာ ရော်ရည်မှန်း၍ တမ်းတနေမိသည်။ ထို့နောက် သူသည်ဖျပ်ကနဲ အိပ်ပျော်သွားသကဲ့သို့ ဖြစ်ပြီး ...

ကိုမြဒင်နှင့် ငွမ်းပုံတို့ နှစ်ဦးနေရာတွင် သူနှင့် နှင်းဥဖြစ်နေသည်။ နှင်းဥနှင့် ချစ်စကားများကို ဖွဲ့သီမဆုံးအောင် ဖြစ်ခဲ့သည်။ ပျော်လိုက်သည့် ဖြစ်ဖြင်း။ အပျော်တကာ့အပျော်တွင် သည်အပျော်က ထိပ်ဆုံးက။ မိုးမမြင် လေမမြင် အပျော်လွန်ကဲကာ ချစ်မဝဖြစ်နေစဉ် ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင့် ချစ်ဦး . . . ထတော့လေကွာ"

"ဟင် . . . အစ်ကိုကြီး"

"အစ်ကိုကြီး . . . လုပ်မနေနဲ့ သန်းကောင်ကျော်သွားပြီ"

"ဟင် . . . ဟုတ်လား၊ ငါးခြောက်တွေ ခွေးတက်စားရင်တော့ ဒုက္ခပါပဲ"

မစောစောက တစ်ချိန်လုံး အတွေးရေယာဉ်ကြောမျောနေသမျှ အခုမှပင် ငါးခြောက်များကို သတိရမိသည်။ ထိုပင်လယ်ကမ်းခြေရှိ ရွာများသည် ငါးခြောက်ခွဲပြီး ငါးခြောက်စင်တွင် နေ့ရောညပါ လှမ်းထားလေ့ရှိသည်။ ညရောက်လည်း ငါးအစိုများကို ခွဲထားသဖြင့် မသိမ်းကြဘဲ အစောင့်အရှောက်ထားကာ လှမ်းထားလေ့ရှိသည်။

ယခုလည်း ငါးခြောက်များမှာ မနက်က ခွဲလှမ်းထားသဖြင့် မခြောက်သေးပေ။ အနည်းဆုံးနေပူပူတွင် တစ်ပတ်လောက်လှမ်းရပေမည်။ ထို့ကြောင့် အမောတကောနှင့် ငါးခြောက်စင်ဆီသို့ အပြေးအလွှား လာခဲ့သည်။

ငါးခြောက်စင်သို့ အရောက်တွင် . . .

"ဟောဗျ . . . ငါးခြောက်တွေ ဘယ်ရောက်ကုန်ပါလိမ့်။ ဒီလောက်များတဲ့ ငါးခြောက်တွေ ဘယ်သူလာခိုးပါလိမ့် ဒုက္ခပဲ"

မှန်ပေသည်။ ငါးခြောက်စောင့်ဖို့ အစောင့်ချထားသော ချစ်ဦးမှာ တာဝန်ပေါ့လျော့သဖြင့် ငါးခြောက်များ တစ်မျှော်တစ်ခေါ်လှမ်းထားသည့် ငါးချောက်များစွာမှာ ပျောက်ခြင်းမလှ ပျောက်နေသည်။ ငါးလှမ်းစင် တစ်စင်တွင် ငါးခြောက်လေး ငါးခုသာ ကျန်တော့သည်။ ငါးလှမ်းစင်





များမှာလည်း ဖရိုဖရဲ . . .။

"မနက်မိုးလင်းရင် ငါ့သူဌေးကို ဘယ်လိုပြောရပါ့မလဲ"

ချစ်ဦးမှာ လွန်စွာစိတ်ဆင်းရဲပြီး တစ်ညလုံး အိပ်၍မပျော်တော့ပေ။ နံနက် မိုးလင်းလင်းခြင်း သူဌေးဆီသို့ အပြေးသွားကာ . . .

"ဦးလေး . . . ဦးလေးရဲ့ ငါးခြောက်တွေ ဘယ်သူခိုးသွားမှန်း မသိဘူး"

"ဟေ . . . ပြောစမ်းပါဦး"

"ဦးလေးရဲ့ ငါးခြောက်တွေ ကုန်ပြီ။ ဘယ်သူ ခိုးသွားမှန်း မသိဘူး"

"ဒီလောက်များတဲ့ ငါးခြောက်တွေ ဘာဖြစ်လို့ ကုန်ရတာလဲ။ မင်းကိုစောင့်ခိုင်းထားတာ မင်းမသိဘူးလား"

"ကျွန်တော်လဲ တစ်ညလုံးစောင့်နေတာ။ မိုးလင်းကာနီးမှ မှေးကနဲ အိပ်ပျော်သွားတယ်။ နိုးတော့ ငါးခြောက်တွေ မရှိတော့ဘူး"

"ဒါဆိုရင် မဖြစ်ဘူး။ မြို့က ရဲစခန်းကို လှမ်းတိုင်မှဖြစ်မယ်"

"ဦးလေး ရဲတိုင်တော့ ကျွန်တော့ကိုဖမ်းပြီး စစ်ကြမှာပေါ့။

"အေး . . . မင်းကို ရိုက်နှက်ပြီး စစ်မှာပေါ့။ အစောင့်ခိုင်းတာ အိပ်တဲ့အကောင် ရဲကရိုက်ပြီး စစ်မှအေးမယ်" သူဌေးက စိတ်ဆိုးလွန်းသဖြင့် ဤသို့ပြောလိုက်သည်။

"ဦးလေးရယ် အဲဒီလိုတော့ မလုပ်ပါနဲ့"

"အဲဒီလို မလုပ်လို့ ဖြစ်မလား။ အဲဒါ သိန်းပေါင်းများစွာ တန်တယ်။ အဲဒီပိုက်ဆံ ဘယ်သူလျော်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြောစမ်း၊ ဘယ်သူလျော်မလဲ"

"အစ်ကိုကြီးမြဒင်က စိုက်လျော်မယ်လို့ပြောတယ်"

"သူက ဘာဖြစ်လို့ စိုက်လျော်မှာလဲ"

ပြောရင်းဆိုရင် အားလုံးရှုပ်ကုန်ပြီ။ သူဌေးကြီးမှာ ဤမျှများပြားလှသော ငါးခြောက်များ ပျောက်ကုန်သဖြင့် လွန်စွာစိတ်ဆိုးလျှက်ရှိသည်။ ဤသို့ သိန်းချီငါးခြောက်များ ပျောက်ဆုံးသဖြင့် သူကြီးထံသို့ တိုင်ကြားခဲ့သည်။ သူကြီးကဖြေရှင်း မပေးနိုင်သဖြင့် မြို့ပေါ်မှ ရဲစခန်းသို့ တိုင်ကြားရာ ချစ်ဦးနှင့် မြဒင်တို့နှစ်ဦးကို မြို့သို့ခေါ်သွားကာ အချုပ်ချထားလိုက်သည်။

အချုပ်ခန်းသို့ တစ်ခါမှမရောက်ဖူးသည့် ချစ်ဦးသည် တစ်ကိုယ်လုံး တဆပ်ဆပ်တုန်အောင် ကြောက်လန့်နေသည်။

"ဟော့ကောင် ချစ်ဦး၊ မင်းက ဘာဖြစ်လို့ ဒီလောက်တုန်နေအောင် ကြောက်ရတာလဲ"

"ကျွန်တော်က နဂိုကမှ ငွေမရှိလို့ ဂုဏ်ငယ်ရတဲ့အထဲမှာ အခုလို အချုပ်ကြပြီဆိုတော့ နှင်းဥက ကျွန်တော့ကို ဘယ်ချစ်တော့မလဲ"

"မင်းကွာ အရေးထဲ နှင်းဥက မချစ်မှာ စိုးတာနဲ့တောင်တိုးနေပြီ"

"ဟုတ်တယ်ဗျ၊ ကျွန်တော့်ဘဝမှာ အရေးကြီးဆုံးက နှင်းဥပဲ"

"နှင်းဥလုပ်မနေနဲ့၊ အခုနှင်းဥက လာကယ်မှာ မဟုတ်ဘူး"

မကြာမီ စခန်းမှူး ရှေ့မှောက်သို့ ရောက်ရှိလာခဲ့သည်။

ထိုအခါ မြဒင်ကဖြစ်ကြောင်း ကုန်စင်ရှင်းပြခဲ့သည်။





ချစ်ဦးကို စစ်မေးပြန်တော့လည်း အတူတူပင် ...

စခန်းမှူးက အထပ်ထပ် အခါခါ စစ်မေးပြီးနောက် ပြစ်မှုမထင်ရှားသဖြင့် သူတို့နှစ်ဦးကို ပြန်လွှတ်လိုက်သည်။ ချစ်ဦးကိုမူ သူဌေးက ပြန်မခေါ်သဖြင့် အရီးစွာအိမ်သို့ လိုက်နေခဲ့သည်။

ချစ်ဦးမှာ ငါးခြောက်စင်စောင့်ရသော အလုပ်လည်း ပြုတ်သွားခဲ့ပြီ။ ထို့ကြောင့် ငါးခွဲစင်သို့လည်း လာရန်ကိစ္စမရှိတော့ပေ။ ဒါပေမယ့် နှင်းဥကို အလွန်တွေ့ချင်သောကြောင့် ငါးခွဲစင်သို့ အလွန်လာချင်မိသည်။ အရင်ကလို အပျော်အနောက်တွေပြောရင်း ပျော်ရွှင်ချင်သည်။ အခုတော့ နှင်းဥကို အဝေးကလှမ်းမျှော်ကြည့်ရင်း အချစ်စိတ်ကို မြိုသိပ်နေခဲ့ရသည်။

မကြာမီအချိန်တွင် မြဒင်နှင့် ဂွမ်းပုံတို့ မင်္ဂလာဆောင်ခဲ့သည်။ ချစ်ဦးလည်း မြဒင်နှင့်အတူလိုက်နေရင်း မြဒင်၏လက်သမား အလုပ်တွင် ကူညီလုပ်ကိုင် ပေးခဲ့သည်။

ဂွမ်းပုံက ညနေရောက်မှ ငါးခွဲပြီး ပြန်လာခဲ့သည်။

ညစာ ထမင်းဝိုင်းတွင် ဂွမ်းပုံက ...

"နှင်းဥတောင် မင်္ဂလာဆောင်ဖို့ နီးစပ်နေပြီ"

"အစ်မဂွမ်းပုံ ဘယ်လိုပြောလိုက်တာလဲ"

"နင်က ငါးခွဲစင်ဆီ မလာတော့ ဘာမှမသိဘူးပေါ့၊ ဟိုတစ်ခါ လှေမှောက်သွားတဲ့ ငါးသူဌေးရဲ့တူက နှင်းဥကို မျက်စေ့ကျပြီး နေ့တိုင်း ငါးခွဲစင်ကို ရောက်လာတယ်။ ငါတို့ကိုလည်း စားစရာတွေ ဝယ်ကျွေးလိုက်တာ ဗိုက်ကိုတင်းနေတာပဲ"

"ဟင် ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား လုပ်မနေနဲ့။ နင် နှင်းဥကို ကြိုက်နေတာ တစ်ရွာလုံး သိတယ်။ နင်က အ,အကြီးလိုလုပ်နေတော့ နှင်းဥကလည်း နင့်ကို ဘယ်လို ပြန်ကြိုက်မလဲ။ အခုတော့ သူများနောက်ပါသွားတော့မယ်"

"ဒုက္ခပါပဲဗျာ"

ချစ်ဦးမှာ နွေလည်ခေါင်တွင် မိုးကြိုးပစ်ချခံလိုက်ရသည့်နှယ် . . .

ဦးခေါင်းတစ်ခုလုံး မူးမိုက်ကာ ခြာခြာလည်သွားပါတော့သည်။ စားလက်စ တစ်ပန်းကန်ကုန်အောင်ဆက် မစားနိုင်ဘဲ ထမင်းဝိုင်းမှ ထသွားခဲ့သည်။

◈ ◈ ◈





## အခန်း(၆)

## "ဖင်ပြွန်းကျွန်းက မြေပြိုတ္တာကြီးများ"

နှင်းဥတစ်ယောက် လက်ထပ်တော့မည်ဟုဆို၍ ရင်မှာ ဒိန်းကနဲ မြည်အောင် ရင်ခုန်နေသည်။ ခေါင်းတစ်ခုလုံး မူးနောက်တွေဝေနေသည်။ သည်တော့ စိတ်ဖြေစရာ ကိုသိန်း၏ ထန်းရည်ဆိုင်သို့ ခြေဦးလှည့်ခဲ့သည်။

ထန်းရည်ကို တစ်ခွက်ပြီး တစ်ခွက်မော့ခဲ့သည်။

"အင်း . . . ဟိုကလာနေတာ ဆန်နီအုန်းပါလား"

"ဒီကောင်က ငါးခွဲစင်ဘက်ကို သွားကတည်းက နှင်းဥကို ပိုးနေတဲ့သူမှန်း ငါသိရမှာ"

"ဒီကောင်က မြို့ကလာတဲ့ကောင်ဆိုတော့ လူရည်လည်း လည်တယ် ရုပ်ကလည်း မချောပေမယ့် အဝတ်အစားကောင်းတော့ ကြည့်ကောင်းတာပေါ့။ နောက်ပြီး သူ့မြေးတူဆိုတော့ ပိုက်ဆံကလည်း ချမ်းသာမယ်။ ငါနဲ့ဘယ်လိုမှ မယှဉ်နိုင်ဘူး။ ဒါပေမယ့် ငါနဲ့နှင်းဥက ငယ်ငယ်လေးကတည်းက ကစားဖော်ကစားဖက်ပဲ။ ဒီတော့ ငါ့သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုစွန့်လွှတ်ရမှာလဲ။ အခုတော့ ငါ့ရဲ့ဘဝဟာ သူခိုးလို့ ရိုးစွပ်ထားတော့ ငါးခွဲစင်လောက်တောင် သွားလို့မရဘူး''

ချစ်ဦးလည်း သူ့ဘဝအကြောင်းကို စဉ်းစားရင်း ရင်နာမိသည်။ ကိုသိန်းထန်းရည်ဆိုင် ပိတ်သည်အထိ ထိုဆိုင်မှာ ထိုင်သောက်နေခဲ့သည်။

ကိုသိန်းက ...

''ဟော့ကောင်ချစ်ဦး ... ဆိုင်ပိတ်ပြီ။ ပြန်တော့''

''ဟုတ်ကဲ့ ... ဦးလေး''

ထိုသို့ပြောပြီး ဆိုင်အပြင်သို့ ထွက်လာခဲ့သည်။

ကိုမြဒင်အိမ်ကိုလည်း သည်လိုပုံနှင့် မပြန်ချင်။

စိတ်ပြေလက်ပျောက် ငါးခွဲစင်ရှိရာ ကမ်းနားသို့ လျှောက်လာခဲ့သည်။ ကမ်းစပ်ရောက်သောအခါ ငါးခြောက်လှမ်းစင်များကို လှမ်းကြည့်လိုက်သည်။ ငါးခြောက်လှမ်းစင် တစ်ပြင်လုံးတွင် ငါးခြောက်များလှမ်းထားသည်ကို တွေ့ရှိရသည်။ သူကင်းစောင့်ခဲ့ဖူးသော စင်ကလေးတွင် မောင်ဦးက အိပ်စောင့်နေသည်။ သူသည် ထိုနေရာမှ ခပ်လှမ်းလှမ်းရှိ သဲသောင်ပြင်တွင် ထိုင်လိုက်ပြီး မြစ်ပြင်ဘက်သို့ ငေးကြည့်နေခဲ့သည်။

ကောင်းကင်ကို မော့ကြည့်လိုက်တော့ ...။

ဝိုင်းဝိုင်းစက်စက်နှင့် ပြည့်ပြည့်ဝဝသာနေသော လမင်းကြီးမြင်သောအခါမှ ...

''ဩော် ... ဒီနေ့ည လပြည့်နေ့ပါလား။ ဒါကြောင့် လမင်းကြီးက ထိန်ထိန်သာနေတာကိုး''

လမင်းကြီးကို မော့ကြည့်ပြီး''





''နှင်းဥရယ် ... ငါနင့်ကို အရမ်းလွမ်းတာပဲ။ နင်က လက်ထပ်တော့မယ်ဆိုတော့ ငါ့ရင်တွေ ပူလောင်နေပြီ။ နင် အဲဒီကောင်ကို မယူပါနဲ့။ ငါရင်ကွဲပြီး သေတော့မယ်''

သဲသောင်ပြင်ပေါ်တွင် ထိုင်လိုက်ပြီး မြစ်ပြင်ဆီသို့ ငေးကြည့်နေခဲ့သည်။ ချစ်ဦးတစ်ယောက် ရင်ထဲရှိရာ တစ်ယောက်တည်း ရင်ဖွင့်ပြောနေမိသည်။ ဤသို့ ပြောလိုက် ငိုလိုက်နှင့် ဖိုးလမင်းကြီးအား ရင်ဖွင့်ပြောဆိုခဲ့ရာ ...

ညဉ့် (၁၂)နာရီခန့် အချိန်သို့ ရောက်ရှိလာခဲ့သည်။

ထိုစဉ် ရေပြင်ထက်မှ မည်းမည်းအကောင်ကြီးများ တရွေ့ရွေ့တက်လာသည်ကို မှုန်တီမှုန်ဝါး မြင်လိုက်ရသည်။

''ဟင် ... ဘာတွေပါလိမ့်။ ငါမူးပြီး ဘာတွေမြင်နေပါလိမ့်''

ထိုသို့စဉ်းစားပြီး မျက်လုံးနှစ်လုံးကို လက်ဖြင့် ပွတ်သပ်ကြည့်နေသည်။ မှန်ပေသည်။ မည်းမည်းအကောင်ကြီးများ ...

''ဟ ... ဘာကောင်တွေပါလိမ့်''

မကြာမီ အချိန်တွင် ...။

''အား''

ဟူသော အသံနက်ကြီးဖြင့် အော်ဟစ်သံကို ကြားလိုက်ရသဖြင့် ချစ်ဦးလည်း လန့်ဖြန့်သွားပြီး အမှောင်အကွယ်မှ ထိုနေရာဆီသို့ တရွေ့ရွေ့သွားခဲ့သည်။

မည်းမည်းအကောင်ကြီးနှင့် မောင်ဦးတို့ ခန္ဓာကိုယ်နှစ်ခု ပူးသွားပြီး မောင်ဦးထံမှ အော်သံထွက်ပေါ်လာခြင်းဖြစ်သည်။ မကြာမီ ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုမှာ ကွာသွားပြီးနောက် မောင်ဦးမှာ မြေပေါ်သို့ လဲကျသွားခဲ့သည်။

ထိုအကောင်ကြီးများမှာ တရွေ့ရွေ့နှင့် ငါးခြောက်လှမ်းစင်ဆီသို့ သွားနေသဖြင့် ချစ်ဦးမှာ မည်းမည်းကောင်ကြီးများသည် မည်သို့သော သတ္တဝါများပင်လော၊ သရဲတစ္ဆေလောဟု ထင်မှတ်ပြီး ကြောက်လန့်နေခဲ့သည်။

"သရဲတွေ၊ တစ္ဆေတွေ ငါးလှမ်းစင်လာပြီး ငါးခြောက်တွေကို လာဆွဲစားတာလား"

ထိုသို့တွေးရင်း ကြောက်ဒူးတုန်နေသည်။ ထို့နောက် သူသည် ငါးခြောက်ပျောက်မှုကြောင့် အချုပ်ခံရပုံကို တဖြည်းဖြည်း သတိရလာပြီး ...

"ဟင်း ... ငါကြောက်နေလို့တော့ မပြီးသေးဘူး။ တစ္ဆေဖြစ်ဖြစ်၊ သရဲဖြစ်ဖြစ် ဒီတရားခံကို ငါဖော်ထုတ်မှဖြစ်မယ်"

ထိုသို့ တွေးတောပြီး ထိုနေရာ အနီးသို့ရောက်အောင် တဖြည်းဖြည်းချင်း မှောင်ရိပ်ခိုကာ သွားလိုက်သည်။

တဖြည်းဖြည်းနှင့် အနီးသို့ ရောက်သွားသောအခါ ...။

"အမလေး ... မြွေကြီးတွေပါလား။ မြွေတွေက အများကြီးပဲ"

လန့်ဖြန့်ပြီး အသံခပ်တိုးတိုး ပြောလိုက်သည်။

"ဒီလောက်ကြီးတဲ့ မြွေကြီးမျိုးတစ်ခါမှ မမြင်ဘူးဖူး"

မြွေကြီးများကိုကြည့်ပြီး အလွန်အံ့သြကာ ကြက်သေသေနေသည်။

မြွေကြီးများကား ငါးခြောက်လှမ်းစင်ပေါ်မှ မခြောက်သေးသည့် ငါးခွဲသားများကို ပါးစပ်ကြီးများနှင့်ဟပ်ကာ ဟပ်ကာဆွဲစားနေသည်။





ချစ်ဦးသည် ပေါင်ရင်းလောက်ရှိသော စပါးကြီးမြွေကြီးမျိုးကိုလည်း တွေ့ဖူးသည်။ ဤမျှကြီးသော မြွေကြီးများကို တစ်သက်မှာတစ်ခါသာ မြင်ဖူးခဲ့သည်။ ဤမြွေကြီး၏ ခန္ဓာကိုယ်မှာ ဝဝတုတ်တုတ် သုံးနှစ်သား အရွယ်ကိုယ်လုံးများရှိပြီး လည်ပင်းတွင် အရစ်အရစ်များထကာ နဂါးတစ်ကောင်၏အသွင် ဖြစ်နေသည်။ လရောင်တွင် သူတို့၏ မျက်လုံးများမှာ အရောင်တောက်နေသဖြင့် လျှပ်စစ်မီးပွင့် အသေးစားကလေးများ တပ်ဆင်ထားသည့် စက်ရုပ်နှင့်တူနေသည်။ သူသည် လည်ပင်းတွင် အရစ်ထနေပြီး ရှိခွဲသော အရည်များရှိနေသည့် မြွေကြီးများကို ကြည့်ရင်း ရှုရလာသည်။ မြွေကြီးများဆီမှ အပုပ်နံ့ တစ်ထောင်းထောင်း ထွက်နေသည်။

သူသည် မည်မျှကြာအောင် ကြည့်နေသည်မသိ။

နောက်မှ သတိရမိသည်။ ငါးခြောက်သူခိုးမှာ ဤမြွေကြီးများပင်ဖြစ်သည်။ ထိုအခါက မောင်ဦးကဲ့သို့ အိပ်စင်တွင် အိပ်နေပါက ခုလိုပင် အသက်ရှင်ရန်လမ်း မရှိနိုင်။ မောင်ဦးထက် အရင်စောစွာ မရဏနိုင်ငံသို့ သွားရပေလိမ့်မည်။

"ငါ ... ဒီလို ကြည့်နေလို့တော့ မဖြစ်ဘူး။ သူဌေး သွားခေါ်မှပဲ"

ချစ်ဦးသည် ဤသို့ သတိရသွားပြီး သူဌေးအိမ်သို့ အပြေးသွားခဲ့သည်။

"ဦးလေး ... ဦးလေး ... တံခါးဖွင့်ပါဦး"

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ဦးပါ"

"ဘာကိစ္စလဲ"

"ငါးခြောက်စင်နားမှာ မောင်ဦးသေနေပြီ"

"ဟေ ... ဟုတ်လား"

"ဦးလေး ... တံခါးဖွင့်ပါဦး"

"အေးပါကွ"

သူဋ္ဌေးက တံခါးဖွင့်လိုက်ပြီးနောက် ...

"မောင်ဦး သေနေတာ မင်းက ဘယ်လိုဖြစ်ပြီး တွေ့တာလဲ"

"မြွေပေါက်လို့ဗျို့"

"ဟေ"

"ဦးလေးနဲ့တကွ လူလေးငါးဆယ်ယောက်လောက် ငါးလှမ်းစင်က လိုက်ခဲ့ပါ။ အဲဒီမှာ မြွေအကြီးကြီးတွေ ဦးလေးရဲ့ ငါးခြောက်တွေကို ဆွဲစားနေလို့"

ချစ်ဦးက ငါးခြောက်ဆွဲစားနေသည်ဟု ပြောလိုက်ရာ သူဋ္ဌေးက ပြူးတူးပြာတာ ဖြစ်သွားပြီး ...။

"ဟေ့ကောင်တွေ ထကြစမ်း။ ငါ့ ငါးခြောက်တွေ မြွေစား ကုန်ပြီတဲ့"

သူဋ္ဌေးက ဤသို့ အော်လိုက်ရာ သူဋ္ဌေး၏ ယာသားများက ...

"ဦးလေး ... ငါးခြောက်ကို မြွေစားတယ်ဆိုတာ မကြားဘူးဗျ"

"ခွေးသားတွေ မကြားဘူးဖူး လုပ်မနေနဲ့။ အခု ဓားလှံတွေ ယူပြီး ချစ်ဦးနောက်ကို လိုက်ကြ"





သူဋ္ဌေး၏ အော်ဟစ်ဆဲဆိုပြောလိုက်သည့် စကားသံကြောင့် သူဋ္ဌေးအိမ်၌နေသော ယာသားများမှာ တုတ်ဆွဲသူဆွဲ ဓားဆွဲသူဆွဲနှင့်။ လှံဆွဲကာ ထွက်လာသူကလည်းမရှား။ တစ်ချို့က မီးတုတ်ဆွဲ၍ ထွက်ခဲ့ကြသည်။ ချစ်ဦးက ဦးဆောင်ပြီး အပြေးသွားရာ ချစ်ဦးနောက်မှ ဓားလှံ မီးတုတ်ဆွဲသူများက နောက်မှ အပြေးလိုက်ခဲ့ကြသည်။ သူဋ္ဌေးမှုကား သူတို့နောက်မှ လိုက်လာခဲ့သည်။

ယာသားတစ်ယောက်ကိုလည်း သူကြီးအိမ်သို့ပြေးခိုင်းရာ သူကြီးကလည်း လူစုခဲ့ပြီး လိုက်လာခဲ့သည်။ သူတို့ရောက်လာချိန်တွင် မြွေကြီးများမှ ငါးခြောက်များကို အတော်အတန် စားပြီးပြီဖြစ်၍ တစ်ချို့မှာ ရေထဲသို့ပြန်၍ ငုပ်လျှိုးသွားခဲ့သည်။ သို့သော် ဆယ်ကောင်ခန့် ကျန်နေသေးသည်။

"ဟော ... ဟော ... ဟိုမှာ မြွေကြီးတွေ"

ချစ်ဦးက ဤသို့ အော်ပြောလိုက်သည်။ သူဋ္ဌေး နောက်လိုက်များက လှမ်းကြည့်လိုက်ရာ ...။

"အမလေး ... မြွေကြီးတွေဗျ"

ဟိုသို့အော်ပြီး နောက်ဆုတ်လိုက်ကြသည်။

ဤတွင် နောက်မှလိုက်သော သူဋ္ဌေးက ...။

"ဟေ့ကောင်တွေ ဘာလုပ်နေကြတာတုန်း။ လှံနဲ့လှမ်းပစ်ပါ တော့လား။ ဓားနဲ့လှမ်းပေါက်ပါတော့လား"

ဤသို့ ခပ်ထန်ထန် အမိန့်ပေးလိုက်တော့မှ ...။

တစ်ချို့ကလည်း မီးတုတ်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့ကလည်း လုံဖြင့်လှမ်းပေါက်ကြသည်။

ထိုသို့တိုင် မြွေကြီးများက မဖြုံပေ။ သူတို့၏ စူးရှသော မျက်လုံးများဖြင့် လှမ်းကြည့်ရာ မီးတုတ်များ၏ အလင်းရောင်ကြောင့် နီရဲရူးရှနေသည်။ အားလုံးမှာ နောက်သို့တစ်လှမ်းဆုတ်ပြီး ကြည့်နေစဉ် . . .

"ဟော . . . ဟိုမှာ သူကြီးနဲ့ ရွာသားတွေ လိုက်လာပြီ"

ရွာသားများမှာ အပြေးလိုက်လာပြီး လောက်လေးများဖြင့် ပစ်ခတ်ကြသည်။ တစ်ချို့က လေးမြားတို့ဖြင့် ပစ်ခတ်ကြသည်။ တစ်ချို့ကလည်း ခြောက်လှန့်သည့်အနေဖြင့် တွေ့ရာ သံပုံးများ၊ သံပြားများကို တီးလိုက်ရာ . . .။

"ဘုံ . . . ဘုံ . . . ဘုံ"

"ဂျမ်း . . . ဂျမ်း . . . ဂျမ်း"

"တုန် . . . တုန် . . . တုန်"

ထိုသို့ ဆူညံသော အသံများကြောင့်လည်းကောင်း၊ လောက်လေးနှင့် လေးမြားတို့ကြောင့်လည်းကောင်း ကြောက်လန့်ကာ ရေထဲသို့ ဆင်းပြေးသွားတော့သည်။

"ဟင်း . . ."

သည်တော့မှ အားလုံး သက်ပြင်းချနိုင်တော့သည်။

လူတို့၏ သဘာဝအရ ထူးဆန်းသော အဖြစ်အပျက်များနှင့် တွေ့ဆုံသောအခါ ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်ခဲ့ကြသည်။

"အမလေး . . . မြွေကြီးတွေကနည်းတဲ့ မြွေကြီးတွေ မဟုတ်ဘူး။ လူတစ်ယောက် ကိုယ်လုံးလောက်ရှိတယ်"





"ဟုတ်ပါ့ကွာ။ လည်ပင်းက အရစ်ရစ်တွေ တွဲကျနေပုံများ နဂါးကြီးတွေလား ထင်ရတယ်"

"မျက်လုံးကြီးတွေကလည်း နီရဲပြီး အရောင်တောက်နေပုံများကွာ ငါတို့ကို ညို့နေသလား မှတ်ရတယ်"

မြွေကြီးတွေကို တွေ့လိုက်သူတွေကလည်း ဤသို့ သာသာထိုးထိုး ပြောခဲ့ကြသည်။

"ငါ . . . လောက်လေးနဲ့ ပစ်လိုက်တာ မြွေကြီး အီစလန်သွားတာပဲ"

"ဘယ်ကလာ ဟုတ်ရမှာလဲ။ ငါလေးနဲ့ ပစ်လိုက်လို့ မြားမှန်ပြီး မြွေကြီးတွေ ထွက်ပြေးတာ"

ထိုသို့ တစ်ယောက်တစ်ပေါက် ပြောနေသဖြင့် သူကြီးက . . .

"ကဲ . . . တိတ်ကြ . . . တိတ်ကြ။ မြွေကြီးတွေလည်း ထွက်ပြေးသွားပြီ။ ဟိုတစ်ခါ ငါးခြောက်တွေ ပျောက်တုန်းကလည်း ဒီမြွေကြီးတွေပဲ လာစားတာဖြစ်မယ်။ ဒီတော့ ငါးခြောက်သူခိုးပေါ်ပြီး မြဒင်နဲ့ ချစ်ဦးတို့ကို အထင်မလွဲကြနဲ့တော့"

"ဟုတ်ကဲ့ပါ သူကြီး"

"ကဲ . . . သူဌေး၊ ခင်ဗျားလည်း သူခိုးအစစ်ကို ကွေ့ပြီဆိုတော့ ချစ်ဦးကို ခင်ဗျားပြန်ခေါ်ထားပေတော့"

"ဟုတ်ကဲ့ သူကြီး"

သူကြီးကလည်း မဟုတ်မခံ အားနည်းသောသူ ဘက်က ရပ်တည်တတ်သော လူမျိုးဖြစ်၍ သူဌေးအား ဤသို့ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ကွာ ချစ်ဦးရာ။ ဦးလေး မှားပါတယ်။ ဒီတော့ မင်း ငါ့အိမ်မှာပဲ ပြန်လာနေပါ။ နောက်ပြီး ငါးခွဲစင်မှာ ပြန်လုပ်ပါ။ ညဘက်လည်း ငါးလုမ်းစင်မှာ ပြန်စောင့်ပေါ့ကွာ။ အခု သူကြီး ရှေ့တင် ငါမင်းကို အလုပ်ပြန် ခန့်ပါတယ်ကွာ"

"ရပါတယ် ... ဦးလေးရယ်။ ဒီလောက်ပြောစရာ မလိုပါဘူး"

ချစ်ဦးမှာ ငါးခွဲစင်မှာ ပြန်အလုပ်လုပ်ပါဟု ပြောကတည်းက နှင်းဥနှင့် တွေ့ရတော့မည်ဖြစ်၍ လွန်စွာဝမ်းသာသွားကာ ထခုန်မိ မတတ်ဖြစ်သွားခဲ့သည်။

"ကျေးဇူးပါပဲ မြွေကြီးတို့ရယ်"

အရှုပ်ထုတ်ကို ရှင်းပေးသွားသော မြွေကြီးများပင် ချစ်ဦး ကျေးဇူးတင်မိသည်။

ထိုသို့ပြောနေစဉ် ခပ်လှမ်းလှမ်းမှ လူတစ်ယောက် ပြေးလာ သည်ကို တွေ့လိုက်ရသည်။ အနီးသို့ရောက်ခါနီးတွင် ...

"သူကြီး ... သူကြီး ... ဘယ်မှာလဲ မြွေကြီးတွေ"

"တို့ရွာသားတွေ ဝိုင်းကိုက်လို့ ပြေးကုန်ပြီ"

"တောက် ... နာတာပဲ။ ကျွန်တော် လာတာ နောက်ကျ သွားလို့"

"နောက်မကျရင် မင်းက ဘာလုပ်မလို့လဲ"

"ဒီမှာ ... ဖယေသေနတ် နံပါတ်တူးနဲ့ ပစ်လိုက်ရင် မြွေမပြောနဲ့ နဂါးတောင် မခံနိုင်ဘူး"

"တော်စမ်းပါကွာ အခုမှ လေကျယ်မနေနဲ့။ စောစောက





မြွေကြီးတွေနဲ့ နှစ်ယောက်ထဲတွေ့ရင် မင်းထွက်ပြေးမှာပါကွာ"

ကိုကြီးမြဒင်က ခပ်ချဉ်ချဉ်ရှိသဖြင့် ဤသို့ပြောလိုက်ရာ ရွာသား များက တဟားဟား ရယ်မောလျှက်ရှိသည်။

သည်တွင် ချစ်ဦးက ...။

"ကိုကြီးမြဒင်ရယ် ဆန်နီအုန်းကို မပြောပါနဲ့ အားနာစရာကြီး"

"မပြောလို့ ဖြစ်မလား။ သူခိုးပြေးမှ ထိုးကွင်းထနေတာ"

"ဟင်း ... ဗူးရို ... ဗိုလ်ရှူးနဲ့တူတယ်"

"အေးကွာ လူကြည့်ရတာ ပုံစံက ဒေါင့်မကျိုးဘူး"

ဤသို့ရွာသားများမှာ တစ်ယောက်တစ်မျိုး ပြောဆိုရာ နောက်ဆုံးတွင် သူကြီးက ...။

"ဟော ... ဟိုမှာ လှေတစ်စီး ပြန်လာနေပြီ၊ မီးနီပြနေတယ်"

"ဒါဆို စောင့်ကြည့်ဦးမှပဲ"

မကြာမီ ဦးမှုံတို့ လှေမှာ ကမ်းစပ်သို့ ဆိုက်ကပ်လာခဲ့သည်။

"ဦးမှုံ ... ဘာကြောင့် မီးနီပြတာပဲ"

"ထူးဆန်းလွန်းလို့ဗျို့"

"ဘာထူးဆန်းတာလဲ"

"ကျုပ်လှေဟာ ပင်လယ်ဝနားအရောက်မှာ မြွေကြီးတွေဟာ ရေထဲမှာ အလိပ်လိပ်ထပြီး ရေကူးလာတာ ကျုပ်ဖြင့် တစ်ခါမှ မမြင်ဘူးဗျူး။ သူတို့ရေကူးတဲ့ အရှိန်ဟာ လှိုင်းလုံးကြီးတွေလိုဖြစ်နေတာ။ အဲဒီ လှိုင်းလုံး ကြီးထဲမှာ မည်းနက်နေတဲ့ ကိုယ်လုံးကြီးတွေနဲ့ ရေကူးနေလို့ ကျုပ်တို့ လှေတောင်ရပ်စောင့် နေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ်ဗျို့။ အဲဒီမြွေကြီးတွေဟာ သူဌေးရဲ့ ငါးခြောက်ပြာ တွေကို လာဆွဲစားတာ။ ကျုပ်တို့က ခြောက်လှန့်လိုက်လို့ ပြန်ပြေးသွားတာ”

“ဟုတ်တယ် သူကြီး။ ကျုပ်မြင်ရတာတော့ အဲဒီမြွေကြီးတွေဟာ ဇင်ပြွန်းကျွန်းဘက်ကိုသွားတာ တွေ့လိုက်ရတယ်”

“ဟုတ်မယ် ... ဟုတ်မယ်။ ဒါကြောင့် ရှေးလူကြီးတွေက မြွေပြိတ္တာကြီးတွေဟာ ဇင်ပြွန်းကျွန်းမှာ နေတယ်လို့ပြောတာ”

“ဒါဆိုရင် ဇင်ပြွန်းကျွန်းက မြွေပြိတ္တာကြီးတွေကို ရှေးလူကြီး တွေလည်း တွေ့ဖူးပုံပေါ်တယ်”

“ဇင်ပြွန်းကျွန်းမှာ ဇင်ပြွန်းသီးတွေ ညြဖာသီးတွေ အုန်းသီးတွေ သွားကောက်တဲ့ လူတစ်ချို့ဟာ ဒဏ်ရာမရှိဘဲ သေနေကြတာ ဒီမြွေပြိတ္တာ ကြီးတွေရဲ့ လက်ချက်နေမှာ”

“ဒါဆိုရင် နောက်ထပ် မြွေပြိတ္တာကြီးတွေ မလာအောင် ဘယ်လို လုပ်ကောင်းမလဲ”

“အင်း ... အဲဒါ အစည်းအဝေးခေါ်ပြီး ဆုံးဖြတ်မှဖြစ်မယ်”

“ကဲ ... အဲဒါတွေ ခဏထားဦး။ မောင်ဦး အလောင်းကို စစ်ဆေးကြည့်ကြပါဦး”

သူကြီးက ဤသို့ပြောသဖြင့် မောင်ဦး၏ အလောင်းကို စစ်ဆေး ကြည့်သောအခါ ...

“ဟာ ... လည်ဂုတ်မှာ အစွယ်ရာနှစ်ခု”

“ဟုတ်တယ်။ အစွယ်ရာက အနက်ကြီးပဲ”

“မြွေကြီးတွေက ဒီလောက်ကြီးတော့ အစွယ်ကလည်း အကြီး





ကြီးပေါ့”

“မြွေကြီးကိုက်သွားတာ ဘယ်လောက်မှ မကြာသေးဘူး အဆိပ်တွေကြောင့် တစ်ကိုယ်လုံး မည်းနက်နေပြီ”

“ဟုတ်ပါ့ကွာ အိုးမည်းတုံးလို ဖြစ်နေပြီ”

ဤသို့ တစ်ယောက်တစ်မျိုး အမျိုးမျိုးပြောဆိုပြီးနောက် မောင်ဦး၏ အလောင်းကို သင်္ချိုင်းသို့ ယူဆောင်သွားခဲ့ကြသည်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)
## "ချစ်သူအတွက် အသက်ပင်သေသေ"

မြွေပြိတ္တာကြီးများ၏ အန္တရာယ်ကို ကြိုတင်စဉ်းစားကြသည့် ပင်လယ်ဒိတ်ရွာသားတစ်သိုက်မှာ ဖင်ပြွန်းကျွန်းသည် ဤရွာနှင့် နီးသည့် အတွက် . . .

"သူကြီး . . . ဒီမြွေကြီးတွေဟာ ဒီလိုလာပြီး စားနေတာ ရွာအတွက် အန္တရာယ်ရှိတယ်"

"ဟုတ်တယ် ကျုပ်လည်း ငါးခြောက်မလှမ်းရဲသလောက် ဖြစ်နေပြီ"

"တကယ်လို့ ငါးခြောက်မရှိရင် လူတွေကို အန္တရာယ်ပေးရင် ဘယ်လိုလုပ်မလဲ"

ဤသို့အမျိုးမျိုးပြောကြရာ သူကြီးက စဉ်းစားပြီးနောက် . . .

"မြွေကြီးတွေက တို့ဆီကိုအမြဲလာတာ မဟုတ်ဘူး။ ဒီတော့ သူတို့နေတဲ့ ဖင်ပြွန်းကျွန်းကိုသွားပြီး မြွေပြိတ္တာကြီးတွေ ထွက်အလာကို





စောင့်ကြည့်ရမယ်။ ပြီးမှ မြွေပြိတ္တာကြီးတွေကို အဆိပ်လူးမြားနဲ့ ပစ်သတ်ရမယ်။ ပြီးရင် သူတို့ အသိုက်ရှိတဲ့ ဖင်ပြွန်းကျွန်းကို မီးရှို့မှဖြစ်မယ်။ ဒါမှ မြွေကြီးတွေလည်း သေ၊ မြွေကြီးတွေရဲ့ အသိုက်တွေလည်း မီးလောင်ပြီး နေစရာမရှိဖြစ်မယ်။

"ဟုတ်တယ်။ အဲဒီကျွန်းမှာရှိတဲ့ ချုံပုတ်တို့ သစ်ရွက်ဆွေးတွေကို မီးရှို့ဖျက်စီးရမယ်"

ထိုသို့ ဆုံးဖြတ်ပြီးနောက် နောက်တစ်ပတ်အကြာတွင် အစီအစဉ် စတင်ခဲ့ကြသည်။ ပင်လယ်ဒိတ်ရွာမှ သတ္တိကောင်းသော မြဒင် အပါအဝင် ကာလသားများ၊ ရေမုဆိုးများနှင့် လေးပစ်ကောင်းသူများ အဖွဲ့နှင့်တကွ တောက်တိုမယ်ရခိုင်းရအောင် ခေါ်ဆောင်သွားသည်။ အဲ့ဒီအဖွဲ့ထဲတွင် ချစ်ဦးလဲ ပါဝင်သည်။ အားလုံးစုစုပေါင်း လူအယောက် နှစ်ဆယ်ခန့်သည် မီးရှို့ရန် ဓါတ်ဆီ၊ မီးတုတ်များနှင့် လေးမြားများ ယူဆောင်ကာ ထိုကျွန်းသို့ သွားခဲ့ကြသည်။ သူတို့ရောက်ချိန်မှာ နေ့လည်ခင်း အချိန်ဖြစ်သည်။ ထိုကျွန်းမှာ သဘာဝအားဖြင့် ကျောက်ဆောင်များရှိပြီး သစ်ပင်ကြီးများ ချုံပုတ်များနှင့် သစ်ရွက်ခြောက်များဖြင့် ပြည့်နှက်နေသည်။ မြွေကြီးများမှာ ထိုကျွန်း၌နေသည်ဟု ဆိုသော်လည်း တွင်းအောင်း သတ္တဝါမျိုးဖြစ်၍ နေ့ခင်းဘက်တွင် ၎င်းတို့၏ အသိုက်ကိုရှာရန် မလွယ်ကူပေ။ သူတို့ အုပ်စုသည် ကျွန်းပေါ်၌ လျှောက်လှမ်းကာ ကြည့်ရှုခဲ့ကြသည်။ ပင်လယ်နှင့်နီးသော ကျွန်းတို့၏ သဘာဝအရ ကမ်းစပ်၌ အုန်းပင်များစွာ ပေါက်လျက်ရှိသည်။

ဖင်ပြွန်းကျွန်းဟု ဆိုသည့်အတိုင်း ဖင်ပြွန်းပင်များစွာ ပေါက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုကျွန်းပေါ်တွင် ဖင်ပြွန်းပင်များသာမက ဩဇာပင်များလည်း ပေါက်ရောက်လျက်ရှိသည်။

"မြွေပြိတ္တာကြီးတွေက ညဘက်မှ ထွက်တာဆိုတော့ ဒီကောင်ကြီးတွေလာတဲ့အထိ စောင့်ရမှာပဲ"

"ဟုတ်တယ်။ ဒီကောင်ကြီးတွေကို အဆိပ်လူးမြှားနဲ့ ပစ်ရမယ်။ ပြီးရင် သူတို့ အသိုက်တွေကို ဖျက်ဆီးရမယ်"

"ဟုတ်တယ်။ ဒီမြွေကြီးတွေ ထွက်အလာကို လှေပေါ်က စောင့်ကြည့်ကြစို့"

"ဟုတ်တယ်။ အဲဒါ ကောင်းပါတယ်"

သူတို့ အစီအစဉ်ချထားသည့်အတိုင်း လှေပေါ်မှ စောင့်ကြည့်နေခဲ့သည်။ တဖြည်းဖြည်းနဲ့ အချိန်ကုန်ခဲ့ရာ ညဉ့်(၁၁)နာရီခန့် အချိန်သို့ ရောက်ရှိလာခဲ့သည်။ ထိုစဉ် လေတဟူးဟူး တိုက်ခတ်လာပြီး လေချွန်သံကဲ့သို့သော ဆူညံသောအသံများ ပေါ်ထွက်လာခဲ့သည်။

ဤတွင် အုပ်စုခေါင်းဆောင် မြဒင်က ...

"ရှူး ... တိတ်တိတ်နေကျ အခြေအနေကစပြီး ထူးလာပြီ"

"ဟုတ်"

ဤသို့ပြောပြီး အားလုံး ငြိမ်သက်နေကြသည်။

မကြာမီ အချိန်တွင်း ကမ်းစပ်သို့ လက်ညှိုးလက်မခန့်ရှိသော မြွေများတန်းစီ၍ ထွက်လာခဲ့သည်။ ထိုမြွေများကား အရောင်မျိုးစုံပါရှိပြီး ယိမ်းထွက်လာသည့်အလား ဦးခေါင်းများကို လှုပ်ရှားကာ ပင်လယ်ပြင်ထဲသို့ ဆင်းသွားသည်ကို လပြည့်ည၏ လရောင်အောက်တွင် တွေ့မြင်ခဲ့ရသည်။





ထိုမြွေများနောက်မှ သူတို့ထက်ကြီးသော လက်မောင်းခန့် ပေါင်လုံးခန့်ရှိသော မြွေများမှာ တရှီရှီအသံပေးကာ ဆင်းလာခဲ့ကြသည်။

ထိုအခါ ချစ်ဦးက မြဒင်အား ...

"ကိုကြီးမြဒင် ဒီမြွေကြီးတွေက ပင်လယ်ထဲဆင်းပြီး ဘာလုပ်ကြတာလဲ"

"အဲဒါ အစာရှာတာပေါ့။ ဒီအနီးအနားက ကျောက်ဆောင်အကြိုအကြားမှာနေတဲ့ ငါးတွေကို စားတာပေါ့ကွာ"

"ဒါဆိုရင် ဒီမြွေတွေပြီးရင် မြွေပြိတ္တာကြီးတွေ ရောက်လာမှာပေါ့ ဟုတ်လား"

"အေး ... ငါလည်း အဲဒီလိုဖြစ်မယ်လို့ ထင်တာပဲ။ လေးနဲ့ ပစ်မယ့်သူတွေ အသင့်ပြင်ထား"

"ဟုတ်ကဲ့"

ထိုသို့ပြောနေစဉ် ပွဲတင်သံကဲ့သို့သော အသံများ ပေါ်ထွက်လာခဲ့သည်။

"ဟော ... ဟော အသံတွေတော့ ပြောင်းသွားပြီ"

"မြွေပြိတ္တာကြီးတွေလာတော့မယ်နဲ့ တူတယ်"

ထိုစဉ် ...

"ရှဲ ... ရှဲ ... ရှဲ"

ဟူသော အသံပေါ်ထွက်လာပြီးနောက် ...

ကလေးတစ်ယောက်၏ ကိုယ်လုံးအရွယ်ရှိပြီး လည်ပင်းတွင် အရစ်ရစ်များ တွဲရွဲကျနေသော မြွေပြိတ္တာကြီးများ စတင်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုမြဒင် ပစ်လိုက်ရတော့မလား" ရွာသားတစ်ဦးက ဤသို့ လှမ်းပြောလိုက်ရာ ...

"ခဏနေဦး၊ ဒီထက်ကြီးတဲ့ အကောင်ကြီးတွေ ထွက်လာဦးမယ်။ အားလုံးထွက်မှ မြားနဲ့ပစ်မယ်"

ထိုသို့ပြောပြီး စောင့်ကြည့်နေရာ ...

"ရှဲ ... ရှဲ ... ရှဲ"

ဟူဟော ခုနကထက် ပိုကျယ်သော အသံကြီးနှင့်အတူ လူကြီး ကိုယ်လုံးခန့်ရှိသော မြွေပြိတ္တာကြီးများ ထွက်လာရာ နောက်ဆုံး အကောင် ကြီးမှာ အကြီးဆုံးဖြစ်သည်။ ဤတွင် မြဒင်က ...

"သေသေချာချာ ချိန်ပြီး ပစ်ဟေ့"

ထိုသို့ အမိန့်ပေးလိုက်သည်နှင့် တပြိုင်နက် ...

"ရွှီ ... ဒုတ်"

"ရွှီ ... ဒုတ်"

"ရွှီ ... ဒုတ်"

"မြွေကြီးတွေကို ထိသွားပြီဟေ့"

ဤသို့သော မြားလေတိုးသံနှင့်အတူ မြွေပြိတ္တာကြီးများတွင် အဆိပ်လူးထားသည့် မြားများစိုက်ကုန်ကြသည်။ မြွေကြီးများမှာ မထင်မှတ်သော အန္တရာယ်နှင့် တွေ့ကြုံရသည့်အတွက် ပင်လယ်ဆီသို့ လူးလူးလိမ့်လိမ့်နှင့် ကူးခတ်သွားခဲ့သည်။

တစ်ချို့ မြွေကြီးများမှာ မြားချက်ထိပြီး တွန့်လိမ်တွန့်လိမ် ဖြစ်ကာ ဒေါသတကြီးဖြင့် ရေထဲတွင် အမြီးတွင်နှင့် ရိုက်ခတ်ကာ ...





"ဝုန်း"

"ဝုန်း"

"ဝုန်း"

ဟူသော ကြောက်မက်ဖွယ် အသံများကို ကြားလိုက်ရသည်။

မြွေကြီးများမှာ ကမ်းစပ်၏ အနောက်ဖက်မှ မြားနှင့် ပစ်နေ သဖြင့် အရှေ့ပင်လယ်ပြင်ဘက်သို့ ထွက်ပြေးလွတ်မြောက်သွားသော မြွေကြီးများလည်းရှိသည်။ မြွေကြီးများမှာ မြားချက်ကြောင့် အထိနာပြီး ကျောက်ဆောင်များကြားတွင် တဝုန်းဝုန်း တဒိုင်းဒိုင်း အသံမြည်ကာ လူးလိမ့်နေခဲ့ကြသည်။ မြွေတိုက်ပွဲကို ကြည့်ရသည်မှာ အသည်း တယားယား ဖြစ်နေသည်။ မြွေကြီးများ၏ ပြင်းထန်သော လှုပ်ရှားမှုကြောင့် ရေပြင်မှာ ရေပန်း ရေမွှားများသဖွယ် ဖြစ်နေပါသည်။

သည်တွင် မြဒင်က ...

"မြွေကြီးတွေ မရှိတုန်း ချုံနွယ်ပိတ်ပေါင်းတွေနဲ့ သစ်ရွက်ခြောက် တွေကို မီးရှို့ရအောင် ကျွန်းပေါ်တက်ကြစို့"

ဤသို့ပြောလိုက်သည်နှင့် တပြိုင်နက် ထိုလူများမှာ လေ့ကျင့် ထားသော စစ်ရေးကျွမ်းကျင်သူများသဖွယ် ကျွန်းပေါ်သို့ အပြေးတက် လာပြီး ချုံပုတ်များနှင့် မြွေသိုက်ဖြစ်နိုင်သော သစ်ရွက်ခြောက်ပုံများ၊ တောင်ပို့ များနှင့် ကျောက်ကြို့ကျောက်ကြားရှိ တွင်းထဲသို့ ဓါတ်ဆီများ ပက်ဖျန်း လိုက်သည်။ ထို့နောက် အပေါက်များထဲတွင် အသင့်ယူဆောင် လာသော ရေနံကြီးသုတ်ထားသည့် အဝတ်များကိုထည့်ကာ မီးရှို့ခဲ့ကြသည်။ ရာသီဥတုမှာ နွေရာသီဖြစ်၍ သစ်ရွက်ခြောက်များနှင့် ခြုံပုတ်တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ခြောက်နေသဖြင့် မီးရှို့ရာတွင် လျှင်မြန်စွာ တဟုန်းဟုန်း မီးတောက်ကြီးများဖြစ်ကာ လောင်ကျွမ်းနေသည်။

"ကဲ ... မီးတွေအတော်လောင်နေပြီ။ ဒီကျွန်းက ပြေးမှပဲ"

"ဟုတ်တယ် ... ဟုတ်တယ်"

ကျွန်းပေါ်ရှိနေရာ အနှံ့အပြား၌ မီးတောက်ကြီးများဖြစ်ကာ လောင်ကျွမ်းနေသည်။

မြဒင်တို့ အုပ်စုမှာ စက်လှေကလေးကိုမောင်းပြီး တဖြည်းဖြည်း ထွက်ခွာခဲ့ရာ မီးတောက်လောင်နေသော ကျွန်းနှင့် တစတစဝေးခဲ့ကြသည်။ ၎င်းတို့ပြန်လာသောအခါ သူရဲကောင်းများကို ကြိုဆိုသည့်နှယ် ရွာသူရွာသားများက လှေဆိပ်မှနေ၍ ကမ်းလုံးညွတ်မျှ ကြိုဆိုခဲ့ကြသည်။

"မြဒင်တို့အုပ်စု ပြန်လာပြီဟေ့"

"မြွေကြီးတွေ တွေ့ခဲ့လား"

"တွေ့ခဲ့တာပေါ့။ ကျုပ်တို့ မြားချက်မိပြီး အတုံးအရုံးပဲ"

ဤတွင် သူဌေးက ...

"ငါ့ ... ငါးခြောက်တွေကို လာစားတဲ့ အကောင်တွေ သေကုန်မှ အေးမယ်"

"မင်းတို့အဖွဲ့ကို သူကြီးက ဂုဏ်ပြုသောအားဖြင့် ညစာကျွေးမယ်"

ဤသို့ဖြင့် တစ်ရွာလုံးမှာ မြွေကြီးများ၏ အန္တရာယ်မှ ရှင်းပေးသည့်အတွက် ဝမ်းပမ်းတသာ လှိုက်လှဲစွာ ကြိုဆိုညှဉ့်ခံခဲ့ကြသည်။

သူကြီးက ဂုဏ်ပြုညစာကျွေးမွေးပြီး နာမည်ကောင်း လက်မှတ်





များပါ ချီးမြှင့်သဖြင့် မြဒင်တို့ ချစ်ဦးတို့အုပ်စုမှာ နေ့ချင်းညချင်း နာမည်ကောင်းစာရင်း ဝင်သွားခဲ့သည်။

နောက်တစ်နေ့ ငါးခွဲစင်သို့ ချစ်ဦးတစ်ယောက် ရောက်ရှိလာခဲ့သည်။ သူဌေးကလည်း သူစွပ်စွဲမိသည်မှာ သူ့အမှားသာဖြစ်ကြောင်း တောင်းပန်ကာ ယခင်ကအတိုင်း ငါးခွဲစင်တွင် အလုပ်ပြန်ခန့်သဖြင့် ငါးခွဲစင်သို့ရောက်လာခြင်း ဖြစ်ပေသည်။

ချစ်ဦးမှာ ဤအလုပ်ကို ပြန်ရသဖြင့် ပိုက်ဆံရသည်ထက် နှင်းဥ မျက်နှာလေးကို နေ့စဉ် နေ့တိုင်း မြင်တွေ့နေရသဖြင့် အတိုင်းမသိ ပျော်ရွှင်ခဲ့သည်။ ချစ်ဦးမှာ အရင်ကလို သူခိုး မဟုတ်တော့ပဲ၊ မြွေပြီတ္တာကြီးများကို စတင်တွေ့ရှိသူ နှိမ်နင်းနိုင်သူဖြစ်၍ မျက်နှာရနေသည်။

ငါးခွဲစင်မှ အပျိုမလေးတွေသာမက ရွာထဲက အပျိုချောကလေးများကပင် သတ္တိခဲ ချစ်ဦးကို၊ ကိုချစ်ဦး ... ကိုချစ်ဦးနှင့် မျက်နှာပေးကာ ဆက်ဆံလာခဲ့ကြသည်။ ချစ်ဦးမှာ ၎င်းကိုကပင် ခြေထောက်တစ်ဖက်ဆာနေသဖြင့် ထောက်ကြွထောက်ကြွ ဖြစ်နေရာမှာ ပိုပြီး ထောက်ကြွကာ မိုးမမြင် လေမမြင် ဖြစ်နေပါတော့သည်။

ငါးခွဲစင်သို့ ရောက်သောအခါ ဂွမ်းပုံ၏ ညီမဖြစ်သူ မိညွှက်က

"ကိုချစ်ဦးကြီး မြွေပြိတ္တာကြီးတွေကို ဘယ်လိုနှိမ်နင်းလိုက်သလဲ ပြောပါဦး"

ထိုအခါ ချစ်ဦးကလည်း သူ့ကိုယ်သူ ရုပ်ရှင်မင်းသား အိုက်တင်ဖမ်းကာ ဟန်ရေးပြနေသဖြင့် အရီးစွာက...

"ဟဲ့ ... ချစ်ဦး။ အိုင်တင်ခံမနေနဲ့ မြန်မြန်ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ အုပ်စုတွေ မြွေပြိတ္တာကြီးတွေ ထွက်အလာကို စောင့်နေတုန်း မြွေအသေးလက်မောင်း လက်ရုံးလောက် အကောင်တွေ ထွက်လာတာ မနည်းဘူး။ မြွေတွေက ညဘက်မှ အစရှာထွက်တာကိုးဗျ"

"ဩော် ... ဟုတ်လား"

"ဟုတ်တယ်ဗျ။ ကျွန်တော်တို့ အုပ်စုထဲမှာ ရွာအရှေ့ဖျားမှာ နေတဲ့ အောင်သူလည်းပါတယ်။ သူက မြွေကြီးတွေကို တစ်ခါမှ မမြင်ဘူးဖူး။ ဒါနဲ့ အဲဒီမြွေတွေလည်းသွားပြီး မကြာခင်မှာ ကလေးကိုယ်လုံးလောက်ရှိတဲ့ မြွေပြိတ္တာကြီးတွေ ဆင်းလာပါလေရော။ အဲဒီမြွေပြိတ္တာကြီးတွေဟာ အရမ်းကြီးပြီး မျက်လုံးများကလည်းနီရဲပြီး အရောင်တောက်နေတယ်။ အဲဒါကို အောင်သူက တွေ့တော့ကြောက်ပြီး သေးဖျန်းဖျန်းပါချလိုက်တာ ကိုကြီးမြဒင်နဲ့ ကိုတာတီးတို့ ပုဆိုးတွေပါပေကုန်ရော။ အစကတော့ ဖောနဲ့ဆိုတော့ မသိဘူး။ နောက်မှသိပြီး အောင်သူကို ဆောင့်ကန်လိုက်တာ။ အဲဒီတော့မှ ကျွန်တော်တို့ပါသိပြီး တဟားဟားနဲ့ ရယ်ခဲ့ကြတယ်"

"ဟင် ... ဒါဆို ဂွမ်းပုံရေ ... ညည်းလင်ပြန်လာတာ သေးစော်မနံဘူးလား"

"ကျွန်မတော့ သတိမထားမိပါဘူး အရီးစွာရယ်"

ထိုအခါ ဒေါ်ဒွန်းလှက ...

"ဂွမ်းပုံက ဘယ်သိပါ့မလဲ။ သူ့လင်မြဒင်မျက်နှာကိုပဲ မြင်တာ။ သေးနံ့ရော ချေးနံ့ရော ဘယ်လောက်နံနံ သူကတော့ မွှေးနေတာပဲ"

"ဟား ... ဟား ... ဟား"





"အရီးစွာတို့ ဒေါ်ဒွန်းလှတို့ကလဲ မကောင်းဘူး"

ဂွမ်းပုံက ရှက်သွားကာ ခေါင်းကလေးကို ငုံ့ထားလိုက်သည်။ ကျွန်ကြီးလှသော နှင်းဥပင် သွားကလေးပေါ်အောင် ပြုံးလိုက်သည်။ ဤအပြုံးကလေး တစ်ချက်ကပင် ချစ်ဦး၏ ရင်ကို လန်းဆွှင်အေးမြ သွားခဲ့သည်။

"နှင်းဥသာ ငါ့ရဲ့ချစ်သူဖြစ်ရင် ဘယ်လောက်ကောင်းမလဲ"

ထိုအတွေးနှင့် စိုက်ကြည့်နေသော ချစ်ဦးကို ထွေးမြက မြင်သွားပြီး ...

"ဟဲ့ ... ချစ်ဦး။ နင်လည်း နှင်းဥကို ကြည့်နေလိုက်တာ မျက်လုံးကြီးပါ ကျွတ်ထွက်သွားဦးမယ်"

ထိုသို့ လှမ်းပြောလိုက်ရာ ချစ်ဦးမှာ ရှက်သွားပြီး ...

"မထွေးမြကလည်း မဟုတ်တာယုတ်တွေ လျှောက်ပြောနေတယ်"

ဟု အရှက်ပြေပြောလိုက်သည်။ ထိုတွင် ဒေါ်ဒွန်းလှက ...

"ဟဲ့ ... ချစ်ဦး၊ ရှက်မနေနဲ့၊ နင်ကပြောလိုက်ပါလား"

"ကျွန်တော်က ဘာပြောရမလဲ"

"ကျွန်တော်က ခေါ်တာမျိုး၊ နှာဗူးနဲ့ ပါပူးပေါင်းထားတာလို့"

"ဟင်း ... အရီးပြောမှ ပိုဆိုးကုန်ပြီ"

"ဟား ... ဟား ... ဟား"

အားလုံးက သဘောကျကာ တဟားဟား ရယ်မောခဲ့ကြသည်။ ဤတွင် နှင်းဥမှာ မနေသာတော့ပဲ ...

"ကဲ ... ကဲ၊ ချစ်ဦး ... နင် လက်ဖက်သုပ် သွားပေးချေ။



www.burmeseclassic.com

www.burmeseclassic.com



ရော့ ... ဒီမှာ ငွေငါးရာ''

ငွေငါးရာ ပစ်ပေးလိုက်ရာ ချစ်ဦးက ကောက်ယူပြီး ငါးခွဲစင်က အဆင်းတွင် ခလုတ်တိုက်ပြီး ...

''ဝုန်း ... ကလုံး ... ကလုံး ... ဘုန်း''

ဟူသော အသံနှင့်အတူ ငါးခွဲစင်အောက်သို့ ကျသွားခဲ့သည်။

အားလုံးမှာ အားနာ၍ မရယ်သော်လည်း ပြုံးစိစိနှင့် ကျန်ရစ်ခဲ့သည်။ ချစ်ဦးက အရာရာနှင့် အကြောင်းကြောင်း ...။ ချစ်ဦးမှာကား ရွာအလယ်ရှိ လက်ဖက်သုပ်ဆိုင်သို့ တန်းပြေးသွားခဲ့သည်။ အတော်လေးကြာမှ ချစ်ဦးပြန်လာခဲ့သည်။

နှင်းဥတို့ အမျိုးသမီးတစ်သိုက်မှာ ခါတိုင်းလိုပင် လက်ဖက်စားရင်း ရယ်စရာမောစရာပြောရင်း အချိန်ကုန်ခဲ့သည်။ သို့ဖြင့် ညနေ (၃)နာရီသို့အရောက်တွင် သူဌေး၏တူတော်မောင် ဆန်နီအုန်း ရောက်လာပြီး ...

''မနှင်းဥတို့ အားလုံးစားဖို့ လက်ဖက်သုပ် ဝယ်လာခဲ့တယ်''

ဤသို့ပြောပြီး လက်ဖက်သုပ်အထုတ်များကို လှမ်းပေးရာ နှင်းဥက ...

''စောစောကပဲ ချစ်ဦးဝယ်ကျွေးလို့ ကျွန်မတို့ စားပြီးပြီ။ မစားတော့ဘူး''

ဖိုးကနဲ စပ်ကနဲ ပြောလိုက်ရာ ဆန်နီအုန်းမှာ မျက်နှာတစ်ချက်ပျက်သွားပြီး ...

''မနှင်းဥရယ် လက်ဖက်သုပ်ဆိုတာ ဗိုက်ဝတယ်လို့မှ မရှိတာ



ထပ်စားပါဦး''

''မစားချင်တော့ဘူး။ စားမယ့်သူမရှိရင် အဲဒါကို ခွေးသာကျွေးလိုက်တော့''

နှင်းဥက ဤသို့ ခပ်ရွဲ့ရွဲ့ပြောလိုက်သဖြင့် အားလုံးက ပြုံးစိစိဖြစ်သွားခဲ့သည်။ သည့်တွင် ပြုံးစိစိဖြစ်နေသော ချစ်ဦးကိုမြင်သွားပြီး ...

''ဟော့ကောင် ... ချစ်ဦး၊ မင်းက ငါ့ဦးလေး အိမ်မှာ ခိုကပ်စားပြီးတော့ ဦးလေးရဲ့တူဖြစ်တဲ့ ငါ့ကိုတောင် ပမာမခန့် ပြုံးစိစိ လုပ်ဝံ့တယ်ပေါ့လား''

ဤသို့ နှင်းဥကိုမနိုင်၍ ချစ်ဦးကိုမဲရာ ချစ်ဦးကလည်း ...

''နှင်းဥတို့အုပ်စုကို မင်းမရောက်ခင်ကတည်းက လက်ဖက်သုပ်ကျွေးလာတာ။ မင်းက နောက်မှ ရောက်တာပါကွာ''

''မင်းက တော်တော်လူပါးဝပါလား။ ခြေကျိုးရဲ့''

ဆန်နီအုန်းက သူတစ်ပါး၏ အားနည်းချက်ကို ထောက်၍ ပြောလိုက်ရာ နှင်းဥမှာ အနိုင်အထက်ကျင့်သည်ကို မခံတတ်သူပီပီ ...

''ကိုဆန်နီ ... သူတစ်ပါးရဲ့ အားနည်းချက်ကို ထည့်မပြောပါနဲ့။ သူပြောတာတွေက အမှန်တွေကြီးပဲ။ သူက အရင်ကတည်းက လက်ဖက်သုပ် ဝယ်ကျွေးလာတာ''

''ဩော် ... ဒီလိုလား မနှင်းဥရဲ့။ ဒါဆိုလည်း နောက်မပြောတော့ပါဘူးဗျာ။ ဟော့ကောင် ချစ်ဦး ဒီလက်ဖက်သုပ်ကို ခွေးကျွေးလိုက်စမ်း''

ပြောပြောဆိုဆို လက်ဖက်သုပ်အထုတ်နှင့် ချစ်ဦးမျက်နှာကို





www.burmeseclassic.com

www.burmeseclassic.com



လှမ်းပေါက်လိုက်သည်။ လက်ဖက်သုပ်များမှာ ပလပ်စတစ် အပျော့အိတ်နှင့် ထည့်ထားသည့်အတွက် ချစ်ဦးမျက်နှာတစ်ခုလုံး လက်ဖက်သုပ်များဖြင့် ပေပွသွားခဲ့သည်။

"မှတ်ထား ... ဒါအစပဲရှိသေးတယ်။ နောက်တစ်ခါဆိုရင် အသေပဲ"

ဆန်နီအုန်းက ဒေါသတကြီး မြေကြီးကို ဖနောင့်နှင့်ပေါက်ပြီး ထွက်သွားခဲ့သည်။ နှင်းဥတို့အုပ်စုမှာ စောစောကလို တဟားဟား မရယ်နိုင်တော့ပဲ ချစ်ဦးအတွက် စိတ်မကောင်းဖြစ်ကာ ခပ်ဆိတ်ဆိတ် နေခဲ့ကြသည်။

ညနေ(၆)နာရီခန့် အချိန်တွင် ...

"ဒီနေ့တော့ ငါးတွေတော်တော်ကျတာနဲ့ ငါးခွဲရတာ နောက်ကျနေပြီ"

နှင်းဥက စတင်၍ ဤသို့ပြောလိုက်ပြီး ...

"ချစ်ဦးရေ ... ချစ်ဦး"

"ဘာလဲ နှင်းဥရဲ"

"ငါအိမ်အပြန်နောက်ကျနေပြီ။ ဟိုကောင် ဆန်နီအုန်းရဲ့ အန္တရာယ်ကလည်း ရှိသေးတယ်။ ဒီတော့ ငါအိမ်ပြန်ရင် နင်အဖော်လိုက်ခဲ့"

"ဒါများ ပြောဖို့တောင် မလိုပါဘူးဟာ။ ငယ်ငယ်ကတည်းကပဲ ငါနင့်နောက်ကို လိုက်နေကြပဲ"

"အေး ... ဒါဆို၊ ငါ အလုပ်ပြီးပြီ။ ငါပြန်တော့မယ်။ ငါးခွဲခါးထည့်ထားတဲ့ အိတ်ကိုယူပြီး ငါ့နောက်ကလိုက်ခဲ့"





"အေးပါဟ"

အမှန်တကယ်တော့ ချစ်ဦးမှာ နှင်းဥသာမက ဘယ်သူလိုက်ပို့ နိုင်းနိုင်း မငြီးမငြူလိုက်ပို့ တတ်သူဖြစ်သည်။ နှင်းဥကရှေ့မှသွားကာ သူကနောက်မှ လိုက်ခဲ့သည်။ သွားရင်းနှင့် ကိုသိန်း၏ ထန်းရည်တဲ အနီးသို့အရောက်တွင် ...။

ဆန်နီအုန်း ထွက်လာပြီး နှင်းဥကို တစ်ယောက်တည်း ပြန်လာသည်ဟု ထင်မှတ်ပြီး ...

"ဟိတ် ... မနှင်းဥ ရပ်ပါဦး"

"မရပ်နိုင်ဘူး။ ငါ့မှာ အချိန်မရှိဘူး"

"အရေးကြီးတဲ့ စကားပြောစရာရှိလို့ပါ"

"ပြောချင်ရင် နောက်မှပြော အခုမိုးချုပ်နေပြီ"

"ငါဆိုတဲ့အကောင်က ဘယ်သူ့ အမိန့်ပေးတာမှ မခံဘူး။ ပြောစရာရှိတာ အခုပဲပြောမယ်"

ဤသို့ပြောပြီး ရှေ့မှကာဆီးရပ်လိုက်သဖြင့် ...

"နင် ... ဖယ်မလား၊ မဖယ်ဘူးလား"

နှင်းဥက အသံခပ်မာမာနှင့် ပြောလိုက်ရာ ...

"မဖယ်တော့ နင်က ဘာလုပ်ချင်သေးလဲ"

ပြောပြောဆိုဆို နှင်းဥ၏ လက်တစ်ဖက်ကို လှမ်းဆွဲလိုက်ရာ ချစ်ဦးမှာ လွန်စွာစိတ်ဆိုးသွားပြီး ...

"ခွပ်"

"ခွပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်း"

ဘာမှမပြောတော့ဘဲ အပြေးလာပြီး လှမ်းထိုးလိုက်ရာ ဆန်နီအုန်းမှာ ဖင်ထိုင်ရက် လဲကျသွားသည်။ ဆန်နီအုန်းသည် နဂိုကမှ စိတ်ဆတ်သူဖြစ်ပြီး အရက်ဝင်သွားသောအခါ ပို၍ဒေါသတကြီး ဖြစ်ခဲ့သည်။ ထိုစဉ် ၎င်း၏ ဦးလေးနေအိမ်တွင် ကပ်ရပ်နေသော ချစ်ဦးလို လူမျိုးက ၎င်းကိုထိုးသည့်အတွက် ဒေါသအိုး ပေါက်ကွဲကာ . . .

"ခွပ်"

"ခွပ်"

"ခွပ်"

"ဘုန်း"

ချစ်ဦးကို ဆန်နီအုန်းမှ တရကြမ်းလိုက်ထိုးရာ ချစ်ဦးမှာ ထိုဆိုင်ရှေ့တွင် အလဲလဲအကွဲကွဲ ဖြစ်သွားတော့သည်။ ၎င်းတို့ နှစ်ဦး သတ်ပုတ်နေသည့်အတွက် ထန်းရည်ဆိုင်ထဲမှ လူအများထွက်လာပြီး ဝိုင်းဆွဲတော့မှ ရန်ပွဲပြီးသွားခဲ့သည်။ ချစ်ဦးလည်း နှင်းဥကို လိုက်ပို့ပြီး အိမ်သို့ပြန်သွားရာ သူဌေးက လူလွှတ်ခေါ်သဖြင့် သူဌေးထံမှောက်သို့ ရောက်ရှိခဲ့သည်။

"မောင်ချစ်ဦး မင်းကို ဦးလေးပြောစရာရှိလို့ အခေါ်ခိုင်းလိုက်တာကွဲ့"

"ဟုတ်ကဲ့ပြောပါ ဦးလေး"

"မင်းကို မင်းမိဘများ ကွယ်လွန်သွားကတည်းက ဦးလေးပဲ မင်းကို စောင့်ရှောက်ထားခဲ့တာ မင်းလည်း အသိပဲ"





"ဟုတ်ပါတယ် ဦးလေး"

"နောက်ပြီး ဆန်နီအုန်းဆိုတာက ဦးလေး အစ်ကိုကြီးရဲ့သား၊ ဦးလေးရဲ့ တူပဲ။ သူကလည်း သူဌေးပဲ၊ ဒီမှာ စီးပွားရေး အခြေစိုက်ဖို့ ရောက်လာတာ မင်းတို့နှစ်ဦး ရန်ဖြစ်ကြတယ်ဆို"

"ဟုတ်ပါတယ်"

"မင်းက စပြီး ထိုးတာဆို"

"ဒါဆို မင်းမှာ အပြစ်ရှိတယ်"

"ဟုတ်ပါတယ်"

"ဘာကြောင့် မင်းက စပြီးထိုးတာလဲ"

"နှင်းဥကို လက်ဆွဲလို့ပါ"

"နှင်းဥကို လက်ဆွဲတာ မင်းကကြားထဲက မနာနဲ့။ ဘာကြောင့်လဲဆိုတော့ နှင်းဥရဲ့မိဘများနဲ့ ဆန်နီအုန်းရဲ့ မိဘများက နှစ်ဦးနှစ်ဖက် စကားပြောဆိုပြီးကြပြီ။ နောက်တစ်ပတ်လောက်မှာ ဆန်နီအုန်းရဲ့ မိဘများ ရောက်လာပြီး စေ့စပ်မင်္ဂလာ လုပ်ကြမယ်။ နောက်တစ်ပတ်မှာ လက်ထပ်မင်္ဂလာလုပ်လိမ့်မယ်"

"ဟင်"

ချစ်ဦးမှာ စောစောက ဆန်နီအုန်း ထိုးထားသည့် ဒဏ်ရာထက် အခုသူဌေးပြောလိုက်သည့် စကားမှာ ပို၍ရင်မှာနာကျင်မိသည်။

"အဲဒီတော့ နှင်းဥနဲ့ ဆန်နီအုန်း ကိစ္စမှာ နောက်ကို မင်း ဝင်မပါနဲ့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဦးလေးက မင်းကို သိအောင်ပြောချင်လို့"

"ဟုတ်ကဲ့ပါ ဦးလေး"

ချစ်ဦးမှာ အလွန်ပင် စိတ်ထိခိုက်ကာ သူနေသော အဖီတဲလေးသို့သွားကာ တစ်ယောက်တည်း တွေးတောနေခဲ့သည်။

ည(၁၀)နာရီခန့် အချိန်တွင် ... ၎င်း၏ အဖီတဲလေးထဲသို့ အောင်ကြီးနှင့် ခင်မြင့်တို့နှစ်ဦး ဝင်လာပြီး အဖီတဲလေး၏ အပြင်ဘက်သို့ ဆွဲခေါ်ထုတ်သွားပြီး ...

ခပ်လှမ်းလှမ်းရှိ သရက်ပင်တွင် ကြိုးဖြင့် ချည်နှောင်လိုက်ရာ ချစ်ဦးက ...

"ဟော့ကောင်တွေ ... ဟော့ကောင်တွေ ... ငါ့ကို ဘာလုပ်တာလဲ"

ဤသို့ အော်ပြောလိုက်ရာ အကွယ်မှ ဆန်နီအုန်း ထွက်လာပြီး ...

"လူပါးဝတဲ့အကောင်ကို ဆုံးမဖို့ ကြိုးနဲ့ချည်ထားတာ"

"ဟော့ကောင် သတ္တိရှိရင် အခုကြိုးဖြေလိုက် တစ်ယောက်ချင်း ချမယ်။ ငါက မင်းလိုကောင် မပြောနဲ့ မြွေဆိုးကြီးတွေတောင် တိုက်လာတဲ့ အကောင်"

"ဟော့ကောင် ချစ်ဦး၊ ခြေကျိုး အပိုစကားတွေ မပြောနဲ့။ မင်းနဲ့ တစ်ယောက်ချင်းချဖို့ မတန်လို့ ကြိုးချည်ပြီးမှ ငါလူတွေကို ရိုက်ခိုင်းမယ်"

"မင်း ... သတ္တိမရှိတဲ့ အကောင်ပဲ"





"ဟော့ကောင်တွေ ဒီကောင်ကို နာနာရိုက်ကြစမ်း"

"ရွှန်း"

"ရွှန်း"

"အမလေးဗျ"

"ရွှန်း"

ချစ်ဦးအား တိုင်မှာကြိုးချည်ကာ တရွှန်းရွှန်း ရိုက်နှက်ခဲ့သည်။ အချက်ပေါင်းမည်မျှ ရိုက်သည်မသိ။ ချစ်ဦးမှာ တောင့်မခံနိုင်တော့ပဲ ပျော့ခွေကာ သတိလစ်သွားခဲ့သည်။ ထိုအခါ ဆန်နီအုန်းက ...

"ဒီကောင်ကို လှေတစ်စင်းမှာတင်ပြီး မျှောလိုက်။ အခုလို ရေကျချိန်ဆိုရင် ပင်လယ်ထဲကို မျှောသွားလိမ့်မယ်။ ပင်လယ်ထဲမှာ လှိုင်းပုတ်ပြီး သေလဲ အေးတယ်"

ထို့နောက် ဆန်နီအုန်း၏ လူများက ချစ်ဦးကို လှေပေါ်တင်ကာ မျှောလိုက်သည်။ လှေကလေးမှာ ရေစီးအတိုင်း တအိအိ မျှောသွားခဲ့သည်။ ချစ်ဦးမှာ လှေငယ်ပေါ်တွင် သတိလစ်ကာ တရွေ့ရွေ့ဖြင့် ပင်လယ်ဝဆီသို့ မျှောသွားခဲ့ပါတော့သည်။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)
## "မိုးပေါ်ကကျလာတဲ့ ကျောက်တုန်းကြီး"

"ငါ ... ဘယ်ရောက်နေပါလိမ့်"

ချစ်ဦးသည် သတိရ၍ မျက်စေ့ဖွင့်ကြည့်လိုက်သောအခါ စိမ်းညို့ညို့ သစ်ပင်တန်းများ၊ အုန်းပင်များကို တွေ့လိုက်ရသည်။ ပတ်ဝန်းကျင်ကို သေသေချာချာ ကြည့်လိုက်မှ သူသည် လှေတစ်စင်းဖြင့် ကျွန်းတစ်ကျွန်း၏ ကမ်းစပ်၌ ရောက်နေမှန်း သိလိုက်သည်။

သူသည် လှေပေါ်မှထရန် ပြင်ဆင်လိုက်ရာ ...

"အား ... ကျွတ်ကျွတ် ... ကျွတ်ကျွတ်"

သူ၏တစ်ကိုယ်လုံးမှာ အလွန်နာကျင်နေသည်။ သည်တော့မှ မနေ့ညက အဖြစ်အပျက်ကို သူသတိရလိုက်သည်။

"ဩော် ... မနေ့ညက ဆန်နီအုန်းတို့အုပ်စု ငါ့ကို ဝိုင်းရိုက်ကြတာကိုး"

သူသည် နာကျင်မှုကို ကြိတ်မှိတ်ခံရင်း လှေပေါ်မှ ဆင်းကာ ကမ်းစပ်ဆီသို့ လျှောက်လှမ်းလာခဲ့ပြီး ဘေးပတ်ပတ်လည်ကို လှမ်းကြည့်





လိုက်သောအခါ ...

"ဩော် ... အခု ငါရောက်နေတဲ့ နေရာက လိပ်ကျွန်းပဲ။ တော်ပါသေးရဲ့ ငါတို့ရွာနဲ့ သိပ်မဝေးလို့"

သူသည် ယိုင်တိုင်တိုင်ဖြင့် တောအတွင်းသို့ ဝင်သွားခဲ့သည်။ ဩဇာပင်များတွင် ဩဇာသီးများ ပြွတ်သိတ်စွာသီးနေပြီး တစ်ချို့သော ဩဇာသီးများမှာ ကျေးငှက်တို့ ထိုးချသောကြောင့် မြေကြီးပေါ်တွင် ပြန့်ကျဲနေသည်။

သူသည် မြေကြီးပေါ်တွင် ကျနေသော ဩဇာသီးများကို ကောက်ယူစားလိုက်သည်။ အလွန်ဆာနေသောကြောင့် ဩဇာသီးများကို စားရသည်မှာ နတ်သုဒ္ဓါတစ်မျှ လွန်စွာစားကောင်းလှပေသည်။

ထိုမှ ကမ်းစပ်ဆီသို့ဆက်၍ လျှောက်သွားရာ လိပ်ဥကျင်းများကို တွေ့ရှိခဲ့သည်။ လိပ်ကျင်းသည် အခြားနေရာများနှင့်မတူ ပြောင်ချော နေသည်။ ချစ်ဦးတို့က လိပ်ဥတူးနေကျမို့ မြေကြီးကို ကြည့်ရုံနှင့် လိပ်ဥကျင်းမှန်းသိသည်။ ပင်လယ်တွင်းရှိ လိပ်တို့သည် ဥ ဥချင်သောအခါ ကမ်းစပ်သို့ တက်လာခဲ့ကြသည်။

ပင်လယ်နှင့်မနီးလွန်း မဝေးလွန်းသော နေရာမှာ သဲသောင်ပြင်ကို ယက်ပြီး ဥ,ဥလေ့ရှိသည်။ ဥ,ဥပြီးနောက် သဲများဖြင့် ဥများကို ဖုံးကာ သဲပြင်ပေါ်၌ သူ၏ ဗိုက်ဖြင့် ချောအောင်ပွတ်ပြီးမှ ပင်လယ်တွင်းသို့ ပြန်ဆင်းသွားလေ့ရှိသည်။

ထို့ကြောင့် သဲသောင်ပြင်တွင် ပြောင်ချောနေသော သဲပြင်ကို ယက်ကြည့်ပါက လိပ်ဥများကို ရရှိပေမည်။ အခုလည်း သူက ပြောင်ချော



www.burmeseclassic.com

www.burmeseclassic.com



နေသော သဲသောင်ပြင်ကို တူးကြည့်လိုက်ရာ . . .

"ဟာ . . . လိပ်ဥတွေ အများကြီးပဲ"

လိပ်ဥဆယ်လုံးခန့် တွေ့ရှိသဖြင့် ခါးပုံစထဲတွင် ထည့်လိုက်သည်။ သူသည် ကမ်းစပ်တွင် ထိုင်ချလိုက်ပြီး လိပ်ဥများကို အစိမ်းလိုက် ဖောက်သောက်လိုက်သည်။ သုံးလုံးခန့်ဖောက်သောက်လိုက်သောအခါ အင်အားများ ပြည့်လာခဲ့သည်။

ထိုစဉ် ကျွန်းနှင့်မနီးမဝေး ရေစီကြောင်းတွင် အရာဝတ္ထုတစ်ခု မျောလာသည်ကို တွေ့လိုက်ရသည်။ သူသည် သေသေချာချာ ကြည့်လိုက်သောအခါ ရှည်မျောမျော မည်းနက်နေသော သေတ္တာတစ်လုံး . . .

"သေတ္တာတစ်လုံး မျောလာတာပါလား ငါသွားဆယ်မှပဲ"

သည်အကွာအဝေးလောက်တော့ ပင်လယ်ပြင်အနီးမှာ ကြီးပြင်းလာတဲ့ ချစ်ဦးတို့က အပျော့ပင်။ သူကသေတ္တာကြီးဆီသို့ လက်ပစ်ကူးသွားခဲ့သည်။ ထို့နောက် သေတ္တာကြီးကို သယ်ဆောင်ကာ ကျွန်းဆီသို့ ပြန်၍ ရေကူးလာခဲ့သည်။ သေတ္တာကြီးပေါ်တွင် အင်္ဂလိပ်အက္ခရာ စာလုံးများ ရေးထားသည်ကို တွေ့ရသည့်အတွက် . . .

"ဒီသေတ္တာကြီးဟာ နိုင်ငံခြားသင်္ဘောပေါ်က ကျရစ်ခဲ့တဲ့ ပစ္စည်းဖြစ်မယ်။ ဒီသေတ္တာကြီးထဲမှာ ဘာတွေပါလဲ မသိဘူး။ ဖွင့်ကြည့်ဦးမှပဲ"

ဤသို့စဉ်းစားပြီးနောက် သေတ္တာကြီးတွင် ခပ်ထားသည့် သော့ဂလောက်ကြီးကို ကျောက်ခဲဖြင့် ရိုက်ဖျက်လိုက်ရာ . . .

"သေတ္တာကြီးတော့ ပွင့်သွားပြီ"





သေတ္တာကို ဖွင့်ကြည့်လိုက်ရာ ဥရောပဝတ်စုံများ၊ လောင်းကုတ် အင်္ကျီများနှင့် အခြားအသုံးအဆောင်များကို တွေ့ရှိရသည်။ အမှန်စင်စစ် ထိုသေတ္တာကြီးမှာ နိုင်ငံခြားသင်္ဘောတစ်စီးမှ မျောလာသည့် ဖာတ်သေတ္တာကြီးဖြစ်နေသည်။

"အင်း . . . အဖိုးတန်ပစ္စည်းတွေလဲ မပါဘူး။ ဒီကုတ်အင်္ကျီတွေပဲပါတော့ ချမ်းတဲ့အခါ ဝတ်ရတာပေါ့"

ထိုသို့ စိတ်ကူးဖြင့် ကုတ်အင်္ကျီများကို သေတ္တာထဲပြန်ထည့်လိုက်သည်။ အစာစား၍ ဗိုက်ဝသွားသောအခါ ယွန်းစွာ အိပ်ချင်လာခဲ့သည်။ ကမ်းစပ်ဆိုသည်မှာ ဒီရေအတက်အကျရှိသဖြင့် အိပ်နေရင်းနှင့် ရေတက်နိုင်သည်။ စိတ်မချရပေ။ ထို့ကြောင့် သေတ္တာကြီးကို ပိုက်ကာ တောတွင်းသို့ ဝင်ခဲ့သည်။

ဤလိပ်ကျွန်းသည် ချစ်ဦးတို့လူစု မကြာခဏလာရောက်ပြီး လိပ်ဥတူးရာနေရာဖြစ်၍ ဤကျွန်း၌ ဘယ်နေရာ ဘာရှိသည်ကို သိသည်။ ထိုကျွန်း၏အလယ်တွင် ကျောက်ဖျာတစ်ချပ်ကြီးကဲ့သို့ ပြန့်ပြူးနေသော ကျောက်ပြားချပ်ကြီးရှိသည်။ ရှေးလူကြီးများ ပြောစကားအရ ဤနေရာသည် ရှေးအခါက နဂါးမယ်တော်၏ နတ်ကွန်းဟုဆိုကြသည်။ နှစ်ပေါင်းများစွာ ကြာသောအခါ အမိုးအကာများ ပျက်စီးသွားပြီး အင်္ဂတေချပ်ကြီးသာ ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

ထိုနေရာသည် ယခင်က ချစ်ဦးတို့ လိပ်ဥတူးစဉ် အမောဖြေရာ၌ ဤကျောက်ဖျာကြီးပေါ်တွင် နားလေ့ရှိသည်။ ယခုလည်း ထိုနေရာတွင် သေတ္တာကြီးကို ခေါင်းအုံးကာ အိပ်စက်ခဲ့သည်။ သို့ဖြင့် တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းသို့ ရောက်ရှိလာခဲ့သည်။

ထိုစဉ် မိုးကောင်းကင်တစ်ခုလုံး ညိုမှောင်ကာ မှောင်ရည်သန်းနေသည်။

"အင်း ... မိုးရွာတော့နဲ့တူတယ်။ အချိန်မဟုတ်၊ အခါမဟုတ် သကြန်နားနီးပြီးဆိုတော့ သကြန်လက်ဆောင်မိုး ရွာမယ်နဲ့တူတယ်"

ကောင်းကင်ကြီးကိုကြည့်ပြီး ဤသို့ တွေးတောလိုက်သည်။

ချစ်ဦးတွေးထင်သည့်အတိုင်းပင်။ ကောင်းကင်ကြီးတစ်ခုလုံး ညိုမှောင်လာပြီး လျှပ်ပန်းလျှပ်နွယ်များ မိုးထစ်ချုန်းသံများ ဖြစ်ပေါ်လာခဲ့သည်။

"လျှပ်စီးတွေကလည်း လက်လိုက်တာ"

"ဂျိမ်း ... တလိမ်းလိမ်း ... ဂျိမ်း"

"ဘုရား ... ဘုရား"

ချစ်ဦးမှာ ကျွန်းတစ်ကျွန်းလုံးတွင် သူတစ်ယောက်တည်းဖြစ်နေ၍ လျှပ်ပန်းလျှပ်နွယ်များ လင်းလက်ပြီး မိုးထစ်ချုန်းနေသဖြင့် ကြောက်လန့်တကြား ဖြစ်နေသည်။

ထိုလျှပ်ပန်းလျှပ်နွယ်တို့ကြောင့် ကျောက်ဖျာကြီးမှာ လင်းကနဲ လင်းကနဲဖြစ်လာသဖြင့် ချစ်ဦးမှာ ကြောက်လန့်ပြီး ကျောက်ဖျာပေါ်မှ ဆင်းလိုက်သည်။ ခပ်လှမ်းလှမ်းရှိ သစ်ပင်ကြီးနားတွင် မိုးခိုရင်းစောင့်ကြည့်နေခဲ့သည်။

ထိုစဉ် ...

"ဂျိမ်း ... တလိမ်းလိမ်း ... ဂျိမ်း"





"ဒိုင်း"

"အမလေးဗျ"

လောကကြီးမှာ ဘာတွေဖြစ်ကုန်သည်မသိ။ လျှပ်စစ်မီးတွေလင်းလက်လာပြီး မိုးကြိုးပစ်ချလိုက်သည်။ ချစ်ဦးမှာ ကြောက်အားလန့်အားနှင့် သစ်ပင်ခြေရင်း၌ ဝပ်ချလိုက်သည်။ မိုးကြိုးပစ်သည့်အရှိန်ကြောင့် မြေကြီးများပင် သိမ့်သိမ့်တုန်သွားခဲ့သည်။ သူသည် နားကိုလက်နှစ်ဖက်ဖြင့်အုပ်ကာ မျက်စေ့မှိတ်ထားပြီး သစ်ပင်ခြေရင်း၌ ဝပ်နေသည်။

တစ်နာရီခန့်အကြာတွင် မိုးစဲသွားတော့သည်။ ထိုအခါမှ သစ်ပင်ခြေရင်းမှထ၍ ကျောက်ဖျာကြီးကို လှမ်းကြည့်လိုက်ရာ ...

"ဟာ ... ဘာလုံးကြီးပါလိမ့်"

ကျောက်ဖျာကြီးပေါ်တွင် ကျောက်သားလုံးကြီးတစ်ခု ရောက်နေသည်ကို ထူးဆန်းစွာ တွေ့လိုက်ရသည်။

"ဟင် ... ဒီကျောက်တုန်းကြီးက ဘယ်လိုဖြစ်ပြီး ရောက်လာတာပါလိမ့်"

ထူးဆန်းစွာရောက်လာသော ကျောက်တုန်းကြီးကို သူသည် လှည့်ပတ်ကာ ကြည့်နေသည်။ ကျောက်တုန်းကြီး၏ တစ်ဖက်မျက်နှာပြင်မှာ မီးလောင်ကျွမ်းနေသည့် အရာများကို တွေ့ရှိရသည်။

"အင်း ... ဒီနားက ကျောက်တောင်တစ်ခုခုကို မိုးကြိုးပစ်ချလိုက်လို့ အဲဒီကျောက်တောင်အစွန်းပဲ့ပြီး အရှိန်နဲ့ ဒီရောက်လာတာနေမှာ"

ချစ်ဦးလည်း သူဉာဏ်မီသလောက် စဉ်းစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကျောက်တုန်းကြီး၏ တစ်ဖက်မျက်နှာပြင်မှာ မီးလောင်ကျွမ်းနေသည့် အရာများရှိသော်လည်း တစ်ဖက်မျက်နှာပြင်တွင် ငွေရောင်ကဲ့သို့ လင်းလက်သည့် ကျောက်မှုန်များစွာရှိနေသည်။ သို့ဖြင့် . . . တဖြည်းဖြည်း လထွက်လာသောအခါ လ၏အလင်းရောင်ကြောင့် ထိုကျောက်တုန်းကြီး၏ ခွဲခြမ်းနေရာမှ ငွေရောင်အစက်အပျောက်ကလေးများမှာ အရောင်ပြန် သည့်နှယ် လင်းလက်နေပါတော့သည်။

"အလို . . . ဒီကျောက်တုန်းကြီးက အရောင်တွေ တလက် လက်လင်းလက်နေပါလား"

ထူးဆန်းသော ကျောက်တုန်းကြီးကို အံ့သြစွာ ငေးမောကြည့် နေမိသည်။ သူသည် မည်မျှကြာအောင် ငေးကြည့်နေမိသည်မသိ။

သူ၏နားထဲတွင် . . .

"ရွှီ"

"ရွှီ"

"ရွှီ"

ဟူသော မြွေတွန်သံကြီးများကို ကြားရသဖြင့် နောက်ဆုတ်ပြီး ချုံပုတ်အကွယ်မှ စောင့်ကြည့်ရာ မြွေတွန်သံကြီးများမှာ တဖြည်းဖြည်း ကျယ်လောင်လာသည်။ ထို့နောက် တောထဲမှ မြွေကြီးသုံးကောင်မှာ တရှိန်ရှိန်အော်မြည်ကာ ကျောက်ဖြာဆီသို့ တရွေ့ရွေ့လာနေသည်။ ထိုမြွေကြီး များမှာ ဖင်ပြွန်းကျွန်း၌ တွေ့ရှိသော ငါးခြောက်စားသည့် မြွေကြီးများနှင့် အရွယ်အစားမှာ တစ်တိုင်းတည်း ဖြစ်နေသည်။

ထိုမြွေကြီးများသည် ကျောက်ဖျာပေါ်သို့ တက်လာပြီး ကျောက်တုန်း





ကြီးရှေ့သို့ ရောက်ရှိလာခဲ့သည်။

"အင်း . . . ဒီမြွေကြီးသုံးကောင်က ဖင်ပြွန်းကျွန်းက လွတ်လာတဲ့ မြွေကြီးတွေဖြစ်ပုံရတယ်။ ဟိုမှာအသိုက်လည်း မရှိဘူး ဆိုတော့ ဒီဘက်ကျွန်းမှာ လာနေတာဖြစ်မယ်"

ချစ်ဦးတွေးသည်မှာ မှန်ကန်ဖို့များသည်။ ထိုမြွေကြီးများမှာ အုပ်စုလိုက်နေပြီး ညအခါမှသာ အစာရှာထွက်လေ့ရှိသည်။ နေ့အခါတွင် ကျောက်ဆောင်များ၊ တွင်းကြီးများထဲတွင် နေလေ့ရှိသည်။

မြွေကြီးများနှင့် ဤကျောက်တုန်းကြီးများမှာ မည်သို့ဆက်စပ် သည်မသိ။ ကျောက်တုန်းကြီးအား ရစ်ပတ်ပြီးနောက် ကျောက်တုန်း ရှေ့တွင် ပျစ်ချွဲချွဲအရည်များကို အန်ချလိုက်ကြသည်။ မြွေကြီးသုံးကောင်နှင့် ပျစ်ချွဲချွဲအရည်သုံးပုံကို လရောင်အောက်တွင် ထင်ရှားစွာ မြင်တွေ့ရသည်။ ထို့နောက် မြွေကြီးများမှာ တောထဲသို့ ပြန်ဝင်သွားခဲ့သည်။

"အင်း . . . ဒီပျစ်ချွဲချွဲအရည်က ဘာတွေပါလိမ့် မဟုတ်မှ လွဲရော အဆိပ်ရည်တွေ အန်ချတာများလား"

ထိုသို့တွေးတောနေစဉ် ထိုအရည်များမှ လက်ဖက်စိမ်းအနံ့များ ထွက်ပေါ်လာခဲ့သည်။ မကြာမီ ဤတောတွင်းရှိ ယုန်ကလေးများ ရောက်ရှိလာပြီး ထိုအရည်ရှိရာသို့ အလုအယက် သွားရောက်ခဲ့သည်။ ထို့နောက် ယုန်ကလေးများသည် ပျစ်ချွဲချွဲအရည်များ အနီးသို့ရောက် သွားပြီး အနံ့ခံသကဲ့သို့ ရှေ့တိုးနောက်ဆုတ်လုပ်နေသည်။ ထို့နောက် ယုန်တစ်ကောင်က ထိုအရည်များကို လျှာဖြင့်စတင် လျက်လိုက်သောအခါ ကျန်ယုန်များကလည်း အလုအယက် တိုးဝေ့ကာ လျက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးလည်း ယုန်ကလေးများ၏ အခြေအနေကို စောင့်ကြည့်နေခဲ့သည်။

"အင်း ... ယုန်တွေကတော့ မြွေကြီးတွေရဲ့ အနံ့ထားတဲ့ အရည်တွေကို လျှက်နေပြီ။ အနံ့ကလည်း လက်ဖက်နံ့ဆိုတော့ ယုန်တွေ ကြိုက်တဲ့အနံ့နေမှာ"

ထိုသို့တွေး၍ အတွေးမဆုံးခင်ပင် ...

"ဘုတ်"

"ဘုတ်"

"ဘုတ်"

ယုန်ကလေးများမှာ ကျောက်ဖျာထက်၌ တဘုတ်ဘုတ်ဖြင့် လဲကျကုန်သည်။

"ဟာ ... ယုန်ကလေးတွေတော့ အဆိပ်မိပြီထင်တယ်"

ယုန်ကလေးများမှာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ပြီး အကြောဆွဲကာ အသက်ထွက်သွားခဲ့သည်။

"အင်း ... ယုန်တွေတော့ ရှောကုန်ပြီ။ ဒါကြောင့် ငါထင်ပါတယ်။ မြွေကြီးက အဆိပ်တွေကို အန်ချထားတာဖြစ်မယ်လို့"

ထိုသို့ စဉ်းစားနေစဉ် တရှဲရှဲအသံများဖြစ်ပေါ်လာပြီး တောထဲမှ မြွေကြီးများ ထွက်လာခဲ့သည်။ ထိုမြွေကြီးများသည် သေနေသော ယုန်များကို ပါးစပ်နှင့်ကိုက်ပြီး မြိုချလိုက်သည်။ ကျောက်ဖျာထက်ရှိ ယုန်သေများကို မြွေကြီးများက တစ်ကောင်တစ်လုပ်နှုန်းဖြင့် မြိုချရာ မကြာခင် ယုံသေအားလုံး မြွေကြီးများ၏ ဝမ်းထဲသို့ရောက်ရှိ သွားခဲ့သည်။





"ဟာ ... ဒါက မြွေကြီးတွေရဲ့ အစာရှာတဲ့ နည်းတစ်မျိုးပါလား။ အဲဒီ အဆိပ်မိနေတဲ့ ယုန်တွေကိုမြိုတော့ သူတို့အတွက် အဆိပ်မဖြစ်ဘူးလား မသိဘူး။ အေးလေ သူ့ပါးစပ်က အဆိပ်ပဲ သူ့အတွက်တော့ အဆိပ်မဖြစ်လို့ နေမှာပေါ့"

မြွေကြီးများမှာ ယုန်များကို စားပြီးနောက် အစာဝသွားသည့်အလား ကျောက်ဖျာပေါ်တွင် ခွေနေခဲ့ကြသည်။ ထို့နောက် နံနက်ရောင်နီလာသောအခါမှ တောတွင်းသို့ ပြန်ဝင်သွားခဲ့သည်။

တဖြည်းဖြည်းနှင့် မိုးစင်စင်လင်းခဲ့ပြီ။

"ငါ ... ဒီသေတ္တာကြီးကို ညြဇာပင်ကြီးအောက်မှာ မြုပ်ထားခဲ့မယ်။ ငါအလိုရှိမှ လာယူမယ်"

ဤသို့တွေးကာ သေတ္တာကြီးကို ညြဇာပင်ကြီးအောက်တွင် မြုပ်ထားလိုက်သည်။ မနေ့ကရရှိထားသော လိပ်ဥများကို စားရင်း တွေးတောနေမိသည်။

"အင်း ... ငါတော့ ပင်လယ်ဒိတ်ရွာကို ပြန်သွားပြီး သူကြီးကို တိုင်ပြောမယ်"

သူသည် ဤသို့ စဉ်းစားပြီးနောက် ပင်လယ်ဒိတ်ရွာဘက်သို့ လှေလှော်ကာ ပြန်လာခဲ့သည်။ ကမ်းစပ်ကို လှေဆိုက်သည်နှင့် ဦးဘသော်က ...

"ဟဲ့ကောင်လေး ... နင်ဘယ်သွားနေတာလဲ။ နှင်းဥတောင် မင်းကို လိုက်ရှာနေသေးတယ်"

"နှင်းဥက လိုက်ရှာနေတယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဥဆိုသည့် အသံကို ကြားရုံမျှနှင့် ချစ်ဦး၏ရင်မှာ တဒိန်းဒိန်း ခုန်လာပြီး ငါးခွဲစင်သို့ အပြေးကလေးသွားခဲ့သည်။

ငါးခွဲစင်သို့ အရောက်တွင် . . .

"နှင်းဥရေ . . . နှင်းဥ" ထိုသို့အော်ခေါ်လိုက်ရာ အရီးစွာက . . .

"ဟဲ့ . . . ချစ်ဦး အပြေးအလွှားနဲ့ ဘယ်လိုဖြစ်လာတာတုန်း"

"နှင်းဥရော"

"ရှိပါတယ်တော် ဟိုဘက်နားကို ခဏသွားတယ်"

"ဒါနဲ့ အရီးစွာရဲ့။ နှင်းဥက ဘာကြောင့် ကျွန်တော့ကို တွေ့ချင်တာလဲ"

"ဟဲ့ . . . မြို့သားရဲ့ အဖေနဲ့အမေ မနက်ဖြန်ရောက်မယ်။ သဘက်ခါ စေ့စပ်ပွဲလုပ်မယ်။ နောက်တစ်ပက်မှာ လက်ထပ်ရမယ်"

"ဟင် . . . ဘယ်လိုဖြစ်တာလဲ။ မြန်လိုက်တာ"

"ဒီထက်မြန်တာ ရှိသေးတယ်။ မင်္ဂလာဆောင်ပြီးရင် နှင်းဥကို သူတို့က မြို့ကို တစ်ခါတည်း ခေါ်သွားတော့မှာလို့ ပြောတယ်"

"အမလေးဗျာ"

"အမလေးဗျာ၊ လုပ်မနေနဲ့ နှင်းဥကလည်း ဂက်ခြံဇရပ်ချစ်နဲ့ မြို့သားကို မယူချင်ဘူး ဖြစ်နေတယ်။ ဒါကြောင့် လူကြီးချင်း အမြန်စီစဉ်ပြီး မြို့ကို ခေါ်သွားမှာ"

"ဒုက္ခပါပဲဗျာ၊ နှင်းဥကို ဘယ်လိုလုပ်ပေးရမလဲ။ အရီးစွာတို့ကလည်း နှင်းဥ အမေကို ဝိုင်းမပြောဘူးလား"

"ပြောပါသကောတော်။ သူ့အမေက သူ့သမီး သူဋ္ဌေးကတော်





ဖြစ်မှာ မလိုလားလို့ လာပြောတာလား မေးလို့ ကျုပ်တို့ ပြန်ပြေးလာခဲ့ရတယ်"

"စိတ်ညစ်လိုက်တာဗျာ"

ချစ်ဦးအတွက် ကမ္ဘာပျက်သည့် ကိန်းဆိုက်ကပ်နေသည်။ ချစ်ဦး၏ စိတ်ရင်းအမှန်မှာ မိမိနှင့်မပေါင်းရရင်လဲ နေပါစေ။ နှင်းဥအတွက် သူမ မချစ်မနှစ်သက်သော သူနှင့် မပေါင်းဖက်စေလိုပေ။

ဤသို့ပြောနေစဉ် နှင်းဥတစ်ယောက် ပြန်ရောက်လာခဲ့သည်။

"ချစ်ဦး . . . နင်ကလည်း ဘယ်ပျောက်နေတာလဲ"

"အေး . . . ငါကိစ္စရှိလို့ မရမ်းရွာဘက် ခဏသွားနေတာ"

"အေး . . . နင်ကသာ လျှောက်သွားနေ၊ ငါ့ကို သူဋ္ဌေးသားနဲ့ စေ့စပ်တော့မယ်။ သိလား"

"အဲဒါ . . . ငါလည်း အရီးစွာပြောလို့ သိပြီးပြီ။ ငါဘာလုပ်ပေးရမလဲ"

"နင့်ကိုသာ ပြောရပေမယ့်၊ နင်ကလည်း မကူညီနိုင်ပါဘူးဟာ"

ထိုသို့ ပြောနေစဉ် အရီးစွာက . . .။

"ဒါဆို ငါအကြံတစ်ခုပေးမယ်"

"ပြောပါ အရီးစွာ"

"နှင်းဥ ညည်းက ဟိုသူဋ္ဌေးသားကို မလိုချင်မှတော့ ချစ်ဦးနဲ့ ခိုးရာလိုက်သွားပါလား"

"ဟင် . . . အရီးစွာကလည်း"

ချစ်ဦးမှာ အရီးစွာ၏ စကားကြောင့် ရင်ထဲတွင် တဒိန်းဒိန်း



www.burmeseclassic.com

www.burmeseclassic.com



မြည်အောင် တုန်လှုပ်သွားခဲ့သည်။ သည့်တွင် နှင်းဥက . . .

"အရီးစွာရဲ့ ချစ်ဦးနောက်ကို လိုက်ရအောင် ချစ်ဦးက ကျွန်မ ရည်းစားမှ မဟုတ်တာ။ အဲဒီလိုလည်း မလုပ်နိုင်ပါဘူး။ အခုဟာက အဲဒီသူဌေးသားနဲ့ မယူချင်တာ သက်သက်ပဲ"

"ဒါဆိုရင် အဲဒီ သူဌေးသားသေမှ အေးမှာ"

"ဟုတ်တယ် အရီးစွာရဲ့။ ဟိုတစ်ခါ လေမှောက်ကတည်းက သေရမှာ။ အဲဒီလူ သေသွားရင် ကောင်းတယ်။ လက်မထပ်ခင် မြန်မြန် သေပါစေတော်"

"ဟုတ်တယ်။ အဲဒီကောင် မသေသရွေ့ နှင်းဥကို ဒုက္ခ ပေးတော့မှာပဲ"

"ဟုတ်တယ် အရီးစွာရဲ့ အရက်ကလည်း သောက်တတ်တယ်။ လောင်းကစားလည်း လုပ်တယ်လို့ ပြောသံကြားတယ်။ ကျွန်မနဲ့ ရပြီးရင် အဲဒီ အလုပ်တွေ ဆက်လုပ်မှာပဲ။ ကျွန်မတော့ ဒုက္ခပါပဲ"

နှင်းဥက ငိုမဲ့မဲ့နှင့် ပြောလိုက်ရာ ချစ်ဦးရင်ထဲမှာ လွန်စွာ စိတ်ထိခိုက်သွားခဲ့သည်။

"နှင်းဥရယ် နင့်အတွက်ဆိုရင် ငါသေချင်သေပါစေ။ ဘာလုပ် ပေးရမလဲ ပြောပါ"

"ငါလည်း ဘယ်လိုပြောရမှန်းတောင် မသိဘူး။ ရေထဲပဲ ဆင်းသေရမလား မသိဘူး"

"နှင်းဥရယ် ရေထဲတော့ဆင်းမသေပါနဲ့။ ငါလည်းတစ်ခုခုတော့ ကြံစည်ပါဦးမယ်"





နှင်းဥကို အားပေးစကားပြောပြီး ငါးခွဲစင်၏ အပြင်ဘက်သို့ ထွက်လာခဲ့သည်။ နှင်းဥမှာမူကား မျက်ရည်စက်လက်နှင့် ကျန်ရစ်ခဲ့သည်။

"ငါ . . . နှင်းဥကို ဘယ်လိုလုပ်ပေးရမလဲ။ တစ်ခုခုတော့ လုပ်ရမှာပဲ"

ချစ်ဦးမှာ နဂိုကပင် ဉာဏ်ထက်သူ မဟုတ်သဖြင့် မည်သို့မျှ စဉ်းစားမရပေ။ သူသည် ဆန်နီအုန်းအပေါ်၌ နှင်းဥ မုန်းတာထက် ပိုမုန်းသူဖြစ်သည်။ သူ့ကို အနိုင်ကျင့်ကာ ရိုက်နှက်သည့်အတွက် သူကြီးကို တိုင်ရန် ပြန်လာခဲ့ခြင်းဖြစ်သည်။ အခုမူကား . . . သူကြီးကို တိုင်ဖို့ ကိစ္စထက် နှင်းဥကိစ္စမှာ ပို၍ အရေးကြီးနေသည်။

"အင်း . . . ငါ့ကိစ္စကို နောက်မှ ဖြေရှင်းတော့မယ်။ နှင်းဥ ကိစ္စအတွက် ငါဘာလုပ်ပေးရမလဲ"

ဤသို့ တွေးတောရင်း ကမ်းစပ်မှာထိုင်ကာ အဝေးသို့ မျှော်ကြည့်နေခဲ့သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)
## "စိတ္တဇမေတ္တာရှင်"

"မြို့ပေါ်က သူဌေးလေး မြစ်ကမ်းစပ်မှာ သေနေတယ်တဲ့"

နံနက်မိုးမလင်းမီ ဤသတင်းကား တစ်ရွာလုံးပြန့်နှံ့ သွားခဲ့သည်။

ထိုသတင်းကြားသည်နှင့် သူဌေးက ရှေ့ဆုံးက အရင်ရောက်ရှိလာခဲ့သည်။

ကမ်းစပ်တွင် မှောက်ခုံအနေအထားဖြင့် တစ်ကိုယ်လုံး ပြာနှမ်းလျှက် သေဆုံးနေသော တူဖြစ်သူကို မြင်ရသောအခါ . . .။

"အမလေး . . . ငါ့တူကြီးရဲ့ . . . အဖြစ်ဆိုးလှချည်လား"

ထိုသို့ ငိုယိုပြီး ဒဏ်ရာကို ရှာကြည့်သောအခါ လည်ပင်းတွင် အစွယ်ရာနှစ်ခုကို တွေ့ရှိခဲ့ရသည်။

"ဒါဆိုရင် . . . မြွေပြိတ္တာကြီးနဲ့တွေ့ပြီး ပေါက်လိုက်လို့နေမှာ"

ဤသို့တွေးတောနေစဉ် သူကြီးနှင့်တကွ ချစ်ဦးပါ ရောက်ရှိလာခဲ့သည်။





သူကြီးက သူဌေးကို တွေ့သောအခါ . . .။

"ဘယ်လိုဖြစ်ရတာလဲ သူကြီးရယ်"

"ကျုပ်လည်း ဘယ်လိုပြောရမှန်းတော် မသိပါဘူး သူကြီးရယ်"

"ညကရော သူ့ကို တွေ့မိသေးလား"

"ညနေစာစားတာ (၅)နာရီပါ။ အဲဒီအထိ အိမ်မှာအတူတူစားခဲ့တာပါ။ နောက်တော့ မောင်သိန်းရဲ့ဆိုင်ကို သွားမယ်ဆိုပြီး ထွက်သွားလိုက်တာ ပေါ်မလာတော့ဘူး"

ထိုစဉ် မောင်သိန်းလဲ ရောက်လာသဖြင့် . . .

"ဟဲ့ . . . မောင်သိန်း။ ငါ့တူ ညက မင်းရဲ့ ဆိုင်ကိုလာသေးလား"

"လာပါတယ်၊ သူဌေးတူက ည(၁၀)နာရီကျော်လောက်မှ ဆိုင်ကပြန်သွားတာ"

"သူနဲ့ အဖော်တွေပါသေးလား"

"ပထမတုန်းကတော့ မောင်ဆန်းတို့ အုပ်စုနဲ့ ဝိုင်းဖွဲ့သောက်နေတာပဲ၊ ဒါပေမယ့် မောင်ဆန်းတို့အုပ်စုက (၉)နာရီလောက်မှာ ထပြီးပြန်သွားကြတယ်၊ ဒါကြောင့် သူတစ်ယောက်တည်းပဲ ကျန်ခဲ့တယ်၊ ဆိုင်ပိတ်ကာနီးမှ သူတစ်ယောက်တည်း ပြန်သွားတာ"

ထိုစဉ် သူကြီးက . . .။

"အမှုကတော့ ရှင်းပါတယ်၊ မြွေပြိတ္တာကြီးတွေ ကိုက်လိုက်တာပဲ၊ ကြည့်ပါလား။ လည်ပင်းမှာ အစွယ်ရာနှစ်ခုနဲ့"

"ဒါဆိုရင် ထန်းရည်မူးမူးနဲ့ ကမ်းစပ်သွားတာနေမှာ။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ငါးခြောက်လာစားတဲ့ မြွေပြိတ္တာနဲ့တွေ့ပြီး ကိုက်လိုက်တာနေမှာပေါ့''

''ဟုတ်မယ် ... ဟုတ်မယ်။ မြွေစွယ်ရာကို တွေ့နေပြီပဲ။ မြွေကိုက်တာ အစစ်ပေါ့''

ထိုသို့ တစ်ယောက်တစ်မျိုး ပြောနေစဉ် သူဌေးက ...။

''ကျုပ်တော့ သေချင်တာပဲဗျာ။ မနက်ဆိုရင် သူ့အဖေနဲ့ အမေရောက်လာတော့မှာဗျ။ ဒီကိစ္စကို ဘယ်လိုမျက်နှာနဲ့ ပြောရမလဲ။ ကျုပ်ပဲ မြွေကိုက်ခံလိုက်ချင်တယ်''

''သူဌေးရယ် သတ္တဝါတစ်ခု၊ ကံတစ်ခုလို့သာ သဘောထားပါဗျာ။ သူ့ကို ဘယ်သူမှ လုပ်တာမှ မဟုတ်ဘဲ။ မြွေကိုက်တာတော့ ဘယ်တတ် နိုင်မလဲ''

ဤတွင် သူကြီးက ...။

''ဟုတ်ပါတယ် သူဌေးရယ် ကောင်လေးရဲ့ အဖေအမေတွေ ရောက်လာရင် ကျုပ်လည်း ကူပြောပေးမှာပေါ့ဗျာ''

''ကျုပ်တူလေးက သနားပါတယ်။ မိန်းမတောင် မယူရသေးဘူး''

ဤတွင် အရီးစွာတို့ အုပ်စုရောက်လာပြီး ...

''သူဌေးရယ် ရှင့်တူလေး ဘယ်လိုဖြစ်တာလဲ''

''မြွေပြိတ္တာကြီး ကိုက်သွားတယ်ဗျာ။ ကြည့်ပါဦး''

''ဖြစ်မှဖြစ်ရလေ သူဌေးလေးရယ် ကျွန်မတို့ကို နေ့တိုင်း လက်ဖက်သုပ်တို့ အကြော်တို့ ဝယ်ကျွေးနေကျ စိတ်ကောင်းရှိတဲ့ ကလေးပါတော်''

အရီးစွာတို့ကလည်း လူကြီးပီပီ ပြောတတ်ဆိုတတ်သူ ဖြစ်သည်။





နောက်မှရောက်လာသည့် ဒေါ်ဒွန်းလှကလည်း ...။

''သူတော်ကောင်းလေးရယ် ဖြစ်မှဖြစ်ရလေ''

ထိုသို့ ဝိုင်းဝန်းပြောကြ၊ ဆိုကြ၊ ငိုကြနှင့် လူအတော်များများ ရောက်ရှိလာခဲ့သည်။

''ကဲ ... ကဲ ... အလောင်းကို ဒီအတိုင်းထားလို့ မဖြစ်ဘူး။ သင်္ချိုင်းကုန်းဆီကို ရွှေ့မှပဲ'' သူကြီးက ဤသို့ပြောလိုက်ရာ ထိုအလောင်းကို သင်္ချိုင်းကုန်းသို့ ယူဆောင်သွားခဲ့ကြသည်။

မကြာမီ အချိန်အတွင်း ငါးခွဲစင်သို့ နှင်းဥတို့ လူတစ်သိုက် ရောက်ရှိလာခဲ့သည်။

နှင်းဥကိုတွေ့သောအခါ အရီးစွာက ...။

''နှင်းဥရေ ... ညည်းတော့ ဝဋ်ကျွတ်သွားပြီ''

''ဘာဖြစ်လို့လဲ အရီးစွာရဲ့''

''ညည်းသတင်း မကြားသေးဘူးလား''

''ဘာသတင်းတုန်း မြန်မြန်ပြောစမ်းပါ''

''အခု မနက်ပဲ ညည်းကိုယူမယ်ဆိုတဲ့ သူဌေးလေးလေ မြွေကိုက်လို့ သေပြီ''

''ဟင် ... ဟုတ်လား။ အရီးစွာကို ဘယ်သူပြောတာလဲ''

''ဘယ်သူပြောရမလဲ၊ ငါကိုယ်တိုင်တွေ့တာအေ့''

''ဒါဆိုရင် အဲဒီအလောင်းရော''

''သင်္ချိုင်းကုန်းကို ပို့လိုက်ပြီ''

''တကယ် ... ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့တော်"

"အမလေး ... ဝမ်းသာလိုက်တာတော်"

နှင်းဥက ဝမ်းသာအားရဖြင့် ပြောလုက်ရာ အရီးစွာက ...။

"ငါလည်း ဝမ်းသာတာပါပဲအေ။ ဒါနဲ့ မနက်ဖြန်ဆိုရင် သူ့မိဘတွေ လာမယ်ဆိုလားပဲ"

"အင်း ... သူ့မိဘတွေဘက်ကို ကြည့်တော့ စိတ်မကောင်းပါဘူး"

နှင်းဥက ဤသို့ပြောလိုက်ရာ အရီးစွာက ...

"အမလေး ဖြစ်သွားပြန်ပြီ။ မတော်လိုက်ရတဲ့ ယောက္ခမတွေကို ဆီးကြိုပြီး ငိုများတောင် ငိုဦးမလား မသိဘူး"

"မဟုတ်ပါဘူး အရီးစွာရယ်"

"ဟဲ့ ... နှင်းဥ၊ ငါလည်း စဉ်းစားမိတာ တစ်ခုရှိတယ်။ ဒီသူဌေးလေး သေပုံကဆန်းတယ်။ နင်က သူ့ကို သေစေချင်လို့ ဆုတောင်းလိုက်တာ မြွေပြိတ္တာတွေ ကြားသွားပြီး ကိုက်သတ်လိုက်တာနဲ့တူတယ်။

"အရီးစွာကလည်း ဘာတွေပြောနေမှန်း မသိဘူး။ သူ့မှာ မြွေကိုက်ပြီး သေရမယ့် ဇာတာပါလို့ ဖြစ်မှာပေါ့"

"အေးဟဲ့ ... ဆန်းတော့ အဆန်းသား"

ထိုနေ့က တစ်နေ့လုံး ချစ်ဦးတစ်ယောက် ရောက်မလာခဲ့ပေ။ သူဌေး၏ အိမ်မှာကပ်နေရသူဖြစ်၍ ဆန်နီအုန်း၏ အလောင်းကို သင်္ချိုင်းကုန်းသို့ ပို့ဆောင်ပေးခဲ့ရသည်။ သူဌေး၏ အိမ်မှာလည်း ချက်ချင်းပင် အသုဘအိမ်ဖြစ်သွားသဖြင့် ချစ်ဦးမှာ ဝေယျာဝစ္စ အလုပ်အားလုံးကို





လုပ်ကိုင်ပေးခဲ့ရသည်။

နောက်တစ်နေ့တွင် ...။

ဆန်နီအုန်း၏ မိဘနှစ်ပါးမှာ ခန်းဝင်ပစ္စည်း၊ အဝတ်အစားများစွာနှင့် ရောက်ရှိလာခဲ့သည်။ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို သားဖြစ်သူ သတင်းဆိုးကို ကြားလိုက်သောအခါ ရှေ့ရင်ဆို့သွားခဲ့သည်။

ဆန်နီအုန်း၏မိခင် ဒေါ်ရွှေခင်မှာ သားဖြစ်သူ၏ အလောင်းကို ကြည့်ပြီး ...

"အမလေး ... အဖြစ်ဆိုးလေခြင်း သားလေးရဲ့"

ထိုသို့ ပြောပြောငိုငို ငိုလိုက်ရာ ဖခင်ဖြစ်သူမှာလည်း မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့သည်။ ထို့နောက် ဆန်နီအုန်း၏ ဖခင် ဦးရွှေအုန်းက သူဌေးအား ...

"ညီလေးရေ ... မင်းတူက ရုတ်တရက် သေသွားတော့ သေမှုသေခင်းကို ရဲတိုင်မှဖြစ်မယ်"

"ကောင်းပါတယ် အစ်ကိုကြီး၊ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်"

ညနေစောင်းအချိန်ခန့်တွင် ...။

ရဲများရောက်လာပြီး သေမှုသေခင်း၊ စစ်ဆေးရန်အတွက် ဆန်နီအုန်း၏ အလောင်းကို မြို့ပေါ်သို့ ယူဆောင်သွားခဲ့ကြသည်။ ထို့နောက် အလောင်းကိုရင်ခွဲ၍ စစ်ဆေးရာ အလွန်အဆိပ်ပြင်းသော အဆိပ်ကြောင့် သေရသည်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် နှင်းဥမှာလည်း သူမ မချစ်မနှစ်သက်သော လူနှင့် လက်မထပ်ရတော့ပေ။ နှင်းဥတို့ လူသိုက်မှာ နေ့စဉ်နေ့တိုင်း ငါးခွဲစင်၌ ငါးခွဲသော အလုပ်ဖြင့် အလုပ်ရှုပ်နေခဲ့သည်။ ချစ်ဦးလည်း ၎င်းတို့နှင့်အတူ လုပ်ကိုင်ပေးရင်း ပျော်ရွှင်နေခဲ့သည်။ ငါးခွဲခြင်းလုပ်ငန်းသည် နွေဥတုနှင့် ဆောင်းဥတု၌သာ လုပ်ကိုင်နိုင်ပြီး မိုးတွင်းတစ်တွင်းလုံး နားကြရသည်။ မိုးတွင်းရောက်လျှင် ငါးခြောက်လုပ်၍ မရတော့ပေ။ ထိုအခါ ရလာသော ငါးများကို ငါးပိအဖြစ်လုပ်ကိုင်ရသည်။ ငါးပိလုပ်ငန်းသည် ငါးခြောက်လောက် အရောင်းအဝယ် မကောင်းပေ။ ထို့ကြောင့် ငါးခြောက်ရာသီတွင် ရက်မပျက်တဲ ငါးခြောက်လုပ်ငန်းကို လုပ်ကိုင်ကြခြင်း ဖြစ်ပေသည်။

ဤသို့ဖြင့် ဆန်နီအုန်းကွယ်လွန်ခဲ့သည်မှာ တစ်လကျော် ကြာမြင့်ခဲ့ပြီ။ ထိုစဉ် ပင်လယ်ဒိတ်ရွာကြီးတွင် အံ့သြဖွယ်ကောင်းသော ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။

''အောင်ကြီးတစ်ယောက် ကမ်းစပ်မှာ သေနေလို့တဲ့''

ထိုသို့သော သတင်းမှာ တစ်ရွာလုံး၌ ပျံ့နှံ့သွားခဲ့သည်။ သူကြီး နှင့်တကွ ရွာသူရွာသားများသည် ကမ်းစပ်သို့ အပြေးအလွှားသွား၍ ကြည့်ကြသည်။

သူကြီးက အလောင်းကို စစ်ဆေးကြည့်သောအခါ ...

''အောင်ကြီးကိုလည်း မြွေပြိတ္တာ ကိုက်သွားတာပဲ ဖြစ်မယ်''

''ဘာဖြစ်လို့လဲ သူကြီး''

''အောင်ကြီးရဲ့ လည်ဂုတ်မှာ အစွယ်ရာကြီးနှစ်ခု တွေ့တယ်။ သူသေပုံက သူ့ဒွေးတူ ဆန်နီအုန်း သေပုံသေနည်းနဲ့ ပုံစံအတူတူပဲ''





''ဟုတ်တယ်ဗျ။ သူကြီးပြောတာ အမှန်ပဲ။ သူ့ဒွေးတူ သေတုန်းကနဲ့ အတူတူပဲ''

အောင်ကြီး အလောင်းကို လာကြည့်ကြသူများမှာ ကမ်းလုံးကျွတ်မျှ ရှိချေသည်။ ထိုစဉ်သူကြီးက ...။

''ကဲ ... အောင်ကြီးသေတာ ရဲကိုအကြောင်းကြားရမယ်''

ထုံးစံအတိုင်း ရဲကို အကြောင်းကြားခဲ့သည်။ အောင်ကြီး အလောင်းကို စစ်ဆေးသောအခါ ဆန်နီအုန်းကဲ့သို့ပင် အဆိပ်ပြင်းသော မြွေသတ္တဝါကိုက်ခံရမှုကြောင့် သေဆုံးကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

နောက်တစ်ပတ်အကြာတွင် သူကြီးက အစည်းအဝေး ခေါ်ခဲ့သည်။ အစည်းအဝေးတွင် မြွေပြိတ္တာကြီးများအကြောင်း စတင်ဆွေးနွေး ခဲ့ကြသည်။

''ယခု ရောက်ရှိလာတဲ့ ရပ်မိရပ်ဖတို့ သိကြတဲ့အတိုင်း မြွေပြိတ္တာကြီးကြောင့် သေတာ မောင်ဦး၊ ဆန်နီအုန်း၊ အောင်ကြီး သုံးယောက် ရှိသွားပြီ။ ဒီမြွေပြိတ္တာကြီးတွေရဲ့ အန္တရာယ်က ဘယ်လိုကာကွယ်ကြမလဲ ဆိုတာ ရပ်မိရပ်ဖတို့ စဉ်းစားကြပါ။

''ဟုတ်ပါတယ်။ ကျုပ်တို့ ရွာသားတွေအတွက် အန္တရာယ် ရှိပါတယ်''

''ဒါဆိုရင် ကျွန်တော် တစ်ခုပြောပါရစေ''

''ပြောပါ... ပြောပါ''

''မြဒင်တို့ အုပ်စု ဟိုတစ်ခါက ဇင်ပြွန်းကျွန်းကိုသွားပြီး မြွေပြိတ္တာကြီးတွေကို နှိမ်နင်းသလိုပဲ၊ အဲဒီကျွန်းကိုသွားပြီး ထပ်နှိမ်နင်းရင် မကောင်းဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ... ကောင်းတယ်"

ထိုအစီအစဉ်အတိုင်း မြဒင်တို့အုပ်စုသည် ဖင်ပြွန်းကျွန်းသို့ ထပ်မံသွားခဲ့ကြသည်။ ဖင်ပြွန်းကျွန်းသို့ အရောက်တွင် ...။

"ဟော ... ဟိုမှာ ... မြွေအရိုးခေါင်းကြီးတွေ"

မြဒင်တို့ အုပ်စုထဲမှ တစ်ယောက်က ဤသို့ လှမ်းအော်ပြောလိုက်သည်။ မှန်ပေသည်။ ဖင်ပြွန်းကျွန်းပေါ်ရှိ ကျောက်ဆောင်များအကြားတွင် အရိုးကျနေပြီဖြစ်သော မြွေအရိုးခေါင်းများစွာကို တွေ့ရှိခဲ့ရသည်။

"ဒီမြွေတွေဟာ ဟိုတစ်ခါက အဆိပ်လူးမြားနဲ့ ပစ်လို့သေတဲ့ အကောင်တွေဖြစ်မယ်"

"ဟုတ်တယ်။ အရိုးတွေတွက်ကြည့်တော့ ဆယ်ကောင်ထက် မနည်းဘူး"

"ဟုတ်တယ်။ ကျွန်းပေါ် သွားကြည့်ကြမယ်"

"ကောင်းတယ် ... ကောင်းတယ်"

ကျွန်းပေါ်သို့ လျှောက်ကြည့်ခဲ့ကြသည်။ ကျွန်းပေါ်တွင် မီးလောင်ပြင်များ ဖြစ်နေပြီး ချုံနွယ်များ အမှိုက်သရိုက်များမှာ မီးလောင်ကျွမ်းသွားသည့်အတွက် ဟင်းလင်းပြင်ဖြစ်နေသည်။ မြွေကြီးများမဆိုထားနှင့် မြွေသေးသေးများပင် ခိုအောင်းရန် နေရာမရှိတော့ပေ။ သူတို့အုပ်စုသည် ညပါဆက်၍ စောင့်ခဲ့ကြသည်။ တစ်ညလုံး ပုရစ်အော်သံမှတစ်ပါး ဘာမျှမကြားရအောင် တိတ်ဆိတ်နေသည်။ သူတို့သည် နံနက်မိုးလင်းမှ ဖင်ပြွန်းကျွန်းမှ ထွက်လာခဲ့သည်။ ထို့နောက် မြွေပြိတ္တာကြီးများ





မတွေ့ကြောင်းကို သူကြီးနှင့်တကွ ရွာသူရွာသားများကို တင်ပြခဲ့သည်။

ထိုအခါ သူကြီးက ...

"ဒါဆို ... ဘယ်မြွေပြိတ္တာက လာကိုက်တာတုန်း"

"ဒါတော့ မပြောတတ်ဘူး သူကြီး။ အဲဒီကျွန်းမှာတော့ မြွေပြိတ္တာကြီးတွေ မရှိတော့တာ အမှန်ပဲ"

"အေး ... ဒါဆိုလည်း ရွာသူရွာသားတွေ သတိဝီရိယနဲ့ နေကြ တစ်ခုခုထူးခြားရင် ကျုပ်ဆီလာပြောကြပေတော့"

"ဟုတ်ကဲ့ပါ သူကြီး"

သူကြီးနှင့်တကွ ပင်လယ်ဒိတ် ရွာသူရွာသားတို့မှာ အဖြေပျောက်နေသော ပုစ္ဆာတစ်ပုဒ်ပမာ လိပ်ခဲတင်းတင်း ဖြစ်နေခဲ့ကြသည်။

ဤသို့ဖြင့် အဖြေမရှိသော ပဟေဠိတစ်ပုဒ်အတွက် စိတ်ရှုပ်နေစဉ် ...

ပင်လယ်ဒိတ်ရွာသား တစ်ဦးဖြစ်သော ခင်မြင့်တစ်ယောက်လည်း အောင်ကြီးကဲ့သို့ပင် လည်ပင်းတွင် အစွယ်ရာနှစ်ပေါက်ဖြင့် သေဆုံးပြန်သည်။

ထိုသို့ တစ်ယောက်ပြီးတစ်ယောက် မြွေကိုက်သေဆုံးနေသည့်အတွက် ရွာသူရွာသားများမှာ အိမ်မှာနေရင်းပင် ချောင်ကြိုချောင်ကြားမှ မြွေထွက်လာပြီး ကိုက်လေမလားဟူ၍ စိုးတထိတ်ထိတ်ဖြစ်ကာ ကျိုးလန့်စာစား မအိပ်ရဲအောင် ဖြစ်နေပါတော့သည်။

တစ်ချို့သော လူများကလည်း ...

"နှင်းဥဟာ နဂါးဝင်စားတာလား မသိဘူး။ သူက သူ့ငွေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



မယူချင်ဘူးလို့ပြောပြီး မကြာဘူး။ သူဌေးတူ မြေကိုက်လို့ သေပါလေရော''

''ဟုတ်တယ် အခုလဲ အောင်ကြီးတို့ ခင်မြင့်တို့ဆိုတာ သူဌေးတူ ဆန်နီအုန်းရဲ့ အနိုင်အစေတွေပဲ။ သူတို့လည်း တစ်ယောက်ပြီးတစ်ယောက် ဆန်နီအုန်းရဲ့ နောက်ကို လိုက်သွားကြပြီ''

''ဟုတ်တယ် နှင်းဥနဲ့ အဆင်မပြေတဲ့ လူတွေဟာ တစ်ယောက် ပြီးတစ်ယောက် မြွေကိုက်သေတာဆန်းတယ်''

''ဒီပုံဆိုရင် နှင်းဥကို ကြိုက်ဝံ့တဲ့သူတောင် ရှိမှာမဟုတ်ဘူး''

''သူကပဲ ... အပျိုကြီးဖြစ်မယ့် ဇာတာပါလားမှ မသိတာ''

''မသိပါဘူးအေ ... ဆန်နီအုန်းဆိုရင် သူ့ကိုလိုချင်လိုက်တာမှ တစ်ပိုင်းကို သေနေတာပဲ။ ခန်းဝင်ပစ္စည်းတွေတောင် ဝယ်လာပြီးပြီ။ အဲဒါ စေ့စပ်ပွဲလုပ်ကာနီးမှ သေရတာ ထူးဆန်းလိုက်တာ''

''အေးလေ ... သူကပဲ မြွေတွေကို အမိန့်ပေးနေလားမှ မသိတာ''

''ဤသို့ဖြင့် ထိုလေးယောက် မြွေကိုက်သေဆုံးမှုနှင့် ပတ်သက်၍ နှင်းဥကပင် နဂါးဝင်စားသူလိုလို မြွေများကို အမိန့်ပေးခိုင်းစေသူလိုလို ထင်ရာမြင်ရာ ပြောကြသည်။ ထိုသတင်းမှာ ပင်လယ်ဒိတ်ရွာသာမက အခြားရွာများသို့ပါ သတင်းများ ပျံ့နှံ့ကုန်သည်။ ပင်လယ်ဒိတ်ရွာနှင့် မနီးမဝေးတွင်ရှိသော တမာကုန်းရွာမှ ခပ်ရွတ်ရွတ် အရက်သမား သူဌေးသား စိုးအောင်သည် ထိုသတင်းကို ကြားသောအခါ...

''စိုးအောင်တို့က ဒီလို ထူးထူးဆန်းဆန်း အဖြစ်အပျက်ကိုမှ စိတ်ဝင်စားတာ။ အဲဒီရွာသွားပြီး နှင်းဥကို လက်ဆွဲပြီး စကားပြော





လိုက်ဦးမယ်''

''ဟေ့ကောင် ... မင်းလျှောက်လုပ်မနေနဲ့ နှင်းဥဟာ နဂါး ဝင်စားတာတဲ့ သူ့ကိုစော်ကားမော်ကား လုပ်တဲ့သူတွေဟာ မြွေကိုက် သေသတဲ့။ မင်းမစမ်းသပ်ပါနဲ့ကွာ။ တော်ကြာ သင်္ချိုင်းကုန်းကို လေးဖက် ထောက်သွားနေရဦးမယ်''

''ဖွပ် ... မဦးမချွတ်ကွာ။ မင်းတို့ နဂါးမလောက်တော့ ပျင်းတောင် ပျင်းသေးတယ်''

စိုးအောင်က မူးမူးရူးရူးဖြင့် ဤသို့ လျှောက်ပြောနေသည်။

နောက်တစ်ပတ်ခန့် အကြာတွင် ...။

စိုးအောင်သည် ပင်လယ်ဒိတ်ရွာသို့ ရောက်လာပြီး နှင်းဥ၏ အရိပ်အခြေကို လာကြည့်ခဲ့သည်။ နှင်းဥမှာ ပင်လယ်ဒိတ်ရွာ၏ ကွမ်းတောင်ကိုင် အပျိုချောတစ်ဦးဖြစ်မှန်း နဂိုကပင်သိပြီး ချစ်ခင် စွဲလန်းနေသူဖြစ်သည်။ စိုးအောင်မှာ ယခင်က ပင်လယ်ဒိတ်ရွာသား ဖြစ်ပြီး တမာကုန်းရွာသို့ ပြောင်းရွှေ့သွားသူ ဖြစ်သည်။ စိုးအောင်ကလည်း ခေသူမဟုတ်။ သူ၏မိဘများသည် ပင်လယ်ပြင်၌ ငါးထောင်သော စန္ဒြားခေါ် ငါးဖမ်းလှေကြီး နှစ်စင်းကို ထောင်ထားသူဖြစ်သည်။ ထိုစန္ဒြားတစ်စင်းမှ ဝင်ငွေမှာ တစ်နေ့ကို သောင်းချီရသည်။ နှစ်စင်းဖြစ်၍ နှစ်သောင်းကျော် သုံးသောင်းခန့်မှာ သူတို့၏ တစ်နေ့ ဝင်ငွေဖြစ်သည်။ ထို့ကြောင့် နှင်းဥကို အရင်ချစ်ခွင့်ပန်မည်။ ထို့နောက် သူ၏ မိဘများကို တောင်းရမ်းခိုင်းမည်ဟု စိတ်ကူးထားသူဖြစ်သည်။ သူသည် ညနေ စောင်းတွင် ပင်လယ်ဒိတ်ရွာသို့ ရောက်ရှိလာပြီး နှင်းဥကို တစ်စေ့



www.burmeseclassic.com

www.burmeseclassic.com



တစ်စောင်း ကြည့်ခဲ့သည်။ ထို့နောက် နှင်းဥအပြန်ကို ကိုသိန်းထန်းရည်ဆိုင်မှာ ထိုင်စောင့်နေခဲ့သည်။ ယနေ့ ညနေတွင်လည်း ကိုသိန်းထန်းရည်ဆိုင်မှ စောပုံဆိုင်းနေစဉ် နှင်းဥသည် ငါးခွဲရာမှ နေအိမ်သို့ပြန်လာရာ . . .

"နှင်းဥ . . . နင်ငါ့ကိုသိလား"

မိုးအောင်က နှင်းဥရှေ့မှာကာပြီး ဤသို့ မေးလိုက်ရာ . . .

"သိသားပဲ။ နင် ဟိုဘက်ရွာက စိုးအောင် မဟုတ်လား"

"အေး . . . ငါ . . . စိုးအောင်လေ အရင်တုန်းက ဒီရွာမှာ နေသွားတာ"

"သိပါတယ်ဆို . . .။ ငါသွားစရာရှိတယ်။ လမ်းဖယ်ပါ"

"လမ်းမဖယ်နိုင်သေးဘူး။ ပြောစရာရှိတယ်"

"ပြောစရာရှိရင် မြန်မြန်ပြောပြီးရင် လမ်းဖယ်ပေး မိုးချုပ်နေပြီ"

"ငါ . . . နင့်ကိုချစ်တယ်။ အဲဒါ . . . လူကြီးမိဘတွေနဲ့ လာတောင်းမလို့"

"ဘာ . . . ဘာပြောတယ်"

"နင့်ကို ချစ်တယ်လို့ပြောတာ"

"နင်က ငါ့ကို အပေါစားမှတ်လို့ လမ်းလယ်ခေါင်မှာ ဒီစကားမျိုး ပြောရသလား"

"အဲဒီလို မပြောလို့ ဘယ်နားသွားပြောရမလဲ။ ပြောလေ နင်ပြောတဲ့နေရာ ငါလိုက်မယ်"

"နင် တော်တော်မိုက်ရိုင်းတာပဲ "ဖျန်း . . . ဖျန်း"





နှင်းဥမှာ လွန်စွာစိတ်ဆိုးသွားပြီး စိုးအောင်၏ ပါးကိုနှစ်ချက်ဆင့်၍ ရိုက်လိုက်သည်။ နောက်တစ်ချက် ထပ်ရိုက်ရန် လက်အရွယ်တွင် စိုးအောင်က နှင်းဥ၏ လက်ဆွဲလှမ်းဆွဲလိုက်ရာ အမှတ်မထင်နှင်းဥမှာ စိုးအောင်၏ ရင်ခွင်ထဲသို့ လဲကျသွားတော့သည်။ ဤသို့ ရုန်းရင်းဆန်ခတ် ဖြစ်နေစဉ် ချစ်ဦးရောက်လာပြီး နှင်းဥကို ဆွဲထုကာ . . .။

"နှင်းဥ နင်ပြန်တော့"

နှင်းဥလည်း ရှက်ရှက်ဖြင့် တစ်ချိုးတည်း ပြေးသွားတော့သည်။

သည့်တွင် အရက်မူးနေသော စိုးအောင်မှာ အစာလွတ်သွားသော ကျားကဲ့သို့ ဒေါသအမျက် လွန်စွာထွက်ပြီး . . .

"ဟော့ကောင် ခြေကျိုး သူဌေးကျွန်က ရာ့ရာစစ ဝင်ပါရတယ်လို့ ကဲကွာ . . . ကဲကွာ"

"ခွပ်"

"ခွပ်"

"ခွပ်"

စိုးအောင်က ချစ်ဦးကို ထိုးလိုက်ရာ ချစ်ဦးမှာ ရှောင်ချိန်ပင် မရဘဲ မြေကြီးပေါ်တွင် ပက်လက်လန်၍ လဲကျသွားတော့သည်။ ဤတွင် စိုးအောင်နှင့် အဖော်လိုက်လာသော ချက်ကြီးမှာ ကိုသိန်းထန်းရည်ဆိုင်မှ ထလာပြီး ချစ်ဦးကို ဆောင့်၍ဆောင့်၍ ကန်လိုက်သည်။ ချစ်ဦးမှာ သူတို့နှစ်ဦး၏ ထိုးကြိတ်ကန်ကျောက်မှုကြောင့် ပါးစပ်မှ သွေးများထွက်ပြီး ဒဏ်ရာများစွာ ရသွားခဲ့သည်။ ထို့နောက်သူသည် ထော့နဲ့ထော့နဲ့ဖြင့် ထိုနေရာမှ ထွက်ခွာသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးအောင်နှင့် ချက်ကြီးတို့မှာ ကိုသိန်းထန်းရည်ဆိုင်တွင် ပြန်ထိုင်ပြီး သောက်လိုက်ကြသည်။ ထန်းရည်ဆိုင်ထဲရှိ ပင်လယ်ဒိတ်ရွာသားများမှာ ချစ်ဦးကို အနိုင်ကျင့်လိုက်သဖြင့် မခံချင်သော်လည်း စိုးအောင်သည် ယခင်က သူတို့ရွာသားမှာ စန္ဒြားပိုင်ရှင်များဖြစ်၍ ရေလုပ်ငန်းခြင်း ဆက်စပ်နေသောကြောင့် မိုက်ရိုင်းမှန်း သိသော်လည်း ဝင်မပါဘဲ နေလိုက်ကြသည်။

"မောင်စိုးအောင်နှင့် မောင်ချက်ကြီး ဆယ်နာရီထိုးပြီ။ ဦးလေး ဆိုင်သိမ်းတော့မယ်"

"ဦးလေးက ကျွန်တော်တို့ကို နှင်တာလား"

"မဟုတ်ပါဘူး ငါ့တူတို့ရာ ဦးလေးလည်း အိပ်ချင်လို့ပါ"

"ဒါဆိုရတယ် ... ပြန်မယ်"

စိုးအောင်နှင့် ချက်ကြီးတို့မှာ မူးနေသဖြင့် ယိုင်တိုင်တိုင်နှင့် ရွာအပြင်သို့ ထွက်လာခဲ့ကြသည်။ ပင်လယ်ဒိတ်ရွာအစွန် အရီးစွာတို့ အိမ်နားတွင် ကြီးမားလှသော ညောင်မှတ်ဆိတ်ပင်ကြီးတစ်ပင် ရှိသည်။ ဤအပင်ကြီးသည် ပင်လယ်ဒိတ်ရွာနှင့် တမာကုန်းရွာအား စည်းခြား ထားသော အပင်ကြီးလည်းဖြစ်သည်။ ပင်လယ်ဒိတ်ရွာ၏ အဆုံးနှင့် မလှမ်းမကမ်းတွင်ရှိပြီး ထိုမှတစ်ဖာလုံကျော်ကျော်ခန့်မှာ တမာကုန်းရွာ၏ အစဖြစ်သည်။ ထိုညောင်မှတ်ဆိတ်ပင်ကြီးမှာ သရဲခြောက်သည်ဟု နာမည်ကြီးသော အပင်ကြီးဖြစ်သည်။

ချက်ကြီးမှာ ပင်လယ်ဒိတ်ရွာ၏ အစွန်သို့ရောက်၍ ညောင်ပင် ကြီးအား လှမ်းမြင်ရသောအခါ...





"စိုးအောင်ရေ ... ညောင်မှတ်ဆိတ်ပင်ကြီး နားရောက် တော့မယ်"

"အေး ... ရောက်တာဘာဖြစ်လဲ"

"အဲဒီ အပင်ကြီးမှာ သဘက်တစ်ကောင်နေတယ်လို့ပြောတယ်။ သဘက်ကြီးရဲ့ နားနှစ်ဘက်က ဘယ်လောက်ရှည်သလဲဆိုရင် မြေကြီး ပေါ်တောင် တွဲကျနေသတဲ့ကွ"

"ဟေ့ကောင် ... ဟိုးရှေးရှေးတုန်းတုန်းက စကားတွေ လာမပြောနဲ့။ သရဲမကလို့ သဘက်ကြီးဖြစ်ဖြစ် ဒီမှာ ဝါးရင်းတုတ်ပါတယ်။ အနားကပ်လို့ကတော့ ရိုက်ထည့်လိုက်မယ်"

"ငါကတော့ သရဲ၊ သဘက်ဆိုရင် ကြောက်တယ်။ ရိုက်လဲ ထိတာမှ မဟုတ်ဘဲ"

"သွားမှာသာ သွားစမ်းပါကွာ"

ထိုသို့ပြောပြီး အမူးသမားနှစ်ယောက်မှာ အမြစ်များနှင့် တွဲလဲကျနေသော ညောင်မှတ်ဆိတ်ပင်ကြီးအောက်သို့အဝင် ...။ အပင်ပေါ်မှ မည်းမည်းကြီးကို တွေ့လိုက်ရာ ...

"အမလေးဗျ"

"သ ... သ ... သဘက်ကြီးပါဗျ"

ထိုသို့ မပီမသပြောကာ ကြောက်လန့်သွားခဲ့သည်။

ထိုစဉ် မည်းမည်းကောင်ကြီးသည် သစ်ပင်ပေါ်မှ ခုန်ဆင်း လိုက်ရာ အလွန်ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးနှင့်အတူ မည်းနက်နေသော ကိုယ်လုံးကြီး ချွန်ထက်နေသော လက်သည်းကြီးများကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်လိုက်ရသည်။

စိုးအောင်သည် ချက်ကြီးကို ပြောစဉ်က သဘက်ကြီးကို မမြင်ဘူး၍ မကြောက်ဘူးဟု ဆိုသော်လည်း ယခုဒိဋ္ဌမျက်မြင် မြင်ရသော အခါ ကြောက်လန့်ကာ . . .

"အမလေး . . . လုပ်ကြပါဦး"

"ကယ်ကြပါဦး . . . သဘက်ကြီးလိုက်နေလို့"

ဤသို့ အော်ဟစ်ပြီးပြေးရာ ချက်ကြီးမှာ အပြေးသန်သူဖြစ်၍ ရှေ့မှရောက်သွားခဲ့သည်။ တဖြည်းဖြည်းနှင့် စိုးအောင်နှင့် တဘက်ကြီးတို့ နီးကပ်လာခဲ့ပြီ။ သဘက်ကြီးက သူ၏ချွန်ထက်သော လက်သည်းဖြင့် လည်ပင်းကိုညှစ်မည်ပြုရာ စိုးအောင်က ကြောက်ကြောက်လန့်လန့်ဖြင့် . . .

ပါလာသောတုတ်ဖြင့် ဝှေ့ယမ်းလိုက်ရာ သဘက်ကြီးမှာ အနီးသို့ မကပ်ရဲဘဲ နောက်သို့ဆုတ်သွားခဲ့သည်။ ဤတွင် စိုးအောင်မှာ ဖနောင့်နှင့် တင်ပါး တသားတည်းနေအောင် ပြေးခဲ့သည်။ မကြာမီ သူတို့ ရွာဦးထိပ်သို့ ရောက်ရှိသွားရာ ကင်းသမားများက . . .

"ဟေ့ကောင်တွေ . . . မင်းတို့ဘယ်သူတွေလဲ"

"ကျွန်တော်တို့ စိုးအောင်နဲ့ ချက်ကြီးပါ"

"ဟေ့ . . . စိုးအောင်နဲ့ ချက်ကြီးလား။ မင်းတို့ကွာ အချိန်မတော် ဘာဖြစ်လို့ ပြေးလာကြတာတုန်း"

"အမလေး . . . မပြောပါနဲ့တော့ဗျာ။ ပင်လယ်ဒိတ်ရွာအစွန်က ညောင်ပင်ကြီးမှာနေတဲ့ သဘက်ကြီးလိုက်လို့ ပြေးလိုက်ရတာ ကံကောင်းလို့ မသေတယ်"





"ဒီ သဘက်ကြီးရှိတယ်ဆိုတာ ရှေးတုန်းကပြောတဲ့ စကားတွေပါကွာ။ အခုခေတ်မှာ သဘက်ကြီးကို တွေ့တယ်ဆိုတာ ကြားတောင် မကြားဖူးတော့ဘူး"

"ဒီမှာ . . . ကိုယ်တွေ့ပါဗျာ။ တကယ့်ကို သဘက်ကြီးနဲ့ တွေ့ခဲ့တာပါ။ ချက်ကြီးပြောတုန်းကတောင် မယုံဘူး။ ကိုယ်လုံးက မည်းနက်ပြီး အကြီးကြီးပဲ။ မျက်နှာကြီးကလည်း ကြောက်စရာကြီးပါဗျာ။ လက်သည်းတွေက ချွန်ထက်နေတာပဲ"

"မင်းတို့ သေချာမြင်ခဲ့ကြတာလား"

"သေချာတာမှ သိပ်သေချာတာပေါ့။ ကျွန်တော်တို့က လက်နှိပ်ဓါတ်မီးနဲ့ ထိုးကြည့်တာ"

"ဟေ . . . ဟုတ်လား"

"ဟုတ်လား မလုပ်နဲ့ သဘက်ကြီးက လည်ပင်းညှစ်တော့မလို့"

"ဟေ့ကောင်တွေရာ မင်းတို့ မူးမူးရူးရူးနဲ့ လျှောက်ပြောနေတာ ဖြစ်မယ်"

"မူးတော့မူးတယ်။ ရူးတာတော့ မရူးဘူးဗျ။ တွေ့ခဲ့တာက အသေအချာပဲ"

ဤသို့ဖြင့် ဤသတင်းမှာ တမာကုန်းရွာ တစ်ရွာလုံး ပျံ့နှံ့သွားခဲ့သည်။ ထိုအချိန်မှစ၍ စိုးအောင်ရော ချက်ကြီးပါ ပင်လယ်ဒိတ်ရွာသို့ မလာရဲတော့ပေ။ သို့သော်လည်း နှင်းဥက သူ့ကိုစော်ကားသဖြင့် ဤသို့ဖြစ်ရခြင်းဖြစ်သည်ဟု ရွာသူရွာသားများကအမျိုးမျိုး ပြောဆိုခဲ့ကြသည်။ နှင်းဥကတော့ မည်သို့မှ မပြောပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်ဖြစ်ပြီးနောက် တစ်လခန့်အကြာတွင် ဆန်နီအုန်း၏ ညီတစ်ဝမ်းကွဲတော်စပ်သူ ကိုအောင်နိုင်ဦး ရောက်ရှိလာခဲ့သည်။

သူက နှင်းဥဆီသို့ ရောက်ရှိလာပြီး . . .။

"ကျွန်တော်က ကိုဆန်နီအုန်းရဲ့ ညီတစ်ဝမ်းကွဲ ကိုအောင်နိုင်ဦးပါ"

"ဟုတ်ကဲ့ပါ"

"ဒီရွာမှာ အစ်ကိုကျန်ရစ်တဲ့ ငါးဖမ်းစက်လှေ ကိစ္စတွေကို ကျွန်တော်ပဲ ဆက်လုပ်သွားမှာပါ"

"ဟုတ်ကဲ့"

"အဲဒါ ငါးဖမ်းလှေမှာပါတဲ့ ငါးတွေကို မနှင်းဥတို့ အုပ်စုပဲ ခွဲပြီးနေလှမ်းပေးမှ ဖြစ်မှာ"

ထိုသို့ပြောသဖြင့် အရီးစွာက . . .။

"ကျွန်မတို့ လုပ်ပေးမှာပေါ့။ မင်းလဲ သူဌေးရဲ့တူပဲ မဟုတ်လား"

"တူတော့ မှန်ပါတယ်။ အရင်းတော့ မဟုတ်ဘူး။ တူတစ်ဝမ်းကွဲပေါ့"

"ဘာပဲဖြစ်ဖြစ် သူဌေးနဲ့ ပတ်သက်နေတော့ လုပ်ပေးရမှာပေါ့"

ကိုအောင်နိုင်ဦးကား ဆန်နီအုန်းထက် အသက်ငယ်သည်။ နှင်းဥနှင့် အသက်ခြင်း သိပ်မကွာလှပေ။ နှင်းဥက နှစ်ဆယ့်သုံးနှစ် သူက နှစ်ဆယ့်ငါးနှစ်။

ပြီးတော့ ရုပ်ရည်မှာလည်း တည်ကြည်ပြီး ယောကျ်ားပီသသော မျက်နှာရှိသည်။ ယောကျ်ားပီသပြီး ချောမောသူဟုဆိုလျှင် ပို၍မှန်ပေမည်။ မြို့သားဖြစ်၍ ဝတ်စားဆင်ယင်ပုံက စမတ်ကျသည်။ သူသည် အများအားဖြင့်





စပို့ရှပ်အစင်းများကို ဝတ်လေ့ရှိသည်။ စပို့ရှပ်ဝတ်လိုက်သောအခါ သူ၏ ကြွက်သားအဖုအထစ်များကို တွေ့ခြင်းဖြင့် အားကစားတစ်ခုခု လုပ်မှန်း သိသာသည်။ အားလုံးခြုံကြည့်လျှင် မိန်းမပျိုများ နှစ်သက်သည့် တည်ကြည် ချောမောသော ရုပ်မျိုးဖြစ်သည်။

ထိုအပြင် သူ၏ ကောင်းကွက်ကား . . .။

သူဌေးတူ သူဌေးလေးဟု ဆိုသော်လည်း ဆန်နီအုန်းလို ဘဝင်မမြင့်တတ်ပေ။ အားလုံးနှင့် လိုက်လိုက်လျောလျော သင့်တင့်စွာ ပေါင်းသင်းသူဖြစ်သည်။ ငွေရေးကြေးရေးတွင်လည်း ကပ်စေးနဲခြင်းမရှိ။ သူတို့၏ လုပ်ခကို ဆန်နီအုန်းလို ခေါင်းပုံမဖြတ်ဘဲ ပိုပေးခဲ့သည်။ ပေးကမ်းရာတွင်လည်း ရက်ရောသည်။ လူတကာနှင့်လည်း တည့်သည်။ မာနလည်း ကင်းသည့်အတွက် တစ်လအတွင်း ကိုအောင်နိုင်ဦးနှင့် အားလုံး ခင်မင်ရင်းနှီးသွားခဲ့သည်။

ကိုအောင်နိုင်ဦးလို အလုပ်ရှင်မျိုးကတော့ ရှားသည်။ ငါးခွဲသူများ အတွက် မနက်စာကျွေးသည့်အပြင် နေ့လည်စာအတွက် အကြော်ဝယ် ကျွေးခဲ့သည်။ ငါးခြောက်များ ခြောက်သည်နှင့် သေးကွေးပြီး အမြင် မလှသော ငါးခြောက်များကို အိမ်စားရန် အလှည့်ကျ ပေးလိုက်သေးသည်။ သူ့လို အလုပ်ရှင်မျိုးကို မတွေ့စဖူး မကြုံစဖူးဖြစ်၍ အားလုံးက ချစ်ခင် လေးစားကြသည်။

ကိုအောင်နိုင်ဦးကလည်း အားလုံးထက် နှင်းဥကို ပိုပိုသာသာ ဆက်ဆံခဲ့သည်။ နှင်းဥဆိုသည်မှာလည်း တောမှာပွင့်ရသော တောပန်းလေး တစ်ပွင့်ဖြစ်ပေမယ့် ရိုးသားသည့် ဂုဏ်၊ လှပသည့် ဂုဏ်တို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူမ၏အမည်မှာ စိတ်ကောင်းရှိသူ စာရင်းတွင် ထိပ်ဆုံးက ပါဝင်သူ ဖြစ်သည်။

ကိုအောင်နိုင်ဦးသည် ဤရွာကို ရောက်ခဲ့သည်မှာ နှစ်လကျော် သုံးလအတွင်းသို့ ရောက်ရှိခဲ့သည်။ နှင်းဥနှင့် နေ့စဉ်နေ့တိုင်း တွေ့ထိ ဆက်ဆံရသောအခါ သူ၏နှလုံးသားတွင် နှင်းဥဆိုသော မိန်းကလေးက နေရာဝင်ယူလိုက်သည်။ သူက မပြောခဲ့သော်လည်း သူ၏မျက်လုံး အကြည့်ကို အရီးစွာတို့ ဒေါ်ဒွန်းလုတို့က ပုံဖော်နိုင်ခဲ့ကြသည်။ ထို့ကြောင့် လည်း မကြာတကြာ နှင်းဥနှင့် စနောက်ခဲ့ကြသည်။

"နှင်းဥရေ . . . ညည်းကိုတော့ မြို့သား ရွှေစွန်ညိုကြီးက အမိဖမ်းချင်နေပြီနဲ့တူတယ်"

ဒေါ်ဒွန်းလုက ဤသို့စနောက်လိုက်ရာ နှင်းဥက . . .

"အဒေါ်လုရယ် ကျွန်မကို ဒီလူနဲ့ မစပါနဲ့။ ဒီလူက ဆန်နီအုန်း ညီဆိုတာနဲ့တင် စိတ်မဝင်စားတော့ပါဘူး"

"ဟဲ့ . . . ဆန်နီအုန်းရဲ့ ညီသာဆိုတယ် ရုပ်ရည်ခြင်းလည်း မတူဘူး။ အရက်သောက်တယ်လို့ မကြားဖူးဘူး နောက်ပြီး စိတ်ကောင်းရှိ လိုက်တာလဲ မပြောပါနဲ့အေ"

"အဒေါ်လုပြောတာ ဟုတ်ပါတယ်"

ဤတွင် ထွေးလုက . . .

"နှင်းဥရယ် . . . ငါတော့ သူ့ဒွေးလေးနဲ့ ညည်းကို သဘောတူ တယ်တော့"

ထိုစဉ် ထွေးမြကပါ . . .





"ဟုတ်ပါ့အေ။ စိတ်ထားကောင်းလိုက်တာများ ငါတို့တောင် မနက်စာကျွေးတာပဲ ကြည့်တော့"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် ဆန်နီအုန်းရဲ့ ညီ ဆိုတော့"

"အစ်ကိုက အစ်ကိုပဲ။ ညီက ညီပဲ တခြားဆီပါပဲဟာ"

"မစဉ်းစားချင်ပါဘူး ထွေးမြရယ်"

နှင်းဥကို ဝိုင်းပြောကြသဖြင့် လေသံပျော့သွားခဲ့သည်။ ယနေ့ ညနေ နှင်းဥအိမ်အပြန်ခရီးတွင် ကိုအောင်နိုင်ဦးက လိုက်ပို့ပေးခဲ့သည်။

"အစ်ကိုရယ် နှင်းဥပြန်နေကြပါ။ ရပါတယ်။ အားနာစရာကြီး"

"ရပါတယ်။ မနှင်းဥရဲ့ ကျွန်တော် စကားပြောစရာလဲ ရှိလို့ပါ"

"ဘာပြောစရာရှိလို့လဲ အစ်ကို"

"ကျွန်တော်တို့လည်း အသက်က မငယ်တော့ဘူးဆိုတော့ ကွယ်ဝှက်ပြီး ပြောမနေတော့ပါဘူး။ ကျွန်တော်ဟာ မနှင်းဥကို မြင်မြင် ခြင်းပဲ မေတ္တာရှိခဲ့ပါတယ်။ မနှင်းဥရဲ့ အပြောအဆို အနေအထိုင်ကို အကဲခတ်ကြည့်ပြန်တော့လည်း ရိုးရိုးသားသားနဲ့ ကြေခွဲသိက္ခာ ပြည့်စုံတဲ့သူ ဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော် မေတ္တာကို အသိအမှတ်ပြု ပေးဖို့ စဉ်းစားပေးစေချင်ပါတယ်"

"ကျွန်မတို့က တောသူဆိုတော့ မြို့သားတွေကို ကြောက်တယ်"

"ကြောက်စရာမလိုပါဘူး။ ကျွန်တော်ရဲ့ အကျင့်စာရိတ္တကို မနှင်းဥအကဲခတ်ကြည့်ရင် သိနိုင်ပါတယ်"

"နောက်ပြီးတော့ အစ်ကိုဟာ ကိုဆန်နီအုန်းရဲ့ ညီဖြစ်နေတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စဉ်းစားဖို့ ခက်နေတယ်''

''ဒါကလည်း ခက်စရာမလိုပါဘူး။ ကိုဆန်နီအုန်းနဲ့ ညီမနဲ့က စေ့စပ်တာတောင် မလုပ်ရသေးခင်မှာ အစ်ကို ဆုံးသွားခဲ့တာပဲ။ အဲဒါကလည်း သူ့ရဲ့ကံပဲ။ ကျွန်တော်က သူ့ညီဆိုပေမယ့် သွေးသား တော်စပ်တာတစ်ခုပဲရှိတယ်။ စာရိတ္တပိုင်းမှာ ကြိုက်သလို စမ်းနိုင်ပါတယ်။ အသောက်အစား၊ အလောင်းအစား၊ မိန်းမ ဒါတွေအားလုံး ကင်းရှင်းပါတယ်။ ညီမနဲ့ လက်ထပ်ပြီးရင် ညီမကို ကောင်းကောင်း စောင့်ရှောက်ပါမယ်။ ယောကျ်ားတစ်ယောက်ရဲ့ ဝတ္တရား မပျက်စေရပါဘူး''

''အစ်ကိုပြောတာ ကျွန်မယုံပါတယ်။ ဒါပေမယ့် ကျွန်မ စဉ်းစားပါရစေဦး''

''စဉ်းစားပါ ညီမရယ်။ အစ်ကိုကလည်း ညီမကြိုက်တဲ့ ပုံစံအတိုင်းနေပါ့မယ်''

''ဟော ... ကျွန်မ အိမ်နားတောင်ရောက်ပြီ အစ်ကို''

''ဒါဆိုလည်း အစ်ကိုပြန်တော့မယ်။ ညီမစဉ်းစားထားနော်''

''ဟုတ်ကဲ့ အစ်ကို ... ဟောတော့ ... ငါဘာတွေ ပြောမိပါလိမ့်''

နှင်းဥလည်း ရုက်ရုက်နှင့် အိမ်ထဲသို့ အပြေးဝင်လာခဲ့သည်။ သူမရင်မှာ တဒိန်းဒိန်း ခုန်နေသည်။ ယောကျ်ားပီသသော ရုပ်ရည်၊ ချိုသာသော အပြောအဆို ကြင်နာသော ပုံရိပ်များကြားဝယ် အသည်းနှလုံး၏အလိုမှာ အချစ်ဆီသို့ ညွှန်ပြနေသည်။ နှင်းဥမှာလည်း အသည်းနှလုံးရှိသူမို့ ချစ်ခြင်းဟူသော အနိုးအငွေ့တို့ဖြင့် လွှမ်းခြုံနေသည်။ သို့သော်





မိန်းမသားဖြစ်၍ အလွယ်တကူနှင့် ခေါင်းငြိမ့်၍ မဖြစ်နိုင်ပေ။

ကိုအောင်နိုင်ဦးကမူ အရင်ကထက် နှင်းဥကို ဂရုစိုက်သလို အစစအရာရာ နှင်းဥကိုသာ ဦးစားပေးသဖြင့် အားလုံးက သူ့အကြောင်းကို သိခဲ့ကြသည်။ သို့ဖြင့် မခွန်းရင်းကလည်းရှိ ကန့်ကွက်စရာ ခင်းကလည်းငြိ ဆိုသလို အချစ်ခြင်း တူညီသော သူတို့နှစ်ဦးမှာ ချစ်သူဘဝသို့ ရောက်ရှိခဲ့သည်။

ဤတွင် သူတို့နှစ်ဦး ချစ်သူဖြစ်သည်ကို မကျေနပ်သူမှာ ချစ်ဦးဖြစ်သည်။

''နှင်းဥ ... နင်နဲ့ အခုရောက်လာတဲ့ သူဌေးလေးတို့ ချစ်ကြိုက်နေကြတယ်ဆို''

''အေး ... ဟုတ်တယ်'' နှင်းဥက မကွယ်ဝှက်ပဲ အမှန်တိုင်း ပြောလိုက်ရာ ...

''နင် အရင်တုန်းကပြောတော့ မြို့သားဆို မကြိုက်ဘူးဆို''

''အဲဒါက ... ဆန်နီအုန်းကိုပြောတာ''

''ကိုအောင်နိုင်ဦးက ဆန်နီအုန်းရဲ့ညီဆိုတော့ ဒီပုတ်ထဲက ဒီပဲပေါ့''

''မတူပါဘူးဟယ်။ ကိုအောင်နိုင်ဦးက စိတ်ထားကောင်းပါတယ်''

''နင်က ယောကျ်ားတွေအကြောင်း ဘယ်လောက်သိလို့လဲ။ မရသေးရင်တော့ မိန်းမတွေကို ဦးထိပ်တင်ထားတာ ရလည်းပြီးရော သူတို့ရဲ့ အကျင့်ဆိုးတွေ ပေါ်လာတော့တာပဲ''

''ကိုအောင်နိုင်ဦးက အရက်လည်းမသောက်ဘူး။ အလောင်း



www.burmeseclassic.com

www.burmeseclassic.com



အစား မိန်းမဘာမှ အရှုပ်အရှင်း မရှိဘူး''

''ဒါတွေက မိန်းမ မယူခင်နေပြတဲ့ ပြယုဒ်တွေပါ ယူပြီးရင် အကျင့်ဆိုးတွေ ပေါ်လာလိမ့်မယ်။ ဒီတော့ နင်သူနဲ့ အဆက်ဖြတ်လိုက်''

''ဟဲ့ ... ရည်းစားဖြစ်တာမှ တစ်လမပြည့်သေးဘူး။ ငါက ဘာဖြစ်လို့ အဆက်ဖြတ်ရမှာလဲ''

''ငါ တောင်းပန်ပါတယ်ဟာ။ နင် ငါ့ကို မချစ်လည်းရတယ်၊ မယူလည်း ရတယ်။ ဒါပေမယ့် ငါနင့်ကို တစ်သက်လုံး လုပ်ကျွေးမယ်၊ စောင့်ရှောက်မယ်။ နင်ကတော့ တစ်ခုပဲ ငါ့ကိုပြန်ပေးရမယ်။ အဲဒါက နင်ဘယ်သူ့ကိုမှ မယူရဘူး''

''ချစ်ဦး ... နင်ရူးနေလား။ နင့်လဲမယူဘဲနဲ့ နင်ကငါ့ကို ဘာဖြစ်လို့ လုပ်ကျွေးရမှာလဲ။ ငါလည်း အရွယ်ရောက်နေပြီပဲ ကိုယ့်အိုး ကိုယ့်အိမ်တော့ ထူထောင်ရမှာပေါ့''

''အေး ... နင်လင်ယူရင် ... ငါ့ကို အရင်သတ်သွား''

''ချစ်ဦးရယ် နင်နဲ့တော့ ခက်နေပါပြီ''

ချစ်ဦးက မကျေနပ်သောကြောင့် နှင်းဥမှာ ချစ်ဦးနှင့် ခပ်ရှောင်ရှောင်နေလိုက်သည်။ ကိုအောင်နိုင်ဦးကလည်း လူရည်လည်သည်၊ ချစ်ဦးနှင့်တည့်အောင်ပေါင်းကာ မြေပြိတ္တာကြီးများအကြောင်း ညောင်မှတ် ဆိတ်ပင်မှ သဘက်ကြီးအကြောင်း မေးမြန်းရင်း လိုက်လိုက်လျော ဆက်ဆံခဲ့သည်။

အရီးစွာကလည်း မြေပြိတ္တာကြီးများကို မြင်ဖူးသူဖြစ်၍ အာဘောင်အာရင်းသန်သန်နှင့် ပိုပိုမိုမိုပြောရာ ငါးခွဲသည့်ဝိုင်းတွင်





တငါးဝါးတဟားဟား ရယ်နေသည်။

''ကဲ ... နှင်းဥ ငါတို့ဘယ်တော့ စားရမှာလဲ''

ထွေးလှက ဤသို့မေးလိုက်ရာ နှင်းဥမှာ ရှက်သွေးဖြန်းသွားပြီး

''ထွေးလှရယ် လိုပါသေးတယ်''

''ညည်းကသာ လိုပါသေးတယ်ပြောနေ သူဌေးလေးက နောက်လရောက်ရင် သူ့မိဘတွေ ခေါ်လာမယ်လို့ ပြောတာ ငါကြားတယ်''

''ငါ့လည်း အဲဒီလိုတော့ ပြောတာပဲ။ ဒါပေမယ့် ဟိုတစ်ခါလို ဖြစ်မှာစိုးလို့ လူတွေကို သိပ်မပြောပဲ သိုသိုသိပ်သိပ် လုပ်မယ်လို့ ပြောတာပဲ''

''အေးပေါ့အေ။ ညည်းကိုယူမယ့် သူကလည်း မြွေကိုက်လို့ သေတယ်။ ကြိုက်တယ်ပြောတဲ့ လူကလည်း ညောင်ပင်သရဲနဲ့ တွေ့တယ် ဆိုတော့ သူဌေးလေးကလည်း ကြောက်လို့နေမှာပေါ့''

''ဟုတ်တယ်။ ဒါကြောင့် နောက်လမှာ သူ့မိဘတွေလည်းရောက် တစ်ခါတည်း မင်္ဂလာဆောင်လုပ်မယ်လို့ ပြောတာပဲ''

ချစ်ဦးက ငါးခွဲစင်၏အစွန်၌ထိုင်ကာ အမှိုက်ရှင်းနေသူမို့ နှင်းဥ ပြောသည်ကို အားလုံးကြားနေသည်။ ချစ်ဦးအဖို့ ဤကိစ္စကို မကြိုက် သော်လည်း အခြေအနေမဲ့ မျက်နှာမွဲဖြစ်၍ မည်သို့မျှ မဟန့်တား နိုင်ပေ။ သူသည် စိတ်မကောင်းရုံမှလွဲ၍ ဘာများတတ်နိုင်ပါမည်နည်း။ ချစ်ဦးသည် ဆန်နီအုန်းသေပြီး နောက်ပိုင်း၌ ငါးခြောက်လှမ်းစင်တွင် ညဘက်မစောင့် တော့ပေ။ သူ့အစား တာတီးကို ညဘက်၌ ငါးခြောက်လှမ်းစင်တွင် အစောင့်အဖြစ် ထားခဲ့သည်။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)
## "အဝေးဆုံးခရီးသို့"

ကိုအောင်နိုင်ဦးသည် မြေပြိုတ္တာကြီးတို့အကြောင်း သူတို့နှင့် ဆက်နွယ်၍ သေဆုံးသွား သူတို့အကြောင်းကို စဉ်းစားမိတိုင်းသူ အိပ် မပျော်ပေ။ လူတွေကို အသက်အန္တရာယ် ပေးနေသော မြေပြိုတ္တာကြီး များကို မြင်တွေ့လိုလှသည်။ ထိုကြောင့် ငါးခြောက်လှမ်းစင်တွင် အစောင့် ဖြစ်သူ တာတီးနှင့် ညတိုင်း စကားလာပြောလေ့ရှိသည်။ ညဆယ်နာရီ ကျော်မှသာ သူ့ဒွေးအိမ်သို့ ပြန်လေ့ရှိသည်။

"ကဲ ... တာတီးရေ မင်းလည်း အိပ်မနေနဲ့နော်။ မြေပြိုတ္တာကြီး တွေက တစ်နေရာမှာ ရှိနေသေးပုံရတယ်။ ငါးခြောက်တွေ လာဆွဲနိုင်တယ်"

"ဟုတ်ကဲ့ပါဆရာ။ ကျွန်တော် သေသေချာချာ စောင့်ပါ့မယ်။ ကျွန်တော့မှာ လေးနဲ့မြားလည်း ပါပါတယ်။ မအိပ်ဘဲ စောင့်ပါ့မယ်"

"အေး ... အေး။ ဆယ်နာရီထိုးပြီး ငါပြန်တော့မယ်"

"ဆရာရယ် နောက်ဆိုရင် အဖော်တစ်ယောက်လောက်တော့





ခေါ်လာခဲ့ပါ ဆရာ။ တစ်ယောက်တည်းဆိုတော့ အန္တရာယ်နဲ့တွေ့ရင် မလွယ်ဘူး"

"ငါ့အတွက်က အဖော်မလိုပါဘူး"

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ ဆရာရယ်။ တစ်ယောက်တည်းဆို သေလူ၊ နှစ်ယောက်ဆို ရှင်လူ၊ သုံးယောက်ပေါင်း လောင်းကျော်တဲ့"

"အေး ... အဲဒါ သတ္တိမရှိတဲ့ လူတွေပြောတာ။ ငါ့အတွက် ကတော့ တစ်ယောက်တည်းလဲ လောင်းကျော်ပဲ။ ဒီမှာ တုတ်ပါတယ်။ တုတ်သိုင်းနဲ့ ချလိုက်ရင် ပြီးတာပဲ"

"ဒါဆိုလည်း မပြောတော့ပါဘူး ဆရာရယ်။ ကောင်းကောင်း သွားပါ"

"အေးကွာ ... ငါသွားပြီ" ပြောပြောဆိုဆို နှစ်ပေခန့်ရှည်သော တုတ်ကိုကိုင်ကာ ငါးခွဲစင်မှ ထွက်ခွာလာခဲ့သည်။ ထိုမှ ကမ်းစပ်အတိုင်း လမ်းလျှောက်လာခဲ့သည်။ ညဉ့်ဆယ်နာရီကျော် အချိန်ဖြစ်၍ အတော် အတန် မှောင်နေသည်။ ကောင်းကင်ပြင်တွင် ရှစ်ရက်လ၏ အလင်းကြောင့် မှုန်းဝါးဝါး တွေ့နေရသည်။ သူသည် လက်နှိပ်ဓါတ်မီး အလင်းကို အားပြုလျှက် ခပ်မှန်မှန် လျှောက်သွားခဲ့သည်။ ထိုသို့ သွားရင်း သစ်ရွက်အုပ် ကောင်းလှသော သရက်ပင်ကြီးနားသို့ အရောက်တွင် သရက်ပင်ပေါ်မှ မည်းမည်းအကောင်ကြီး တစ်ကောင်ခုန်ချလိုက်သည်။ သူသည် နောက်သို့ ခြေတစ်လှမ်းဆုတ်ပြီး ထိုမည်းမည်းကောင်ကြီး၏ အရိပ်အခြေကို စောင့်ကြည့်လိုက်သည်။

မည်းမည်းကောင်ကြီးမှာ သာမာန်လူထက် အဆမတန်ဝဖြိုး



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ မျက်နှာကြီးမှာ ကြောက်မက်ဖွယ်ဖြစ်ပြီး အရုပ်ဆိုးလွန်းလှသည်။ သူသည် ချွန်ထက်နေသော လက်သည်းကြီးများကို ကားလိုက်စေ့လိုက် လုပ်ကာ ကိုအောင်နိုင်ဦးဆီသို့ တစ်လှမ်းချင်း လာနေသည်။

ကိုအောင်နိုင်ဦးမှာ သတိကြီးစွာထားပြီး ကြည့်နေစဉ်မှာပင် ထိုမည်းမည်းကောင်ကြီးမှာ သူနှင့် နီးကပ်သောနေရာကို ရောက်ရှိ လာခဲ့သည်။ ထို့နောက် မည်းမည်းကောင်ကြီးမှာ သူ့အား ခုန်အုပ်လိုက်ရာ သူက အသင့်ပါလာသော တုတ်ဖြင့် ရိုက်ချလိုက်သောအခါ ...။

"အား"

"ခွပ်"

"ခွပ်"

"ခွပ်"

"ခြောက်ချင်ဦးဟဲ့ သရဲ"

မြေပေါ်တွင် လဲကျသွားသော မည်းမည်းကောင်ကြီး၏ မျက်နှာဖုံးကို ဆွဲချွတ်လိုက်သောအခါ ...။

"ဟင် ... ချစ်ဦး"

သူအတော်ပင် အံ့အားသင့်သွားခဲ့သည်။

ထို့နောက် သူသည် ချစ်ဦး၏ လက်နှစ်ဖက်ကို လက်ထိပ်ခတ်လိုက်ရာ ချစ်ဦးက ...

"ကိုအောင်နိုင်ဦး ခင်ဗျားမှာ ဘာဖြစ်လို့ လက်ထိပ် ရှိနေတာလဲ"

"မင်းမေးစရာမလိုဘူး။ မင်းကရော ဘာဖြစ်လို့ သရဲဖြစ်ပြီး





ငါ့ကိုခြောက်လှန့်ရတာလဲ"

ထိုသို့ပြောပြီး သူ့တွင်ပါလာသော ဝီစီကိုမှုတ်လိုက်သောအခါ ထိုလမ်းတစ်လျှောက်တွင် ကင်းပုန်းဝပ်နေသော ရဲတပ်ဖွဲ့ဝင်များ ရောက်လာပြီး သူ့ကိုဖမ်းဆီးလိုက်သည်။

ထို့နောက် ကိုအောင်နိုင်ဦးက ချစ်ဦးအား ...

"မင်းက ငါ့ကိုသိပ်ပြီး သတ်ချင်နေတာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ငါ နှင်းဥနဲ့ ချစ်ကြိုက်တယ်ဆိုကတည်းက မင်းက ငါ့ကိုသတ် ချင်နေတာ မဟုတ်လား"

"ဟုတ်ပါတယ်"

"သူ့ရဲ့ လက်သည်တွေကြားမှာ အဆိပ်ရှိတယ်။ တပ်ဖွဲ့ဝင်တို့ သူ့ရဲ့လက်သည်းကို သတိထားပြီး ချွတ်ကြ။ နောက်ပြီး ဝတ်ရုံရှည်ကြီး လည်းချွတ်ပစ်" ဝတ်ရုံရှည်ကြီးနှင့် ကုတ်အင်္ကျီ အထပ်ထပ်ကို ချွတ်ပစ် ပြီးနောက် ချစ်ဦးကို သူကြီးအိမ်သို့ ခေါ်သွားခဲ့သည်။

"ကဲ ... သူကြီးရေ ... ဆန်နီအုန်းအပါအဝင် လူသုံးဦးကို သတ်တဲ့ တရားခံကို မိလာပြီ"

"ဟေ ... ဟုတ်လား။ အဲဒီ လူသတ်သမားက ဘယ်သူလဲ"

"ချစ်ဦးပါပဲ ခင်ဗျာ"

"ဟင် ... ချစ်ဦး ဟုတ်လား။ ဒီလောက်ကြောက်တတ်ပြီး ခြေမသန်တဲ့လူက လူသတ်သမား ဟုတ်လား ရဲအုပ်ကြီးရဲ့"

"ဟင် ... ဒါဆို ကိုအောင်နိုင်ဦးက ရဲအုပ်ကြီးလား"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးက အလန့်တကြား မေးလိုက်သည်။

"ဟုတ်တယ် ... ကိုချစ်ဦး။ ဒီရွာမှာဖြစ်နေတဲ့ လူသတ်မှုတွေကို ဖော်ထုတ်ဖို့ ရောက်လာတဲ့ ဒုရဲအုပ်ပဲ"

"ဒါဆိုရင် ခင်ဗျားရဲ့ အစ်ကိုကို သတ်လိုက်လို့ မကျေနပ်လို့ လာဖမ်းတာလား"

"တကယ်တော့ ကိုဆန်နီအုန်းနဲ့ ကျွန်တော်ဟာ ဘာမှ မတော်ပါဘူး။ လူသတ်မှုတွေအတွက် စစ်ဆေးချင်လို့ အတွင်းကိုဝင်ပြီး စုံစမ်းဖို့အတွက် ဆွေမျိုးတော်တယ်လို့ အကွက်ဆင်ထားတာ"

"ဆရာရယ် တကယ်တော့ ကျွန်တော် သတ်ချင်လို့ သတ်တာ မဟုတ်ပါဘူး။ ကျွန်တော့ကို သတ်ခိုင်းတဲ့ လူရှိနေလို့ပါ"

"ခင်ဗျားကို သတ်ခိုင်းတဲ့လူက ဘယ်သူလဲ"

"ကျွန်တော့ရဲ့ ဆရာကြီးပါ"

"သူက ဘယ်မှာနေတာလဲ"

"လိပ်ကျွန်းမှာ နေပါတယ် ဆရာ"

"ဒါဆိုရင် သူ့ဆရာကို ဖမ်းရမယ်။ စက်လှေနှစ်စီး အမြန်ရှာ ပြီးရင် တပ်ဖွဲ့ဝင် ဆယ်ဦးက ဆရာနဲ့ လိုက်ရမယ်။ ကျန်တပ်ဖွဲ့ဝင် ဆယ်ယောက်က ကျုန်တဲ့စက်လှေနဲ့လိုက်။ ကမ်းစပ်မှာစောင့်"

သူတို့အားလုံး စက်လှေနှစ်စီးဖြင့် လိပ်ကျွန်းသို့ သွားခဲ့သည်။ ကိုအောင်နိုင်ဦးနှင့် ချစ်ဦးတို့ပါဝင်သော ရဲတပ်ဖွဲ့ဝင်များက ကျွန်းပေါ်သို့ တက်သွားခဲ့သည်။ ကျန်တစ်စီးမှာမူကား ကမ်းစပ်တွင် လက်နက်အပြည့်နှင့် ကျန်ရစ်ခဲ့သည်။ ဤသို့ ကျန်ခဲ့ခြင်းမှာ အကြောင်းရှိသည်။ ချစ်ဦး၏





ဆရာကြီးပြေး ထွက်လာပါက အသင့်ဖမ်းဆီးနိုင်အောင် စောင့်နေခြင်း ဖြစ်သည်။

"ကဲ ... ချစ်ဦး။ မင်းရှေ့က လမ်းပြပေတော့"

"ဟုတ် ... ဟုတ်ကဲ့ဆရာ"

ချစ်ဦးက ကျွန်းအလယ်ရှိ ကျောက်ဖျာကြီးရှိရာသို့ ခေါ်သွားပြီး ...

"ဆရာကြီး ... ထွက်ခဲ့ပါ"

"ဆရာကြီး ... ထွက်ခဲ့ပါ"

ဤသို့ အော်ဟစ်ခေါ်ပြီး ခေတ္တမျှ စောင့်ဆိုင်းနေခဲ့သည်။

"ဟော ... ဟိုမှာ ဆရာကြီးလာပြီ"

"ဘယ်မှာလဲ"

"ကျောက်ဖျာပေါ်ကို တက်လာပြီ"

ထိုသို့ပြောပြီး သူလည်း ကျောက်ဖျာဆီသို့ အပြေးသွားပြီး ကျောက်ဖျာရှေ့တွင် ဒူးထောက်လိုက်ပြီး ...

"ဆရာကြီး ... ဆရာကြီး ခိုင်းတာလိုက်လုပ်တာ အခုလူတွေ သေလို့ ကျွန်တော် အဖမ်းခံရပြီ ဆရာကြီး ကယ်ပါဦး"

ချစ်ဦးက ဒိုသံပါကြီးနှင့်ပြောပြီး မျက်ရည်ဖြိုင်ဖြိုင် ကျလာခဲ့သည်။ ကိုအောင်နိုင်ဦးတို့ အဖွဲ့မှာ ထိုနေရာကို ကြည့်သော်လည်း မည်သည့် အရာကိုမျှ မမြင်သဖြင့် လက်နှိပ်ဓါတ်မီးနှင့် ထိုးကြည့်လိုက်သည်။ သို့သော် လက်နှိပ်ဓါတ်မီး ထိုးလိုက်သည့် အရှိန်ကြောင့် ကျောက်တုန်းကြီး၏ မျက်နှာပြင်မှ လချေးကွဲသို့ အရာဝတ္ထုမှ အလင်းရောင်များ ပြန်နေသည် မှတစ်ပါး အခြားမရှိချေ။ ထိုအခါ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ချစ်ဦးအား ...



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် ဘယ်မှာလဲ မင်းဆရာကြီး။ ဘာမှလဲမရှိဘဲ လျှောက်ပြောမနေနဲ့"

"ဆရာကြီး ... သူတို့က ဆရာကြီးကို မမြင်ရဘူးတဲ့ ဖုံးကွယ်မထားပါနဲ့။ သေသေချာချာပြပါ... ဟောဟိုမှာ ဆရာကြီးက ရယ်ပြနေတယ်"

ချစ်ဦးက ဤသို့ပြောလိုက်သော်လည်း ထိုနေရာတွင် ကျောက်တုန်းကြီးမှလွဲ၍ ဘာမှမရှိချေ။ ထိုအခါ ရဲတပ်ဖွဲ့ဝင် တစ်ဦးက ထပ်ပြီး ...

"ဟေ့ကောင် ... မင်းမူယာမာယာတွေလုပ်ပြီး လျှောက်ပြောမနေနဲ့"

"မူယာမာယာတွေ မလုပ်ပါဘူး။ ဟိုမှာ ဆရာကြီးရှိနေတာပဲ။ ကျုပ်တောင် တွေ့သေးတယ်။ ခင်ဗျားတို့က ဘာဖြစ်လို့ မတွေ့ရတာလဲ"

ထိုအခါ ကိုအောင်နိုင်ဦးက ကျောက်ဖျာကြီးပေါ်သို့ တက်သွားပြီး ကျောက်တုန်းကြီး၏ ရှေ့တွင်ရပ်ကာ လေထဲတွင် လက်ထိပ်နှင့် ချောက်ကာနဲ့ခတ်လိုက်သည်။

"ကဲ ... ကိုချစ်ဦး ... ခင်ဗျားရဲ့ ဆရာကြီးကို ကျုပ်တို့ ဖမ်းလိုက်ပြီ တွေ့လား"

"ဟုတ် ... ဟုတ် တွေ့ပါတယ်"

"ကဲ ... ခင်ဗျားရဲ့ ဆရာကြီးကို ကျွန်တော်တို့ ရဲတပ်ဖွဲ့က ဖမ်းလိုက်ပြီဆိုတော့ အဖြစ်အပျက်အမှန်ကို ခင်ဗျားပြောရမယ်။ ကြောက်စရာ မလိုတော့ဘူး"

"ဟုတ် ... ဟုတ်ကဲ့ ပြောပါ့မယ်"





ကိုအောင်နိုင်ဦးက ဘာမျှမရှိသောအရာကို လက်ထိပ်ခတ်လိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်များက အံ့ဩနေကြသည်။ ကိုအောင်နိုင်ဦးက သူ၏ တပ်ဖွဲ့ဝင်များကို ခေါင်းခါရမ်းပြလိုက်ပြီး ...။

"ကဲ ... ကိုချစ်ဦး။ ခင်ဗျား သူတို့ကို ဘယ်လိုသတ်ခဲ့သလဲ ဆိုတာ ပြောပေတော့"

"အဖြစ်က ဒီလိုပါ။ ကိုဆန်နီအုန်းက နှင်းဥကို ဆွဲလားရမ်းလား လုပ်လို့ ကျွန်တော်ကအရင် သူ့ကိုထိုးလိုက်မိတယ်။ အဲဒါကို ဆန်နီအုန်းက မကျေမနပ်ဖြစ်ပြီး ကြိုးတုတ်ပြီး ဝိုင်းရိုက်ခဲ့ကြတယ်။ နောက်တော့ ကျွန်တော သတိမေ့သွားတုန်းမှာ လှေနဲ့တင်ပြီး မျှောလိုက်တယ်။ သတိရလို့ကြည့်လိုက်တော့ ကျွန်တော်ဟာ လိပ်ကျွန်းကို ရောက်နေခဲ့တယ်"

ထိုသို့အစချီကာ ကျောက်ဖျာကြီးပေါ်သို့ ကျောက်တုန်းကြီး ရောက်လာပုံမှအစ မြွေပြိတ္တာကြီးများ အဆိပ်အန်ပုံကိုပါ အသေးစိတ် ပြောပြခဲ့သည်။

"အဲဒီကျောက်တုန်းကြီးက အရောင်တွေတလက်လက် ထွက်လာလို့ ကြည့်လိုက်တော့ ကျောက်တုန်းကြီးရဲ့ရှေ့မှာ အဲဒီဆရာကြီး ရောက်နေတယ်။ ဆရာကြီးက ကျွန်တော့ကို မင်းဘာဖြစ်နေတာလဲလို့ မေးတယ်။ အဲဒီအခါမှာ ကျွန်တော်က ...

"ကိုဆန်နီအုန်းက ကျွန်တော့ကို မတရားရိုက်နှက်ပြီး လှေနဲ့ မျှောလိုက်တယ်"

ထိုသို့ပြောလိုက်ရာ ဆရာကြီးက ...။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်းက ငြိမ်ပြီးခံနေရသလား"

"ကျွန်တော် မခံပါဘူး ဆရာကြီး။ ဒီလိုလုပ်တာ မကျေနပ်လို့ သူကြီးကိုတိုင်မလို့"

"ဟော့ကောင် ကြောက် ... ဘာမှသူကြီးကို တိုင်နေစရာ မလိုဘူး။ ဒီကောင်ကို မင်း ရှင်းပစ်လိုက်"

"ကျွန်တော် မလုပ်ရဲဘူး ဆရာကြီး"

"ဘာလို့ မလုပ်ရဲရမှာလဲ။ ငါ မင်းကို ရဲဆေးတင်ပေးလိုက်မယ်။ မင်းသတ်တာလည်း ဘယ်သူမှ မသိစေရဘူး"

"ဒါဆို လုပ်စမ်းပါဦး ဆရာကြီး။ ကျွန်တော့်ရဲ့ စိတ်ထဲကတော့ သူ့ကို သိပ်ပြီး သတ်ချင်တာပဲ"

"အေး ... ဒါဆို မင်းရေထဲက ခူးယ်လာတဲ့ သေတ္တာကြီးကို ဖွင့်လိုက်စမ်း"

"ဟုတ်ကဲ့ ... ဖွင့်လိုက်ပါပြီ ဆရာကြီး"

"အဲဒီထဲမှာတွေ့လား။ ကုတ်အင်္ကျီတွေနဲ့ လောင်းကုတ် အရှည်ကြီးတွေ"

"တွေ့ပါတယ် ဆရာကြီး"

"မင်းရဲ့ အင်္ကျီအပေါ်က ကုတ်အင်္ကျီတွေ ထပ်ဝတ်လိုက်၊ ပြီးရင် လောင်းကုတ် အင်္ကျီကိုဝတ်လိုက်၊ ဒါဆိုရင် မင်းရဲ့ခန္ဓာကိုယ်ဟာ အဆမတန်ကြီးထွားသွားပြီ"

"ဟုတ်ကဲ့ပါဆရာကြီး"

"အေး ... ဟုတ်ပြီ။ မင်း အဲဒီအင်္ကျီတွေ ဝတ်ပြီးပြီဆိုရင်





အဲဒီသေတ္တာထဲမှာပါတဲ့ ကြောက်စရာကောင်းတဲ့ မျက်နှာဖုံးကို စွပ်လိုက်။ ပြီးရင် အဲဒီမှာရှိတဲ့ သံလက်သည်းရှည်ကြီးတွေကို တွေ့လား"

"ဟုတ်ကဲ့ ... တွေ့ပါတယ် ဆရာကြီး"

"အဲဒီ သံလက်သည်းရှည်ကြီးမှာ လက်ညှိုးနဲ့ လက်မကို ဟိုမှာ အန်ထားတဲ့ မြွေအဆိပ်တွေနဲ့ တို့လိုက်"

"တို့ပြီးပြီ ဆရာကြီး"

"အေး ... ဒါဆို မင်းတို့ရွာကိုပြန် ပြီးရင် ဆန်နီအုန်းကို ချောင်းပြီး အဲဒီလက်သည်းနဲ့ ထိုးလိုက်ပေါ့ ဒါဆို ပွဲပြီးပြီပဲ"

"ဟုတ်လိုက်လေ ဆရာကြီးရာ"

ဤသို့ဖြင့် ဆန်နီအုန်းကို ထိုအဆိပ်လူးထားသော သံချွန် လက်သည်းဖြင့် ထိုးသတ်လိုက်သည်။

ဆန်နီအုန်း သေမှုသေခင်းကို စစ်ဆေးသောအခါ အဆိပ်ပြင်းသော သတ္တဝါတစ်ကောင်ကောင်ကြောင့် သေဆုံးခြင်းဖြစ်သည်ဟူသော အဖြေ ထွက်လာခဲ့သည်။ ဤတွင် ဆရာကြီးက ...

"မင်းကို ငါပြောတယ် မဟုတ်လား။ ငါ ပေးတဲ့အကြံအတိုင်း လုပ်ရင် ဘယ်သူမှ မသိနိုင်ဘူး"

ဤသို့ပြောသဖြင့် သူ့အား ကြိုးတုတ်ရိုက်ခဲ့သော အောင်ကြီးနှင့် ခင်မြင့်တို့ကိုလည်း ဤနည်းဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သည်။ ထို့နောက် တမာကုန်းရွာသား စိုးအောင်က နှင်းဥကို စော်ကားမော်ကား ပြောဆို ပြန်ရာ သူ့အား ဆရာကြီးက သတ်ခိုင်းခဲ့သည်။

သို့သော် စိုးအောင်ကပင် ကံကောင်း၍လား မပြောတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



စိုးအောင်အား သတ်ဖြတ်ရန် ကြံစည်ခဲ့ရာ သူ၏ အကြံအစည်မှာ မအောင်မြင်ခဲ့ပေ။ သို့သော်လည်း သဘက်သရဲခြောက်သည်ဆိုသည့် သတင်းစကားများ ပြန့်နှံ့သွားတော့သည်။

ချစ်ဦးထံမှ ဖြောင့်ချက်ကို ရယူပြီးနောက် ပင်လယ်ဒိတ်ရွာသို့ ပြန်ခေါ်လာကာ သူကြီး၏အိမ်တွင် ဤတစ်ညတာအတွက် ချုပ်နှောင်ထားခဲ့သည်။

ဆန်နီအုန်း သေမှုသေခင်းကို စစ်ဆေးသောအခါ အဆိပ်ပြင်းသော သတ္တဝါကြောင့်ဟု အဖြေထွက်သည့်နည်းတူ အောင်ကြီးနှင့် ခင်မြင့်တို့ နှစ်ယောက်၏ သေဆုံးမှုမှာလည်း ထိုနည်းအတိုင်း ဖြစ်နေသည်။ ထိုအခါ ရဲတပ်ဖွဲ့ဝင်၏ အကြီးအကဲများမှာ ဤကိစ္စနှင့် ပတ်သက်ပြီး သံသယဝင်ခဲ့သည်။ ထို့နောက် စိုးအောင် သရဲခြောက်သည့် ကိစ္စပေါ်လာပြန်ရာ အထူးစုံစမ်းစစ်ဆေးရန်အတွက် ဒုရဲအုပ် "အောင်နိုင်ဦး"ကို တာဝန်ပေးခဲ့သည်။ ကိုအောင်နိုင်ဦးသည် ဤကိစ္စကို အနီးကပ် စစ်ဆေးနိုင်ရန်အတွက် ကိုဆန်နီအုန်း၏ ညီတစ်ဝမ်းကွဲအဖြစ် ရောက်ရှိလာခဲ့သည်။ ၎င်း စုံစမ်းစစ်ဆေးမှုအရ ချစ်ဦးမှာ အဖြစ်နိုင်ဆုံး လူသတ်သမားဟု ယူဆသဖြင့် သူကြီးအား အကြောင်းကြားပြီးနောက် ရဲတပ်ဖွဲ့ဝင်များကို ကင်းပုန်းဝပ်ကာ စောင့်ကြည့်နေခဲ့သည်။

သို့သော် ချစ်ဦးကို ကြာကြာမစောင့်ရပေ။ နှင်းဥနှင့် မကြာခင်မှာ လက်ထပ်တော့မည်ဟု ဆိုသည့်အတွက် ချစ်ဦးက သူ့ကိုသတ်ရန် ကြံစည်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ချစ်ဦးမှာ ယခုလို ဖမ်းဆီးခြင်းခံရသည်။ ဤတွင် ပြဿနာတစ်ရပ် ရှိနေသည်။ ဤကိစ္စနှင့် ပတ်သက်ပြီး သူကြီးနှင့်





ကိုအောင်နိုင်ဦးတို့ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

"မောင်ချစ်ဦးလို ခြေတစ်ဖက်မသန် ကြောက်လည်း ကြောက်တတ်တဲ့ လူတစ်ယောက်ဟာ လူတွေကို လိုက်သတ်ခဲ့တယ် ဆိုတာ သူပြောလို့သာ ယုံရတယ်၊ ဘယ်လိုမှ မယုံနိုင်ဘူး"

သူကြီးက ကွမ်းဝါးရင်း သူ့ကိုပြောလိုက်သည်။

"ဟုတ်ပါတယ် သူကြီး။ ကိုချစ်ဦးက သူသတ်တာတယ် ဆိုတာကို မငြင်းဘူး။ ဒါပေမယ့် ဆရာကြီးက ခိုင်းလို့ လုပ်တာပါလို့ ပြောတယ်"

"အဲဒီဆရာကြီးက ဘယ်သူလဲ"

"တကယ်တော့ ဆရာကြီးဆိုတာ ဘယ်သူမှလည်း မဟုတ်ဘူး။ ရှိလည်းမရှိဘူး"

"ဆရာအောင်နိုင်ဦး ပြောတာ ဦးလေးတော့ နားမရှင်းဘူးကွယ်"

"တကယ်တော့ သူဟာ စိတ္တဇ လူသတ်သမား ဖြစ်ပုံရတယ်။ မရှိတာကို အရှိမြင်ပြီး သူသတ်ချင်ပေမယ့် မသတ်ရဲတဲ့ကိစ္စ အပေါ်မှာ ဆရာကြီးက ညွှန်ကြားတယ်လို့ စိတ်မှာထင်နေတာ"

"ဩော် ... ဒီလိုမျိုး တစ်ခါမှတော် မကြားဖူးပါဘူး"

"ဟုတ်ပါတယ်။ တကယ်တော့ သူဟာ ယဉ်ယဉ်လေးနဲ့ ရူးနေပုံရတယ်။ ဖြစ်ချင်တော့ အဝတ်အစားတွေ၊ မျက်နှာဖုံးတွေနဲ့၊ သံချွန်လက်သည်းတွေပါတဲ့ ဓာတ်သေတ္တာကြီးတစ်လုံးက ရေထဲမျောလာတယ်။ အဲဒါတွေ တွေ့ထားတာရယ် နောက်ပြီး ကျောက်တုန်းကြီးက အရောင်တွေ ထွက်လာတာရယ်ပေါင်းပြီး လူသတ်ချင်တဲ့စိတ်က ဆရာကြီးတစ်ယောက် ရှိတယ်ဆိုပြီး ဖြစ်ပေါ်လာပုံရတယ်။ ဟုတ်မဟုတ်တော့ ရန်ကုန်ရောက်ရင်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီးနဲ့ ပြပေးရမယ်။ ဒါမှ အမှန် သိရမှာပဲ''

''ဆရာပြောတာ ဖြစ်နိုင်ပါတယ်။ ငယ်ငယ်လေးကတည်းက ဒီကောင်လေးက ရူးနှမ်းနှမ်းနဲ့။ တစ်ခါတစ်ခါ သူဘာလုပ်လို့ လုပ်မိမှန်း တောင်သိတာ မဟုတ်ဘူး''

''ကဲ ... ဒါဆိုရင် မနက်ဖြန်မှာ သူ့ကို ရန်ကုန်ကို ခေါ်သွားတော့မယ်''

''ဟုတ်ကဲ့ပါ ဆရာရယ်''

သို့ဖြင့် ထိုတစ်ညအတွက် သူကြီးအိမ်၌ ချုပ်နှောင်ထားခဲ့သည်။

နံနက်မိုးသောက် အလင်းရောက်သောအခါ ...။

''ချစ်ဦးကို လူသတ်မှုနဲ့ ဖမ်းလိုက်ပြီတဲ့''

ထိုသတင်းမှာ ပင်လယ်ဒိတ်ရွာ တစ်ရွာလုံး၌ ပျံ့နှံ့သွားခဲ့သည်။ ကြားရသူ အပေါင်းမှာ မည်သို့မျှ မယုံနိုင်ပေ။ နှင်းဥတို့ အရီးစွာတို့ လူသိုက်မှာ ထိုစကားကြားသောအခါ လွန်စွာအံ့ဩပြီး သူကြီး၏ အိမ်သို့ ရောက်လာခဲ့သည်။

''ချစ်ဦး ... ချစ်ဦး''

''နှင်းဥ ... နှင်းဥရယ် ငါကိုကယ်ပါဦး။ ငါ့ကို ကိုအောင်နိုင်ဦးက ဖမ်းလိုက်တာ''

''ဟင် ... ဟုတ်လား''

''ဟုတ်တယ် ... နင့်ကို ကိုအောင်နိုင်ဦးက ကြိုက်တယ်ဆိုတာ မယုံနဲ့သိလား''



BURMESE CLASSIC .com



''ဟဲ့ ... ဘာဖြစ်လို့လဲ''

''သူက သူဌေးလေး မဟုတ်ဘူး။ မြို့ပေါ်က ငါ့ကိုဖမ်းဖို့ ရောက်လာတဲ့ ရဲအရာရှိပဲ''

''ဟင် ... ဟုတ်လား''

''ဟုတ်တယ်။ နင့်ကိုကြိုက်တယ်ဆိုတာ ညာပြောတာ''

''ဟောတော့''

ထိုစဉ် သူကြီးက ခေါ်လိုက်သဖြင့် နှင်းဥလည်း သူကြီး၏ အိမ်ပေါ်သို့ တက်လာခဲ့ရာ ကိုအောင်နိုင်ဦးကို အခန့်သင့်တွေ့လိုက်ရသည်။

''ဟင် ... အစ်ကို ... အစ်ကိုက ရဲအရာရှိဆို''

''ဟုတ်ပါတယ်။ ကိုချစ်ဦးက အော်ပြောနေလို့ နှင်းဥကို တမင် ခေါ်နိုင်းလိုက်တာ''

''ဒါဆို အစ်ကိုက နှင်းဥကို လက်ထပ်မယ်ဆိုတာက ချစ်ဦးရဲ့ စိတ်ကိုဆွလိုက်တာပေါ့ ဟုတ်လား။ တကယ် မဟုတ်ဘူးပေါ့''

''အဲဒီ ကိစ္စရှင်းပြပါ့မယ်။ အစ်ကိုက ချစ်ဦးပြောတဲ့အတိုင်း ရဲအရာရှိဆိုတာလဲ မှန်တယ်။ ချစ်ဦးရဲ့ စိတ်ကိုဆွပေးလိုက်တာလဲ မှန်တယ်''

''ဟောတော့''

နှင်းဥမှာ ငိုမဲ့မဲ့ကလေးဖြစ်သွားရာ သူကြီးက ...

''ဒီကိစ္စကို ငါရှင်းပြမယ်။ ကိုအောင်နိုင်ဦးက ဒီရွာကို ရောက်လာပြီး တရားခံဖမ်းဖို့လာတဲ့အကြောင်း သူပြောပြတယ်။ ဒါပေမယ့် တရားခံက ချစ်ဦးဖြစ်မယ်မှန်း ငါမသိခဲ့ဘူး။ လွန်ခဲ့တဲ့တစ်လက ကိုအောင်နိုင်ဦးက



www.burmeseclassic.com

www.burmeseclassic.com



နင်နဲ့သူတို့ချစ်သူတွေ ဖြစ်သွားတဲ့အကြောင်း နောက်ပြီး လက်ထပ်ယူမယ့် အကြောင်း ငါ့ကိုပြောထားပြီးသား''

''ရှင် ... ကျွန်မတော့ ဘာမှ နားမလည်တော့ဘူး''

ဤတွင် အရီးစွာက ...

ဟဲ့ ... နှင်းဥရဲ့ အဲဒီစကားတွေ ငါနားလည်တယ်။ ဆရာက ရှေ့ကပြောတာတွေက ဟန်ဆောင်တာ နင့်ကိုချစ်တယ်၊ လက်ထပ်မယ် ဆိုတာက တကယ်''

''ဟုတ်တယ် ... ဟုတ်တယ်။ အရီးစွာပြောတာ အမှန်တွေ ကြီးပဲ''

''ဟော့တော့ ... အားလုံးက ရှက်စရာတွေ ဖြစ်ကုန်ပါပြီရှင်''

နှင်းဥမှာ ခေါင်းမဖော်ဝံ့အောင် ရှက်လွန်းသဖြင့် ခေါင်းကို ငုံ့ထားလိုက်သည်။

''ကဲ ... ကဲ၊ မနှင်းဥတို့ ဦးလေးပြောမယ်။ ဒီကိစ္စဟာ ရှက်စရာ မဟုတ်ပါဘူး။ ခုရုပ်မှ နောင်ရှင်းမှာပါ မကြာခင် ဆရာက သူ့မိဘတွေခေါ်လာပြီး တောင်းရမ်းယူလိမ့်မယ်။ အဲဒီအကြောင်းကို နင့်အမေကို ငါအရင်ပြောထားပြီး နားဖောက်ထားပါ့မယ်။

သူကြီးက ဤသို့ ရှင်းပြလိုက်သည်။

''ဒါဆိုရင် နှင်းဥ ပြန်တော့မယ်''.

''ညီမရယ် မပြန်ပါနဲ့ဦး။ မကြာခင်မှာ ကိုချစ်ဦးကို ရန်ကုန်ကို ခေါ်သွားရမယ်''

ကိုအောင်နိုင်ဦးက နှင်းဥကို မပြန်ရန် တားလိုက်သဖြင့် နှင်းဥရော





အရီးစွာပါ ပြန်ထိုင်နေလိုက်ကြသည်။

မကြာမီအချိန်တွင် ... ချစ်ဦးကို ရန်ကုန်သို့ပို့ရန် လှေဆိပ်သို့ ခေါ်လာခဲ့သည်။

''နှင်းဥရေ ... နှင်းဥ၊ သူတို့ ငါ့ကို ဖမ်းသွားကြပြီ''

ငိုသံပါကြီးနှင့် အော်ပြောလိုက်ရာ နှင်းဥရော အရီးစွာပါ ချစ်ဦး ဆီသို့ အပြေးလာခဲ့ကြသည်။

''အရီးစွာရယ် ကျွန်တော့်ကို ကယ်ပါဦး''

''အေးပါချစ်ဦးရယ်၊ ငါရန်ကုန်ကို လိုက်လာခဲ့ပါဦးမယ်''

- ချစ်ဦးတစ်ကိုယ်လုံးမှာ တုန်ယင်နေသဖြင့် အရီးစွာမှာ လွန်စွာ စိတ်မကောင်းဖြစ်နေသည်။

''နှင်းဥရယ် နင်လည်း ငါ့ကို ပစ်မထားပါနဲ့ဟာ။ ငါက သူတို့ကို မသတ်ရဲပါဘူး။ နင့်ကို မတရားလုပ်တာ မခံချင်လို့ ဆရာကြီးကို ပြောလိုက်တာ သူက ငါ့ကို သတ်ခိုင်းလို့ပါ။ နင်ယုံကြည်ပေးပါ နှင်းဥရယ်''

''ငါယုံပါတယ် ချစ်ဦးရယ်''

''နှင်းဥရယ် ငါနင့်ကို အရမ်းချစ်လွန်းလို့ပါ။ ငါ့ကို မြို့က တရားသူကြီးတွေက သတ်မိန့်ချမယ် ထင်ပါရဲ့ဟာ''

''ချစ်ဦးရယ် ... နင် အဲဒီလို မပြောပါနဲ့၊ ငါရင်တွေ နာလွန်းလို့ပါ''

နှင်းဥမှာ ပြောရင်းဆိုရင်း မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာခဲ့သည်။ တကယ်တော့ ချစ်ဦးအကြောင်းကို နှင်းဥ အသိဆုံးပါ မွေးဖွားစဉ်အခါကပင် အလွန်ညီစော်နံနေသော ငါးခွဲစင်၌ မွေးဖွား



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။ ထိုအန့်အသက်ဆိုးတို့သည် မွေးကင်းစကလေးငယ်၏ ဦးနှောက်ပွံ့ဖြိုးမှုကို ထိခိုက်ပုံရသည်။ ထို့နောက် လသားအရွယ် ရောက်ပြန်တော့ ပုခက်ထဲမှ ခဏခဏလိမ့်ကျပြီး ဦးခေါင်းကို ထိခိုက်သလို ခြေထောက်တစ်ဖက်မှာလည်း နိမ့်သွားခဲ့သည်။

သူကြီးပြင်းလာသောအခါ မိဘမရှိတော့သဖြင့် သူဌေးအိမ်တွင် အခိုင်းအစေသာသာနေရင်း အနှိမ်ခံခဲ့ရသည်။ အားလုံးပေါင်းတော့ ယဉ်ယဉ်လေးရူးနေသည်။ ထို့ကြောင့် သူ့ကို ကျပ်မပြည့်ဟူ၍လည်းကောင်း ဆယ်ပြားဟူ၍လည်းကောင်း ခေါ်ခဲ့ကြသည်။

အရွယ်ရောက်သောအခါ သူချစ်သော နှင်းဥအတွက် ရင်ဆိုင်ရသည်မှာ စိတ်ညစ်စရာအပြည့်နှင့် ...။ သူထွက်ပေါက်ရှာသောအခါ အပြင်တွင် အမှန်တကယ်မရှိသည့် ဆရာကြီးကို သူမြင်ခဲ့သည်။ သူ၏ ညွှန်ကြားမှုကြောင့် လူသတ်ရပါသည်ဟု ဆို၏။ ဥပဒေက သူ့ကို မကြာမီ အဆုံးအဖြတ်ပေးတော့မည်။

ချစ်ဦးကို လှေဆိပ်သို့ ခေါ်သွားခဲ့ကြပြီ။ တစ်ရွာလုံးမှာ ချစ်ဦးကို ခင်မင်နေသူများဖြစ်၍ မည်သို့မျှ စိတ်မချမ်းသာခဲ့ကြပေ။ ချစ်ဦးကမူ တစ်လမ်းလုံး အော်ဟစ်၍ လိုက်ပါသွားခဲ့သည်။ ထို့နောက် သူ့ကို စက်လှေပေါ်သို့တင်ကာ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ဒုရဲအုပ်အောင်နိုင်ဦး လှေပေါ်သို့ တက်လိုက်သည်။ သူ့ခြေလှမ်းများကလည်း တုန်တုန်ရီရီ မျက်နှာပြင်တစ်ခုလုံး ဇောချွေးများပြန်နေသည်။ သူသည် အလွန်ညှိုးရော် နေသော မျက်နှာနှင့် ...။

"နှင်းဥရေ ... သူတို့ငါ့ကို ခေါ်သွားကြပြီ။ ဒီနေ့ဟာ နင့်





ငါ့ရဲ့နောက်ဆုံးနေ့ပဲ။ ငါ ... ဟိုရောက်ရင် သူတို့ ငါ့ကို သတ်တော့မှာ"

ငိုသံပါကြီးနှင့် ပြောလိုက်ရာ နှင်းဥမှာ ဝမ်းနည်းကြေကွဲစွာဖြင့်...

"ချစ်ဦး ... နင့်ကို ဘယ်သူမှ မသတ်ပါဘူး ချစ်ဦးရယ်"

ဤသို့ စိတ်ဖြေနိုင်မည့် စကားဖြင့် အားပေးလိုက်သည်။

သည်တွင် ချစ်ဦး၏ ပါးပြင်ပေါ်၌ မျက်ရည်ဥများ တလိမ့်လိမ့် ကျဆင်းလာပြီး ...

"နှင်းဥရယ် ... ငါ့ကို သူတို့ မသတ်ရင်လည်း ငါနင့်ကို မတွေ့ရလို့ လွမ်းတဲ့ဒဏ်ကြောင့် သေမှာပါ"

ချစ်ဦး၏ ရင်ထဲ အသည်းထဲမှ ပြောလိုက်သည့် စကားသံကြောင့် နှင်းဥမှာ မည်မျှခံစားရသည်ကို ပြောမပြနိုင်အောင် ရင်ဘတ်တွင် စူးအောင့်လာသည်။

ထိုစဉ် စက်လှေကလေးမှာ စတင်စက်နှိုးလိုက်သည်။

"ဝရီး ... ထုံး ... ထုံး" စက်သံများ ဆူညံစွာ ပေါ်ထွက်လာခဲ့သည်။

"နှင်းဥရေ ... ငါသွားတော့မယ်။ ဒီတစ်လောကလုံးမှာ နင့်ကို အချစ်ဆုံးက ငါပါ။ နင်မှတ်ထားနော်"

"အေးပါ ... ချစ်ဦးရယ်"

"နင့်ကြောင့် ငါသေရလည်း ငါကျေနပ်ပါတယ်။ သေလည်း သေပျော်ပါတယ်ဟာ"

ထို့နောက် ချစ်ဦး၏ ပြောစကားများမှာ စက်လှေကလေး၏



www.burmeseclassic.com

www.burmeseclassic.com



ဆူညံသောစက်သံများ လွှမ်းမိုးသွားသည့်အတွက် အသံများ ပျောက်ကွယ်သွားခဲ့သည်။ စက်လှေကလေးသည်၊ ထုံးထုံးထိုင်းထိုင်းဟူသော ဆူညံသံများနှင့်အတူ ကမ်းစပ်မှ စတင်ထွက်ခွာစပြုခဲ့ပြီ။

ဒုရဲအုပ်အောင်နိုင်ဦးက နှင်းဥကို လက်ကလေး ဝှေ့ယမ်းပြလိုက်သည်။ နှင်းဥမှာ ဘာကိုမှ မြင်နိုင်စွမ်း မရှိတော့ . . .။ စက်လှေကလေးမှာ တစတစကမ်းနှင့် တဖြည်းဖြည်း ဝေးသွားခဲ့ပြီ။ တစ်ချိန်လုံး တင်းထားသမျှ စိတ်ကိုလျှော့လိုက်သောအခါ သူမ၏ပါးပြင်ထက်တွင် မျက်ရည်များ ဖြိုင်ဖြိုင်ကျဆင်းလာခဲ့သည်။

"ချစ်ဦးရယ် နှင်ဟာ ငါ့အတွက် အချစ်တတ်ဆုံးလူပါ။ ဒါပေမယ့် ငါတို့နှစ်ယောက်ဟာ အဖြူရောင် သူငယ်ချင်း အဆင့်မှာပဲ ရှိခဲ့တာ။ အဲဒါက ငါတို့ နှစ်ယောက်ရဲ့ ကံကြမ္မာပါပဲ။ နောင်ဖြစ်လေရာ ဘဝတိုင်းမှာ ဒီလိုအဖြစ်ဆိုးမျိုးက ကင်းဝေးပါစေလို့ ငါဆုတောင်းပေးလိုက်ပါတယ်"

ထိုစက်လှေကလေးကား မြင်ကွင်းမှ ပျောက်ကွယ်သွားလေပြီ။

တစ . . . တစ . . . အဝေးဆုံးခရီးသို့ . . .။

သိုက်ဖွား

အိုယွန်းယုဉ်စာပေ

ချမ်းမြေ့ရိပ်မြိုင်ကျောင်းဆရာတော်

**အရှင်တေဇောသာရ(ပဲခူး)**

မဇ္ဈိမနိကာယဘာသာဋီကာပါရဂူ

ဓမ္မကထိက

ဥသျှောင်မြို့သစ်၊ ပဲခူးမြို့။

ဖုန်း ၀၉-၅၃၀၁၄၆၅၊ ၀၅၂-၃၀၀၇၂

ဘဝကို ဓမ္မနဲ့ အလှဆင်နိုင်ကြပါစေ

ပင်ရင်းဓမ္မလက်ကမ်းစာစဉ်

အိုယွန်းယုဉ်စာပေ

အမှတ် ၅၈၊ ဓမ္မိကဝတီလမ်း၊

စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉-၅၁၆၆၁၄၀၊ ၀၉-၄၃၀၉၅၇၂၀

www.burmeseclassic.com

www.burmeseclassic.com

